ကြေးမုံ
The Mirror
Established in 1957
၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်၊ စနေနေ့ (29-3-2014) (၇၇၉၉)

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

ထူးခြားသည့်နေ့အပူချိန်များ

ချောက်	၄၂ ဒီဂရီစင်တီဂရိတ်
အောင်လံ	၄၂ ဒီဂရီစင်တီဂရိတ်
ပြည်	၄၂ ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၁ ဒီဂရီစင်တီဂရိတ်
မကွေး	၄၁ ဒီဂရီစင်တီဂရိတ်

မြန်မာနိုင်ငံ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများ ဆွေးနွေး

နေပြည်တော် မတ် ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စု စတန်းဖို့ဒ်စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခ မစ္စတာ အက်ဒ်ဝက်ဒ် ပေါလ်လာဇီးယား ဦးဆောင်သော ကျောင်းသားကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု စတန်းဖို့ဒ်စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခ မစ္စတာ အက်ဒ်ဝက်ဒ် ပေါလ်လာဇီးယား ဦးဆောင်သော ကျောင်းသားကိုယ်စားလှယ်အဖွဲ့တို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာ
အမှတ်၊ ၂၄/၂၀၁၄
၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်)
စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်နှင့် ၂၇ ရက်နေ့များတွင် Malteser International အဖွဲ့ငှားရမ်းထားသည့် နေအိမ်နှင့် UN အဖွဲ့အစည်းများမှ နိုင်ငံခြားသားများ ငှားရမ်းနေထိုင်သည့် နေအိမ်များနှင့် ပစ္စည်းသိုလှောင်သည့် ဂိုဒေါင်များကိုဖျက်ဆီးပြီး ရုန်းရင်းဆန်ခတ်အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ ထိထိရောက်ရောက်အရေးယူဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သော **"စုံစမ်းစစ်ဆေးရေးအဖွဲ့"**ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က)	ဗိုလ်ချုပ်မောင်မောင်အုန်း ဒုတိယဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန	ဥက္ကဋ္ဌ
(ခ)	ဦးလှသိန်း ပြည်နယ်ဥပဒေချုပ် ရခိုင်ပြည်နယ်	အဖွဲ့ဝင်
(ဂ)	ရဲမှူးချုပ်နေဝင်း တပ်ဖွဲ့မှူး လေကြောင်းရဲတပ်ဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ဃ)	ဦးစစ်အေး အဖွဲ့ခေါင်းဆောင် နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့	အဖွဲ့ဝင်
(င)	ဒေါက်တာကျော်ရင်လှိုင် Myanmar Egress	အတွင်းရေးမှူး

၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၂၆-၃-၂၀၁၄ ရက်နေ့နှင့် ၂၇-၃-၂၀၁၄ ရက်နေ့တို့တွင် ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ဦးဆောင်ပါဝင်ခဲ့သူများနှင့် ဖြစ်မှုကျူးလွန်သူများအား စုံစမ်းစစ်ဆေးဖော်ထုတ်ရန်။

(ခ) အထက်ပါဖြစ်စဉ်ဖြစ်ပွားရခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်အုပ်ချုပ်ရေးအပိုင်းမှ အဓိကတာဝန်ရှိသူများကို စုံစမ်းစစ်ဆေးဖော်ထုတ်ရန်။

၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့တာဝန်ထမ်းဆောင်စဉ် လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ လိုအပ်ချက်များကို နိုင်ငံတော်သမ္မတရုံးနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့က စီမံဆောင်ရွက်ပေးရမည်။

၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှုများဆောင်ရွက်ရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံအက်ဥပဒေနှင့် သက်ဆိုင်ရာဥပဒေတို့နှင့်အညီ စုံစမ်းစစ်ဆေးနိုင်သည့်အပြင် သက်သေများဆင့်ခေါ်ခြင်း၊ စာရွက်စာတမ်းများ တောင်းခေါ်ခြင်းနှင့် လိုအပ်သည့်နေရာများသို့ သွားရောက်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။ စုံစမ်းစစ်ဆေးမှုအစီရင်ခံစာကို ၂၀၁၄ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့ထက် နောက်မကျစေဘဲ နိုင်ငံတော်သမ္မတထံသို့ တိုက်ရိုက်အစီရင်ခံတင်ပြရမည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကြေးမုံစာတည်းရှုထောင့်

၂၉-၃-၂၀၁၄၊ စနေနေ့

ကတိကဝတ်များနှင့်အညီ

ဒီမိုကရေစီစနစ်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်အစိုးရက သုံးနှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲမှု (၄)ရပ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာအသိုင်းအဝိုင်းမှ ပူးပေါင်းပါဝင်လာမှု၊ သက်ဆိုင်ရာအဖွဲ့အစည်းများက တက်တက်ကြွကြွ ကြိုးပမ်းဆောင်ရွက်မှုတို့ကြောင့် အရှိန်အဟုန်ကောင်းများရနေပြီဟု ဆိုနိုင်ပါသည်။

ဒီမိုကရေစီနိုင်ငံသစ်၏ သုံးနှစ်တာကာလကို ပြန်လည်သုံးသပ်ကြည့်ရာတွင် ပြည်ထောင်စုအစိုးရ စတင်တာဝန်ယူစဉ်ကာလက-

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆီလျော်သည့် အချက်များကို ပြန်လည်ပြင်ဆင်ခြင်း၊

(၂) နိုင်ငံသားများ၏ မူလအခွင့်အရေးများကို အခြေခံဥပဒေနှင့်အညီ ဖော်ဆောင်ပေးနိုင်မည့် ဥပဒေကြမ်းများ တင်သွင်းခြင်း၊

(၃) ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းလစာများကို အခြေအနေ အချိန်အခါအရ ပြင်ဆင်သတ်မှတ်ခြင်း၊

(၄) တောင်သူလယ်သမားများ၏ လယ်ယာလုပ်ပိုင်ခွင့်နှင့် ပတ်သက်သည့် ဥပဒေများ ပြုစုနိုင်ရန်လေ့လာခြင်း၊ ခေတ်နှင့်အညီပြင်ဆင်နိုင်ရန် ပြန်လည်သုံးသပ်ခြင်း၊

(၅) အလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် ကာကွယ်စောင့်ရှောက်သည့် ဥပဒေများကို ခေတ်နှင့်အညီ ပြန်လည်သုံးသပ်ခြင်း၊

(၆) ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုဖူလုံရေးဥပဒေကို ခေတ်နှင့်အညီ ပြန်လည်ပြုပြင်ရေးဆွဲပြီး ဥပဒေကြမ်းတင်သွင်းခြင်း၊

(၇) ပညာရေးနှင့်ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေးအတွက် ဥပဒေကြမ်းများတင်သွင်းခြင်း၊

(၈) စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာများနှင့် ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခေတ်နှင့်မလျော်ညီသည့် စာပေစာနယ်ဇင်းဆိုင်ရာဥပဒေအချို့ကို ပြင်ဆင်ခြင်း၊

(၉) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများပြဋ္ဌာန်းခြင်း၊ စက်မှုလက်မှုလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်းများနှင့် ပတ်သက်သည့် ဥပဒေများကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လိုအပ်ချက်များနှင့် ကိုက်ညီအောင် ပြန်လည်ပြင်ဆင်ခြင်း၊

(၁၀) ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် သဘာဝဘေးအန္တရာယ် ရေရှည်ကာကွယ်နိုင်ရေးတို့အတွက် လိုအပ်သည့်အစီအမံများကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းခြင်းဟူသည့် ဥပဒေပြုရေး အစီအစဉ်(၁၀)ရပ်ကို အတိအလင်း ထုတ်ဖော်ပြောကြားထားပြီးဖြစ်သည်။

ဖော်ပြပါ အစီအစဉ်(၁၀)ရပ်သည် ဒီမိုကရေစီအစိုးရသစ် စတင်တာဝန်ယူစဉ်အချိန်က ကတိကဝတ်ပြုခဲ့သော အစီအစဉ် (၁၀)ရပ်ဖြစ်သည်။ ယနေ့သုံးနှစ်တာကာလတွင် အစိုးရသစ်၏ ကတိကဝတ်ပြုခဲ့သည့်အတိုင်း မည်သည့်အတိုင်းအတာအထိ ပြည့်မြောက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးသို့ မတ် ၂၆ ရက်နေ့က တက်ရောက်ကာ ထုတ်ဖော်ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ပြောကြားခဲ့သည်သာမက မည်သည့်အတိုင်းအတာအထိ ပြည်ထောင်စုအစိုးရက ဖော်ဆောင်ပေးနိုင်ခဲ့သည်ကို မြန်မာနိုင်ငံတွင် ဖြစ်ထွန်းနေသော ရလဒ်များက သက်သေပြလျက်ရှိပါသည်။ ထိုသို့ သက်သေပြနိုင်သည်ကို ပြည်သူလူထုတစ်ရပ်လုံးကလည်း နားလည်သဘောပေါက်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ကျန်ရှိနေသေးသော လုပ်ငန်းစဉ်များတွင် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါသည်။

ယခုအခါ ကျွန်ုပ်တို့အားလုံးမျှော်လင့်ခဲ့သော ဒီမိုကရေစီခရီးလမ်းပေါ်တွင် ဖြောင့်ဖြောင့်တန်းတန်း စတင်လျှောက်လှမ်းနေပါပြီ။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များဆောင်ရွက်စဉ် မအောင်မြင်မှုနှင့် ထိခိုက်မှုဖြစ်ခဲ့ရသည့် ကမ္ဘာ့ဖြစ်စဉ်နှင့် မြန်မာ့ဖြစ်စဉ်များကို သင်ခန်းစာယူသတိမူပြီး ဒီမိုကရေစီခရီးပန်းတိုင်သို့ အောင်မြင်စွာရောက်ရှိနိုင်အောင် တိုင်းရင်းသားပြည်သူအားလုံး ညီညီညွတ်ညွတ်ဆက်လက်ကြိုးပမ်းကြရမည်ဟု ကြေးမုံကရှုမြင်ပါသည်။ ။

အာဆီယံဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၂၈

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ တည်းခိုရေးနှင့်ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က အမှာစကားပြောကြားရာတွင် အာဆီယံနိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများနှင့် ဧည့်သည်တော်များအား နေပြည်တော် နိုင်ငံတော်ဧည့်ဂေဟာရှိ ဟိုတယ်များတွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ရရှိသောဧည့်သည်စာရင်းအရ နေရာချထားပေးရေးကိစ္စ၊ ဟိုတယ်များမှ ဧည့်သည်များ လက်ခံနိုင်သည့် Turn Key Position ဖြစ်စေရန် ဧပြီ ၁၅ ရက်တွင် ပြီးစီးအောင် ပြင်ဆင်ထားရှိရန်နှင့် ကောင်းမွန်ပြည့်စုံသော ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ယခုကတည်းက ကြိုတင်ပြင်ဆင်ထားရှိရန် လိုအပ်ကြောင်း၊ ဧည့်သည်များအား လက်ခံဆောင်ရွက်ရာတွင် ဟိုတယ်များ၌ လူ၊ ပစ္စည်း လုံခြုံမှု အထူးဂရုပြု ဆောင်ရွက်ရန်၊ အရည်အသွေးပြည့်မီသော လုံခြုံရေး အထောက်အကူပစ္စည်းများကို တပ်ဆင်အသုံးပြုသွားရန်၊ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ဟိုတယ်ဝန်ထမ်းများ၏ ကိုယ်ရေးရာဇဝင်များ ပြုစု၍ တာဝန်ရှိသူများထံပေးပို့ရန်၊ ကျန်းမာရေးလုံခြုံမှုနှင့်ပတ်သက်၍ အစားအစာလုံခြုံမှုရှိစေရန်၊ ဝန်ဆောင်မှုပေးမည့်ဝန်ထမ်းများ ဆေးစစ်ခြင်းတို့ကို ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်ပူးပေါင်း ဆောင်ရွက်ရန်၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာထိခိုက်စေနိုင်သည့် ဝတ်စားဆင်ယင်မှု၊ ပြောဆိုနေထိုင်မှု၊ ဝန်ဆောင်မှုများကို ရှောင်ကြဉ်၍ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးကံချွန်က အစည်းအဝေးကျင်းပမည့် MICC(1) အဆောက်အအုံတွင် နေရာချထားဆောင်ရွက်မည့် အစီအစဉ်များ၊ ဖြည့်ဆည်းဆောင်ရွက်ထားရှိသည့်ပစ္စည်းများနေရာချထားမှုအခြေအနေများကို တင်ပြဆွေးနွေးသည်။

ဆက်လက်၍ သံတမန်ရေးရာဦးစီးဌာန၊ အာဆီယံရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွန်ပျူတာအခြေခံသင်တန်းဆင်း

နေပြည်တော် မတ် ၂၈

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၁၄) သင်တန်းဆင်းပွဲအခမ်းအနားကို နေပြည်တော်ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ နေပြည်တော်သတင်းစာတိုက် ဘိုးဝဇီရခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အထွေထွေမန်နေဂျာ ဦးရဲနိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်း လက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးကို ပေးအပ်ခဲ့သည်။

ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် ဝန်ထမ်းများ၏ အရည်အသွေး ပိုမိုတိုးတက်စေရုံမျှမက လုပ်ငန်းခွင်အတွင်း လုပ်ငန်းပြီးမြောက်မှုအတွက် အထောက်အကူကောင်းများ ရရှိစေနိုင်ပြီး မွမ်းမံသင်တန်းများကို ထပ်မံဖွင့်လှစ်သွားရန်အစီအစဉ်ရှိကြောင်း သိရသည်။

(မေစုအေး)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မတ် ၂၈

ရန်ကုန်	ရွှေဈေး	၆၆၃၉၀၀	-	၆၆၄၉၀၀
မန္တလေး	ရွှေဈေး	၆၆၃၅၀၀	-	၆၆၄၅၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၀၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၃၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၉၆၄.၀၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၃၂၅.၀
(ဂ)	တရုတ်	တစ်ယွမ်	=	၁၅၅.၁၆
(ဃ)	ထိုင်း	တစ်ဘတ်	=	၂၉.၆၅၂
(င)	မလေးရှား	တစ်ရင်းဂစ်	=	၂၉၄.၀၄
(စ)	အိန္ဒိယ	တစ်ရူပီး	=	၁၆.၀၀၁
(ဆ)	ဂျပန်	တစ်ရာယန်း	=	၉၄၄.၃၆
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၉၀.၁၃၁
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	=	၈၉၅.၁၆
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၇၆၂.၉၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

အင်အားနည်းငလျင်လှုပ်

နေပြည်တော် မတ် ၂၈

ယနေ့ နံနက် ၉ နာရီ ၃၉ မိနစ် ၅၃ စက္ကန့်တွင် မန္တလေး မြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် မိုင် ၃၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ခန္တီးမြို့၏ မြောက်ဘက် ၂၆ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်(ခ်ျ)တာစကေး ၄ ဒသမ ၁ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော ငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာနှင့် ဗြိတိန်နိုင်ငံတို့အကြား ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍများ ပိုမိုပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် မတ် ၂၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Andrew Patrick ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁နာရီတွင် နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ယင်းသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံမှ အင်္ဂလိပ်စာ ဆရာ ဆရာမများအား အင်္ဂလိပ်စာ သင်ကြားပို့ချပေးရေးအတွက် ဗြိတိသျှကောင်စီမှ အကောင်အထည်ဖော်ရေး၊ မြန်မာနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့အကြား ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍများ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဒေါက်တာဒေါ်ခင်စန်းရီနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗြိတိန်သံအမတ်ကြီးနှင့်အတူ ဗြိတိသျှကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဗြိတိသျှကောင်စီညွှန်ကြားရေးမှူးနှင့် ဗြိတိသျှကောင်စီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

☆ မြန်မာနိုင်ငံမှ

ယင်းသို့ တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက ပြည်သူ့ဆန္ဒနှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့မှု၊ မြန်မာနိုင်ငံသမိုင်းနှင့် နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအဆင့်ဆင့်၊ မြန်မာနိုင်ငံပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် စတန်းဖို့ဒ်စီးပွားရေးတက္ကသိုလ်မှ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် စတန်းဖို့ဒ်စီးပွားရေးတက္ကသိုလ် ကျောင်းသားများက မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၏ အနာဂတ်အလားအလာနှင့်ပတ်သက်ပြီး သိရှိလိုသည်များကို မေးမြန်းကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးခင်ရီ၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာကံဇော်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စတန်းဖို့ဒ် စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခနှင့်အတူ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဘဟားမား၊ ဥရုဂွေး၊ ဂျပန်၊ အိန္ဒိယနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ မဟာဘွဲ့ (MBA) ကျောင်းသား ကျောင်းသူ ၃၂ ဦးတို့ လိုက်ပါလာကြသည်။

စတန်းဖို့ဒ် စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခနှင့် ကျောင်းသား ကျောင်းသူများအဖွဲ့သည် မတ် ၂၃ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိပြီး ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို လေ့လာခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမေရိကန်ပြည်ထောင်စု စတန်းဖို့ဒ်စီးပွားရေးတက္ကသိုလ်မှ ကျောင်းသားများ ပြည်ထောင်စုဝန်ကြီးများအား လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၂၈

မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် ကဏ္ဍစုံပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှုများကို သိရှိနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ဦးဆောင်သည့်အဖွဲ့အား အမေရိကန်ပြည်ထောင်စုစတန်းဖို့ဒ် စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခ မစ္စတာ အက်ဒ်ဝက်ဒ်ပေါလ်လာဇီယား ဦးဆောင်သော စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ မဟာဘွဲ့(MBA) ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အောက်ဝဲပုံ)**

ထိုသို့ တွေ့ဆုံရာတွင် စတန်းဖို့ဒ်တက္ကသိုလ်ကျောင်းသားများက မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ၏ အောင်မြင်မှုနှင့် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ၊ နိုင်ငံတည်ဆောက်ရေးနှင့် တပ်မတော်၏ အခန်းကဏ္ဍ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာ၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးသက်ရောက်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာနှင့် မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးအခြေအနေများနှင့်ပတ်သက်ပြီး သိရှိလိုသည်များကို မေးမြန်းကြရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒေါက်တာဒေါ်ခိုင်ခိုင်စိုးတို့က ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြသည်။ **(သတင်းစဉ်)**

လျှပ်စစ်ဓာတ်အားခ တိုးမြှင့်ကောက်ခံခြင်းရှင်းလင်း

လှည်းကူး မတ် ၂၈

လျှပ်စစ်ဓာတ်အားတိုးမြှင့်ကောက်ခံခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပွဲကို မတ် ၂၁ ရက်က လှည်းကူးမြို့နယ် ရိပ်သာရပ်ကွက် မေဃဝတီမူလတန်းလွန်ကျောင်း၌ ကျင်းပရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မြို့နယ်လျှပ်စစ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သန့်ဇင်နှင့် ဝန်ထမ်းများက လျှပ်စစ်ဓာတ်အားခ နှုန်းထားများ တိုးမြှင့်ကောက်ခံရခြင်း၏ ရည်ရွယ်ချက်၊ ရရှိလာမည့် အကျိုးကျေးဇူးနှင့် သုံးစွဲသည့် ယူနစ်အပေါ် ဓာတ်အားခ တွက်ချက်နည်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

သင်တန်းဆင်းပွဲများ ကျင်းပ

ရန်ကုန် မတ် ၂၈

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ဖွင့်လှစ်ခဲ့သော ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်း အမှတ်စဉ်(၂၆)နှင့် ပစ္စည်းထိန်း-၄ သင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းပွဲများကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ အဆိုပါသင်တန်းကျောင်း၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အဆင့်မြင့်) ဦးအောင်ကျော် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အဆိုပါဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရိုင်းမီးယားလူထုဆန္ဒခံယူပွဲ တရားမဝင်ကြောင်း ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်

နယူးယောက် မတ် ၂၈

ခရိုင်းမီးယားအား ရုရှားနိုင်ငံသို့ သွတ်သွင်းစေခဲ့သော မော်စကိုကထောက်ခံအားပေးသည့် လူထုဆန္ဒခံယူပွဲသည် တရားမဝင်ဟုဖော်ပြသော ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုပေးလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့က ယူကရိန်းနိုင်ငံသို့ ဒေါ်လာ ၁၄ ဘီလီယံမှ ၁၈ ဘီလီယံအထိ ချေးငွေ ထောက်ပံ့ရန် သဘောတူညီပြီးနောက် ကုလသမဂ္ဂဆုံးဖြတ်ချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

အမေရိကန် အထက်လွှတ်တော်ကလည်း ယူကရိန်းနိုင်ငံကို ဒေါ်လာ တစ်ဘီလီယံချေးမည့် ဥပဒေကို အတည်ပြုပေးခဲ့သည်။

ယူကရိန်းနိုင်ငံ၏ တောင်ပိုင်းကျွန်းဆွယ်ကို ရုရှားလိုလားသော တပ်ဖွဲ့များက သိမ်းယူပြီးနောက် အနောက်အုပ်စုနှင့် ရုရှားအကြား တင်းမာမှုများ မြင့်တက်လာခဲ့သည်။

အဆိုပါ လုပ်ဆောင်ချက်ကို အနောက်အုပ်စုက ပြင်းထန်စွာ ကန့်ကွက်ခဲ့သည်။ ရုရှားက ယူကရိန်းနိုင်ငံကို ထပ်မံကျူးကျော်လာခဲ့လျှင် ၎င်းနိုင်ငံကို ဥရောပသမဂ္ဂနှင့် အမေရိကန်တို့က ပို၍ပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ အိုဘားမားက ဗုဒ္ဓဟူးနေ့တွင် သတိပေးခဲ့သည်။

မတ် ၁၆ရက်တွင် ကျင်းပသော ခရိုင်းမီးယားလူထုဆန္ဒခံယူပွဲသည် တရားမဝင်ကြောင်း ကြေညာ၍ ယူကရိန်းနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးကို အတည်ပြုသည့် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်ကို နိုင်ငံပေါင်း ၁၀၀က ထောက်ခံမဲပေးကြပြီး ၁၁နိုင်ငံက ကန့်ကွက်မဲပေးခဲ့သည်။ ၅၈ နိုင်ငံက မဲမပေးဘဲနေခဲ့ကြသည်။

အဆိုပါ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်သည် မော်စကိုက ၎င်း၏ ပိုင်နက်နယ်မြေအတွင်းသို့ ထပ်မံကျူးကျော် ဝင်ရောက်ခြင်း မပြုရန် အဟန့်အတားဖြစ်လိမ့်မည်ဟု ယူကရိန်းနိုင်ငံက မျှော်လင့်သည်။

ဘီဘီစီ။

ခရိုင်းမီးယားအရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂ အထွေထွေညီလာခံ အစည်းအဝေး ကျင်းပစဉ်။

ဆော်ဒီအာရေဗျနိုင်ငံသို့ အိုဘားမား သွားရောက်မည်

ရောမ မတ် ၂၈

အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် အီတလီနိုင်ငံမှတစ်ဆင့် ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့သို့ မတ် ၂၈ ရက်တွင် သွားရောက်မည်ဖြစ်ကြောင်း၊ အိုဘားမားသည် ဆော်ဒီအာရေဗျနိုင်ငံ၏ လုံခြုံရေးအတွက် တာဝန်ယူရန်ဟူသော အမေရိကန်အစိုးရ အဖွဲ့၏ ကတိကဝတ်ပြုချက်ကို ခိုင်မာစေရန် ယင်းနိုင်ငံသို့ သွားရောက်ခြင်းဖြစ်ကြောင်း နယူးယောက်တိုင်းမ်စ်သတင်းစာက မတ် ၂၈ ရက်တွင် ရေးသားဖော်ပြသည်။

အမေရိကန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ မဟာဗျူဟာမြောက် ဆက်ဆံရေးခိုင်မာတိုးတက်စေခြင်းဖြင့် အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်အေးချမ်းရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း သတင်းစာက ရေးသားဖော်ပြသည်။

သို့ရာတွင် အဆိုပါ မဟာမိတ်နှစ်နိုင်ငံသည် မကြာသေးမီက အီရန်၊ ဆီးရီးယားနှင့် အီဂျစ်နိုင်ငံတို့နှင့် ပတ်သက်၍ မူဝါဒရေးရာ သဘောကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့သည်။

အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်နှင့် ပတ်သက်၍ နိုင်ငံတကာ ဆွေးနွေးပွဲများ ကျင်းပခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ ယင်းနိုင်ငံအပေါ် စီးပွားရေးဒဏ်ခတ်မှု ဖြေလျှော့ပေးဖွယ်ရှိခြင်းနှင့် ပတ်သက်၍လည်းကောင်း ဆော်ဒီအာရေဗျနိုင်ငံကဒေါသဖြစ်ခဲ့ကြောင်း နိုင်ငံရေးဆန်းစစ်သူများက ပြောကြားသည်။

ရိုက်တာ။

အမေရိကန်သမ္မတ အိုဘားမား ဆော်ဒီအာရေဗျသို့ မသွားရောက်မီ အီတလီဝန်ကြီးချုပ် မက်တီယိုရန်ဇီနှင့် တွေ့ဆုံပြီးနောက် တွေ့ရစဉ်။

သီရိလင်္ကာ၌ ဖြစ်ပွားခဲ့သော စစ်ရာဇဝတ်မှုများ စုံစမ်းစစ်ဆေးရန် ကုလသမဂ္ဂ မဲခွဲဆုံးဖြတ်

နယူးယောက် မတ် ၂၈

သီရိလင်္ကာနိုင်ငံ၌ ပြည်တွင်းစစ်ဖြစ်ပွားခဲ့စဉ်က အစိုးရတပ်ဖွဲ့များနှင့် တမီလ်ကျားသူပုန်အဖွဲ့တို့က ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံရသည့် ပြစ်မှုများနှင့်ပတ်သက်၍ နိုင်ငံတကာစုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်ရန် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက မတ် ၂၇ ရက်တွင် မဲခွဲဆုံးဖြတ်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ကာလကြာရှည်စွာဖြစ်ပွားခဲ့ပြီး သွေးထွက်သံယိုမှုများပြားသော ပြည်တွင်းစစ်မှာ ၂၀၀၉ ခုနှစ်တွင် ပြီးဆုံးခဲ့သည်။

သီရိလင်္ကာပြည်တွင်းစစ်ကာလအတွင်း ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှုများနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ တိုးတက်မှုမရှိဟုဆိုသော ဝေဖန်မှုများပေါ်ထွက်ခဲ့ပြီးနောက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းဖြစ်သည်။

စစ်ရာဇဝတ်မှုများနှင့် ပတ်သက်၍ ပြင်ပမှလာရောက်၍ စုံစမ်းစစ်ဆေးခြင်းကို သီရိလင်္ကာအစိုးရအဖွဲ့က အပြင်းအထန်ငြင်းဆန်ခဲ့သည်။

ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သော ပြည်တွင်းစစ်၏ ၂၀၀၂-၂၀၀၉ ခုနှစ် ကာလအတွင်း ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှုများကို အဓိကထား၍ နိုင်ငံတကာကစုံစမ်းစစ်ဆေးမှုပြုလုပ်ရန် လမ်းပွင့်သွားပြီဖြစ်သည်။

ပီတီအိုင်။

ကျောက်မီးသွေးတွင်း မတော်တဆမှုဖြစ်ပွား လုပ်သားခြောက်ဦး သေဆုံး

ပေကျင်း မတ် ၂၈

တရုတ်နိုင်ငံအလယ်ပိုင်း ဟီနန်ပြည်နယ်ရှိ ကျောက်မီးသွေးထုတ်လုပ်ရေး မိုင်းတွင်းတစ်တွင်းတွင် ကျောက်တုံး ပြိုကျမှုဖြစ်ပွားခဲ့ပြီးနောက် ပိတ်မိနေသော မိုင်းလုပ်သား ခြောက်ဦး၏ ရုပ်အလောင်းများကို ကယ်ဆယ်ရေးလုပ်သားများက မတ် ၂၈ရက်တွင် ရှာဖွေတွေ့ရှိခဲ့သည်။

ဟီနန်ယီမား ကျောက်မီးသွေးထုတ်လုပ်ရေး စက်မှုလုပ်ငန်းအုပ်စုက ပိုင်ဆိုင်သည့် မိုင်းတွင်းတွင် မတ် ၂၇ရက် နံနက် ၁၁ နာရီ ၁၈ မိနစ်က ကျောက်တုံးပြိုကျမှုဖြစ်ပွားခဲ့သည်။

မြေအောက်စင်တစ်စင်တွင် အလုပ်လုပ်ကိုင်နေကြသော မိုင်းလုပ်သား ၁၈ ဦးအနက် ၁၂ ဦးမှာ အသက်ရှင် လွတ်မြောက်ခဲ့ပြီး ခြောက်ဦးမှာ ပိတ်မိနေခဲ့သည်။

အဆိုပါ ကျောက်မီးသွေးတွင်း၌ ၂၀၁၁ခုနှစ်ကလည်း ကျောက်တုံးပြိုကျမှုဖြစ်ပွားခဲ့ရာ အလုပ်သမား ၁၀ဦး သေဆုံးခဲ့ရသည်။

ဆင်ဟွာ။

ထိုင်းဝန်ကြီးချုပ်အား ဆင့်ခေါ်ထားသည့် ထိုင်းနိုင်ငံ အဂတိတိုက်ဖျက်ရေးရုံး လက်ပစ်ဗုံးဖြင့် ပစ်ခံရ

ဗန်ကောက် မတ် ၂၈

တာဝန်ပျက်ကွက်ခဲ့သည်ဟူသော စွပ်စွဲချက်များကို လာမည့်သီတင်းပတ်အတွင်း လာရောက်ဖြေကြားရန် ဝန်ကြီးချုပ်အား ဆင့်ခေါ်ထားသည့် ထိုင်းနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ရုံးများအတွင်းသို့ လက်ပစ်ဗုံးများပစ်သွင်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက သောကြာနေ့တွင် ဖော်ပြသည်။

ဝန်ကြီးချုပ်အား ရာထူးမှဖယ်ရှားရန် ကြိုးစားလျက်ရှိကြသော အစိုးရကို ဆန့်ကျင်သူများသည် ယခု ရက်သတ္တပတ် နောက်ဆုံးရက်များအတွင်း ကြီးမားသော ချီတက်ဆန္ဒပြပွဲတစ်ခု ပြုလုပ်ရန် ပြင်ဆင်လျက်ရှိသည်။

အဆိုပါ ညသန်းခေါင်အချိန် တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ယခုသီတင်းပတ်အတွင်း ယင်းရုံးများကို ဒုတိယအကြိမ်တိုက်ခိုက်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က သောကြာနေ့တွင် ပြောသည်။ လက်ပစ်ဗုံးများပစ်သူသည် မည်သူများဖြစ်ကြောင်းကိုမူ ရှင်းလင်းစွာ မသိရသေးပေ။ ဝန်ကြီးချုပ် ယင်လတ်ရှင်နာဝါထရာကို ထောက်ခံသူများကလည်း ယင်းအဆောက်အအုံ၌ ယခုသီတင်းပတ်တွင် ဆန္ဒပြလျက်ရှိသည်။

ယင်လတ်သည် အဂတိလိုက်စားမှုများ ပပျောက်သွားရန် မဆောင်ရွက်နိုင်ခဲ့ဟူသော စွပ်စွဲချက်နှင့် အစိုးရ၏ ဆန်စပါးဝယ်ယူရေး အစီအစဉ်တွင် နိုင်ငံတော်ဘဏ္ဍာငွေများ ကြီးမားစွာ မဆုံးရှုံးရန် မတားဆီးနိုင်ခဲ့ဟူသော စွပ်စွဲချက်တို့ကို အမျိုးသားအဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်က စုံစမ်းစစ်ဆေးလျက်ရှိသည်။

လွှဲယူမည်

၎င်းကို နိုင်ငံတော်သစ္စာဖောက်မှုဖြင့် စွဲချက်တင်ရန် အထက်လွှတ်တော်က ထောက်ခံမည်ဟု မျှော်လင့်ချက်များပြားလျက်ရှိသည်။ အကယ်၍ အထက်လွှတ်တော်ကသာ ယင်းသို့ဆောင်ရွက်ခဲ့လျှင် ယင်လတ်သည် ရာထူးမှ ဖယ်ရှားပေးရမည်ဖြစ်ပြီး ဒုတိယဝန်ကြီးချုပ်က သူမ၏တာဝန်ကို လွှဲယူမည်ဟု မျှော်လင့်ရသည်။ သူမတွင် အပြစ်ရှိကြောင်း အထက်လွှတ်တော်ကတွေ့ရှိလျှင် ဝန်ကြီးချုပ်ရာထူးမှ ဆင်းပေးရမည်ဖြစ်သည်။

ရိုက်တာ။

တောင်ကိုရီးယား၊ ဂျပန်နှင့် အမေရိကန် သုံးပွင့်ဆိုင် ကာကွယ်ရေးဆွေးနွေးပွဲ ကျင်းပမည်

ဆိုးလ် မတ် ၂၈

တောင်ကိုရီးယား၊ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုတို့မှ စစ်ဘက်ဆိုင်ရာ အထက်တန်းတာဝန်ရှိသူများ၏ ဆွေးနွေးပွဲကို လာမည့်လလယ်၌ ကျင်းပမည်ဖြစ်ကြောင်း၊ မြောက်ကိုရီးယားနိုင်ငံက ဒုံးပျံစမ်းသပ်မှုများ ပြုလုပ်ခြင်းဖြင့် ဒေသဆိုင်ရာလုံခြုံရေးကို ခြိမ်းခြောက်လာနေချိန်တွင် သုံးပွင့်ဆိုင်ကာကွယ်ရေးညှိနှိုင်းဆွေးနွေးပွဲကို ပြုလုပ်မည်ဖြစ်ကြောင်း တောင်ကိုရီးယားသတင်းဌာနများက မတ် ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

သုံးပွင့်ဆိုင်ကာကွယ်ရေးဆွေးနွေးပွဲကို ဧပြီ ၁၇ ရက်မှစ၍ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီ၌ နှစ်ရက်ကြာကျင်းပမည်ဖြစ်ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးဝီဝေါင်စွပ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားနှင့် ဒုံးပျံလက်နက်တို့ဖြင့် ခြိမ်းခြောက်လာနိုင်ဖွယ်ရှိမှုနှင့် ပတ်သက်၍ ဒေသတွင်းနိုင်ငံများ မည်သို့ ရင်ဆိုင်သွားကြမည်ကို ဆွေးနွေးကြမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

သုံးပွင့်ဆိုင်ကာကွယ်ရေးဆွေးနွေးပွဲကို ၂၀၀၈ ခုနှစ်တွင် စတင်ပြုလုပ်ခဲ့ပြီး ယခုပြုလုပ်မည့် ဆွေးနွေးပွဲမှာ ဆဌမအကြော့ဖြစ်သည်။

စီစဉ်

အမေရိကန်သမ္မတ ဘာရက်အိုဘားမား၏ ကမကထပြုမှုဖြင့် တောင်ကိုရီးယားသမ္မတ ပတ်ခ်ဂျေဟွန်းနှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ မကြာမီတွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် သုံးပွင့်ဆိုင်ကာကွယ်ရေးဆွေးနွေးပွဲ ကျင်းပရန် စီစဉ်ခြင်းဖြစ်သည်။

ယခုရက်သတ္တပတ် အစောပိုင်းက နယ်သာလန်နိုင်ငံ၌ ကျင်းပသော နျူကလီးယားလုံခြုံရေး ထိပ်သီးဆွေးနွေးပွဲ ကာလအတွင်း အဆိုပါ သုံးနိုင်ငံမှ ခေါင်းဆောင်များ သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ။

မြောက်ကိုရီးယား ဒုံးပျံစမ်းသပ်ပစ်ခတ်မှုကို တောင်ကိုရီးယားနိုင်ငံသားများက ကန့်ကွက်ဆန္ဒပြကြစဉ်။

စင်ကာပူဆီးဂိမ်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ကြိုတင်ပြင်ဆင်မှုများစစ်ဆေး

နေပြည်တော် မတ် ၂၈

၂၀၁၇ခုနှစ် စင်ကာပူနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်အောင်မြင်မှု ရရှိစေရေးအတွက် မြန်မာ့လက်ရွေးစင် အားကစားသမားများ ကြိုတင်စခန်းသွင်းလေ့ကျင့်မှုများ လိုအပ်ချက် မရှိစေရေးအတွက် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ Social Zone အားကစားစိတ်ဓာတ် မြှင့်တင်ရေးပြခန်းရှိ(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပပြီးစီးမှုများအား သမိုင်းဝင်ပြခန်းအဖြစ် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး အောင်မြင်စွာကျင်းပနိုင်ခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးအား ကျင်းပရာတွင် ယခင်မှတ်တမ်းမှတ်ရာများနည်းခဲ့သည့် ကြိုတင်ပြင်ဆင်မှု အခက်အခဲများရှိကြောင်း၊ ထို့ကြောင့် ယခုကျင်းပခဲ့သည့် ပြိုင်ပွဲကြီး၏ကျင်းပပုံများကို သမိုင်းမှတ်တမ်းမှတ်ရာအဖြစ် ထင်ကျန်စေရန် အားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှုများ၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မှုများ၊ ဆုချီးမြှင့်မှုများ၊ ဆုတံဆိပ်များ၊ ဘေဘုတ်များ၊ ကော်မတီအလိုက်ဆောင်ရွက်ခဲ့မှုမှတ်တမ်းများ၊ ဖွင့်ပွဲ၊ ပိတ်ပွဲဓာတ်ပုံမှတ်တမ်းများ၊ ပြိုင်ပွဲ၏စည်းမျဉ်း၊ ဥပဒေ၊ Guide Book များအား အားကစားမော်ကွန်းတိုက်၊ အားကစားပြတိုက်၊ စာကြည့်တိုက် စသည်ဖြင့် ခင်းကျင်းပြသ၍ မှတ်တမ်းထားရှိနိုင်ရေး မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း Social Zone ရှိ Fitness Center အားကစားလေ့ကျင့်ရေးစခန်းသို့ရောက်ရှိကာ မြန်မာ့လက်ရွေးစင် အားကစားသမားများ စက်ကိရိယာများနှင့် ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှုရှိစေရေးအတွက် လေ့ကျင့်ပေးနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုများနှင့် နေပြည်တော်လေ့ကျင့်ရေးစခန်း Gold Camp ရှိ အားကစားသမားများ ထိခိုက်ဒဏ်ရာရရှိပါက ကုသနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများ၊ ဒဏ်ရာရ အားကစားသမားများ ခန္ဓာကိုယ်ကြံ့ခိုင်မှု စစ်ဆေးနိုင်သည့် စက်ကိရိယာများ ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် Gold Camp ရှိ အစည်းအဝေးခန်း၌ ကျင်းပသော (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ရာ တာဝန်ရှိသူများက မြန်မာ့လက်ရွေးစင် အားကစားသမားများ စခန်းသွင်းလေ့ကျင့်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများ၊ မြန်မာ့လက်ရွေးစင် ကျောင်းသားများ ပညာရေးဆက်လက်သင်ကြားရေး၊ ကြိုတင်ပြင်ဆင်မှုများ၊ အားကစား လေ့ကျင့်ရေးစခန်း၏ အုပ်ချုပ်မှုဖွဲ့စည်းပုံ၊ အားကစားသမားများ လေ့ကျင့်ရေးကြီးကြပ်မှု၊ ဆန်းစစ်မှု၊ တာဝန်ခွဲဝေဖွဲ့စည်းထားရှိမှုအခြေအနေ၊ သယ်ယူပို့ဆောင်ရေး ပြင်ဆင်ထားရှိမှု၊ စားသောက်ကျွေးမွေးမှု ကြိုတင်ပြင်ဆင်ထားရှိမှုများအား ရှင်းလင်းပြသကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ အောင်မြင်ရေးအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးသည် အဓိကကျကြောင်း၊ အုပ်ချုပ်မှုတာဝန်ယူထားသည့်သူများသည် မိမိ၏တာဝန်ကို သိရှိနားလည်၍ တိတိကျကျတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရန် အဓိကကျကြောင်း၊ ကိုယ်ကျရာတာဝန်ကို ထိထိမိမိဆောင်ရွက်နိုင်မှ ထိရောက်အောင်မြင်သော အားကစား လေ့ကျင့်မှု (EFFECTIVE TRAINING) ကို ရရှိမည်ဖြစ်ကြောင်း၊ လေ့ကျင့်ခန်းအစီအစဉ်စနစ်တကျ ရေးဆွဲနိုင်ပြီး ကြီးကြပ်ဆန်းစစ်ရေးအဖွဲ့မှ လေ့ကျင့်ရေးအစီအစဉ်များ စနစ်တကျကြပ်မတ်ဆန်းစစ်ကာ လစဉ်အလိုက်မှတ်တမ်းထားရှိကာ လေ့ကျင့်နိုင်ရေး မှာကြားသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးနှင့် လှိုင်ကော်ရုပ်သံထပ်ဆင့် လွှင့်စက်ရုံများမှ ဒစ်ဂျစ်တယ်စနစ် (DVB-T2) ဖြင့် စတင်စမ်းသပ်ထုတ်လွှင့်လျက်ရှိ

နေပြည်တော် မတ် ၂၈

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှထုတ်လွှင့်နေသော ရုပ်မြင်သံကြားအစီအစဉ်များကို Analogue စနစ်မှ Digital စနစ် (DVB-T2)သို့ ပြောင်းလဲထုတ်လွှင့်ရန် ဆောင်ရွက်လျက်ရှိရာ ဒုတိယအဆင့်အဖြစ် မြစ်ကြီးနား၊ လှိုင်ကော်၊ ဘားအံ၊ ဖလမ်း၊ ကနေဒီ၊ မော်လမြိုင်၊ စစ်တွေ၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ မြိတ်၊ ပြည်၊ တောင်ငူ၊ ညောင်လေးပင်၊ ပဲခူး၊ မင်းဘူး၊ ပုပ္ပား၊ မိတ္ထီလာ၊ ကျောင်းကုန်း၊ ပုသိမ်၊ ဟသ်ာတ၊ မုံရွာတို့တွင် စက်ပစ္စည်းတပ်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။

ပဲခူးစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းတို့ကို မတ် ၁၀ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ မတ် ၁၉ ရက်တွင် ဆောင်ရွက်ပြီးစီးခဲ့သည်။ မတ် ၂၀ ရက်မှစတင်၍ ပဲခူးစက်ရုံမှ လွှင့်အား 3 KW၊ လှိုင်းနှုန်း ချယ်နယ် (E-30)ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။ အဆိုပါ စက်ရုံမှထုတ်လွှင့်မှုကို စက်ရုံ၏မြောက်ဘက် ၃၄ မိုင်အကွာရှိ ဘုရားကြီး၊ ပျဉ်ပုံကြီး၊ ဖောင်တော်သီ၊ ဒိုက်ဦးမြို့အထိလည်းကောင်း၊ အရှေ့ဘက် ၃၅ မိုင်အကွာရှိ သနပ်ပင်၊ ဝေါ၊ သိမ်ဇရပ်မြို့ အထိလည်းကောင်း၊ တောင်ဘက် ၂၃ မိုင်အကွာရှိ အင်းတကော်၊ ထုံးကြီး၊ ကဝ၊ လှည်းကူးမြို့အထိလည်းကောင်း၊ အနောက်ဘက် ၃၄ မိုင်အကွာရှိ မင်းကုန်း၊ ဖောင်ကြီး၊ တိုက်ကြီးမြို့အထိလည်းကောင်း ကောင်းမွန်စွာဖမ်းယူရရှိနိုင်သည်။

လှိုင်ကော်စက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းတို့ကို မတ် ၁၉ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ မတ် ၂၃ ရက်တွင် ဆောင်ရွက်ပြီးစီးခဲ့သည်။ မတ် ၂၄ ရက်မှ စတင်၍ လှိုင်ကော်စက်ရုံမှ လွှင့်အား 1 KW၊ လှိုင်းနှုန်း ချယ်နယ် (E-24)ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။ အဆိုပါ စက်ရုံမှ ထုတ်လွှင့်မှုကို စက်ရုံ၏မြောက်ဘက် ၂၀ မိုင်အကွာရှိ လှိုင်လင်လေး၊ ထီးစဲခါး၊ ကုန်းသာရွာအထိလည်းကောင်း၊ အရှေ့ဘက် ၁၄ မိုင်အကွာရှိ မထောခူး၊ လောပိတရေအားလျှပ်စစ်စက်ရုံအထိလည်းကောင်း၊ တောင်ဘက် ၂၇ မိုင်အကွာရှိ ငွေတောင်ရွာ၊ ကဒါးလားရွာ၊ ဒီမောဆိုမြို့အထိလည်းကောင်း၊ အနောက်ဘက် ၃၅ မိုင်အကွာရှိ မိုးပြဲ၊ ဖယ်ခုံမြို့အထိလည်းကောင်း ကောင်းမွန်စွာဖမ်းယူရရှိနိုင်သည်။

ဒုတိယအဆင့်စက်ရုံ ၂၂ ရုံအနက် ယနေ့အထိ မော်လမြိုင်၊ ဘားအံ၊ မိတ္ထီလာ၊ တောင်ငူ၊ တောင်ကြီး၊ ပုသိမ်၊ ကျောင်းကုန်း၊ မင်းဘူး၊ ပုပ္ပား၊ စစ်တွေ၊ ပြည်၊ ပဲခူး၊ လှိုင်ကော် စသည့် စက်ရုံ ၁၃ ရုံမှ Digital စနစ် (DVB-T2) ဖြင့် ထုတ်လွှင့်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သန်းခေါင်စာရင်းကောက်မည့်နေ့

* လူဦးရေ ဘယ်မျှ
သိကြပါရဲ့။
ခန့်မှန်းရုံကလွဲ
ခပ်နဲနဲ(နည်းနည်း)သိရုံလေးပါ
မေးလာပါနဲ့။

* မမေးလို့ မရပါ
မေးလာမှာ သေချာပေါ့။
ကြာကြီးကြာ မမေးခဲ့လေတော့
အကြွေးဖွဲ့ကိုဆပ်ရန်ရှိတယ်လို့
အသိကို သည်လိုနှိုး
တိုးနှစ်ဆကျော့။

* သန်းခြောက်ဆယ်ခန့်မှန်းခဲ့
အကြမ်းဖျဉ်းသိခဲ့သည်။
မရေရာဝါးတားတားတွေ
ကွဲပြားတော့မည်။
တိုးတက်လို့ခေတ်မီ
တိုင်းပြည်ဆိုတာက----။
လူဦးရေစနစ်ဇယား
ရှိထားပါမှ။

* စာရင်းသစ်ရတော့မှာ
ဘယ်နေရာ ဘယ်လောက်။
တစ်နိုင်ငံလုံးပါပဲ
ဆုံးစမထင် တစ်နံတစ်လျားမှာ
များများပါ တို့မြန်သားတွေ
အားအင်ပြည့်မောက်။

* အချက်က လေးဆယ့်တစ်
စနစ်က ညီတညာ။
သန်းခေါင်စာရင်းပါတဲ့
ခွင်းမယ့် မှောင်လွှာ။
အသေအချာ
သွေကွာတယ်ဘယ်မရှိ။
နိုင်ငံတော်ဖွံ့ဖြိုးရေးကို
တွေးချင့်ကာဘယ်လိုလုပ်မယ်လို့
သရုပ်ဖော်ကြည့်။

* မေးပြီတဲ့မေးပြီ
ဖြေမည်ကွယ့် ဖြေမည်ပော့။
အမျိုးသားရေးပေမို့
အတွေးကိုသည်လိုသစ်ကာ
အနှစ်မှာအဆန်ရအောင်
အလုမှာ အခေါင်အရှွန်းတွေနဲ့
သန်းခေါင်စာရင်းကောက်မယ့်ပွဲကို
နွှဲစို့သည်နေ့။ ။

စိုးမြင့်သန်းမောင်(စာပေဗိမာန်)





နွေဦးတွင် နံနက်ခင်းကာလ မြူမှုန်များ ဝေသီစွာ ကျဆင်းပြီး ကျေးငှက်သာရကာတို့ မြူးထူးပျော်ပါး တေးဆိုသံများနှင့် ဝေစည်နေသောအချိန်၊ နေ့လယ်ခင်းကာလ လေရူးများဝှေ့ယမ်းလျက် ပင်အိုတို့ရိုးတံပြိုင်းပြိုင်းထကာ ရော်ရွက်ဝါတို့မြေခပြီး ရွက်သစ်နုများဝေ လိပ်ပြာလေးများဝဲပျံနေကြသောအချိန်၊ ညချမ်းအခါ ထက်ကောင်းကင်မှာ မြူတိမ်ကင်းလျက် နက်ရှိုင်းလှသော ကောင်းကင်ပြာကို အဆုံးအစမရှိထိုးဖောက်မြင်နေရသောအချိန်၊ ထိုအချိန်မိန်ရာသီသို့ရောက်ပြီဆိုလျှင်ဖြင့် လောဘ၊ ဒေါသ၊ မောဟမကင်းသော လူတို့သည်သာမက အာသဝေါကုန်ခန်း နိဗ္ဗာန်လမ်းကိုမြန်းရန် ကြိုးစားအားထုတ်တော်မူကြကုန်သော ရဟန်းသံဃာတော်များသည်ပင် လွမ်းမောဖွယ် ထိုအာရုံကို ခံစားမိကြ၍ ဈာန်လျှောရသည့် ဖြစ်စဉ်များရှိခဲ့ဖူးသည်ကို ဖတ်ဖူးမှတ်ဖူးခဲ့ပါသည်။

တပေါင်းသာခေါင်လများနှောင်

(သို့မဟုတ်)

နွေသရုပ်ကို အမြေဖြုတ်ကြည့်ခြင်း

စိမ်းလန်း (ကယ်ဆယ်ရေး)

> ❖ ယခု လတ်တလောအခြေအနေမှာ မြန်မာနိုင်ငံတွင် မုန်တိုင်းဘေး ကျရောက်တတ်သော မိုးဦးကာလ(ဧပြီ၊ မေ)သို့ ရောက်ရှိတော့မည်။
>
> ❖ သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူလူထုအနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန်လို။

ထိုလွမ်းမောဖွယ် နွေသရုပ်ကို ဖော်ကျူးဖို့အတွက် ရှေးစာဆိုကြီးများက နွေရတုသင်္ကေတ **"နွေဦးကာလမြူထသော အခါ"**အစရှိသည့် တျာချင်း၊ ကဗျာလင်္ကာများကို စပ်ဆိုခဲ့သည်များရှိခဲ့သလို **"မိန်ရာသီ"**၊ **"လက်ပံပွင့်ကောက် အရောက်လာမယ်"**၊ **"နွေ"** စသည့် နွေနှင့် ပတ်သက်သော လွမ်းဖွယ်တေးသီချင်းများကိုလည်း နှောင်းခေတ် ဂီတစာဆိုကြီးများက စပ်ဆိုခဲ့ကြသည်ကိုလည်း ဘဝခရီးတွင် ဆုံခဲ့ပြီးဖြစ်လိမ့်မည် ထင်ပါသည်။

အနီးနွေ၏ သရုပ်သကန်များသည် အတိတ်ကာလများမှာ ကျန်ခဲ့ပြီးဖြစ်သည်။ ပစ္စုပ္ပန်ကာလတွင်မူ သစ်ပင်သစ်တောများ ပြုန်းတီးလျက်ရှိသဖြင့် ရော်ရွက်ဝါတို့ မကြွေနိုင်တော့သလို ရွက်နုတို့လည်း မဝေနိုင်တော့ပါ။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်း နားနိုင်သည်ဆိုသော်လည်း ယခုတော့ခိုနားစရာ သစ်ပင်သစ်တောများ ကျဲပါးလာ၍ ကျေးငှက်သာရကာများ၏ တေးသီကျူးသံများလည်း ဆိတ်သုဉ်းခဲ့ရပြီဖြစ်သည်။ ရဟန်းရှင်လူများသည်လည်း ပူပြင်းလှသော နွေ၏ဒဏ်ကြောင့် နွေသရုပ်ကို ယခင်လိုမခံစားနိုင်တော့သလို ကဗျာစာဆိုတို့၏ ရင်တွင်း၌ ခံစားချက်များလည်း ကင်းမဲ့ဆိတ်သုဉ်းနေပြီလား ထင်မှတ်စရာကာလသို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ထိုသို့သော သဘာဝတောတောင်ရေမြေအလှတရားများ ပျက်သုဉ်းလာရသည့် အဓိကတရားခံမှာ ဘယ်သူမပြု မိမိမှုဆိုသလို လူသားများပင်ဖြစ်ပါသည်။

ယနေ့မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံးတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကဲ့သို့သော ကမ္ဘာကြီးကို ပူနွေးစေသော ဖန်လုံအိမ်ဓာတ်ငွေ့များ ကမ္ဘာ့လေထုထဲတွင် ရှိသင့်သည့်ပမာဏထက် ပိုလာမှု၊ ထိုဖန်လုံအိမ်ဓာတ်ငွေ့များကို ထိန်းသိမ်းစုပ်ယူပေးသော သစ်တောများ ဝိသမလောဘသမားများ၏ ပယောဂဖြင့် ပြုန်းတီးလာမှုများကြောင့် ကမ္ဘာကြီး ပူနွေးလာပြီး ရာသီဥတုများ ဖောက်ပြန်၍ မီးဘေး၊ ရေဘေး၊ လေဘေး၊ ဆီးနှင်းဘေး၊ မြေပြိုဘေး စသည့် လူ့ပယောဂကြောင့်ဖြစ်သော ဘေးများ အဖြစ်များလာပြီဖြစ်သည်။ ဘေးများကြောင့် ထိခိုက်သေကျေပျက်စီးဆုံးရှုံးမှုပမာဏမှာလည်း ကြီးမားများပြားလာသည်ကို နာဂစ်မုန်တိုင်းဘေး၊ အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ရေဘေးများ၊ ဖိလစ်ပိုင်နိုင်ငံ ဟိုင်ယန်မုန်တိုင်းဘေး၊ အမေရိကန်နိုင်ငံ ဆီးနှင်းဘေး၊ ဩစတြေးလျနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ တောမီးဘေးများက သက်သေပြလျက်ရှိပါသည်။

ထိုသို့ သဘာဝဘေးများကြောင့် ထိခိုက်သေကျေပျက်စီးဆုံးရှုံးမှုများသည် မိမိတို့နိုင်ငံအပါအဝင် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေသော နိုင်ငံများအတွက် ကြီးမားသောစိန်ခေါ်မှုများ ဖြစ်နေပြီး ထိုစိန်ခေါ်မှုများကို ဖြေရှင်းနေရသည့်အတွက် ရှေ့သို့လျှောက်လှမ်းနေသော ခြေလှမ်းများကို များစွာတုံ့နှေးစေလျက်ရှိပါသည်။ သဘာဝဘေးအန္တရာယ်များကို မဖြစ်စေရန် တားဆီး၍မရသော်လည်း ဘေးဖြစ်လာသည့်အခါတွင် ထိခိုက်သေကျေ ပျက်စီးဆုံးရှုံးမှုများလျော့နည်းသက်သာစေရန် ဆောင်ရွက်နိုင်ပါသည်။ ဆောင်ရွက်နိုင်သောနည်းလမ်းလည်းရှိပါသည်။ ထိုနည်းလမ်းမှာ သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။

သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများမှာ တည်ဆောက်မှုမပါသောလုပ်ငန်းများ (Non Structural)အပိုင်းနှင့် တည်ဆောက်မှုပါသောလုပ်ငန်းများ (Structural)အပိုင်းဟူ၍ နှစ်ပိုင်းရှိပါသည်။ တည်ဆောက်မှုမပါသောလုပ်ငန်းများအပိုင်းတွင် အဆင့်ဆင့်သော သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ သဘာဝဘေးအမျိုးမျိုးအတွက် ကာကွယ်ရေးစီမံချက်များ ရေးဆွဲခြင်း၊ ထိုစီမံချက်အတိုင်း တာဝန်ရှိသူများနှင့် ပြည်သူလူထုတို့ ပူးပေါင်းဇာတ်တိုက်လေ့ကျင့်ခြင်း၊ ပြည်သူလူထုသို့ သဘာဝဘေးအမျိုးမျိုးနှင့်ပတ်သက်၍ ပညာပေးဆွေးနွေးခြင်း၊ ကြိုတင်သတိပေးစနစ်များ ထူထောင်ခြင်း စသည့်လုပ်ငန်းများပါဝင်ပါသည်။

တည်ဆောက်မှုပါသောလုပ်ငန်းများအပိုင်းတွင်မူ သစ်ပင်သစ်တောများထူထောင်ခြင်း၊ ဆည်မြောင်းတာတမံများ၊ ဒီရေတားတာများတည်ဆောက်ခြင်း၊ ဘေးဒဏ်ခိုလှုံရန် အဆောက်အအုံများဆောက်လုပ်ခြင်း စသည့် လုပ်ငန်းများ ပါဝင်ပါသည်။ ထိုအပိုင်းနှစ်ပိုင်းတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများသည် အလွန်များပြားလှပြီး လူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရဘဲ သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ နိုင်ငံတကာမှအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ရပ်လုံးမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမည့်လုပ်ငန်းများ ဖြစ်ပါသည်။

ယခု လတ်တလောအခြေအနေမှာ မြန်မာနိုင်ငံတွင် မုန်တိုင်းဘေးကျရောက်တတ်သော မိုးဦးကာလ(ဧပြီ၊ မေ)သို့ ရောက်ရှိတော့မည်ဖြစ်ပါသည်။ မုန်တိုင်းဘေးနှင့်အတူ ကမ်းရိုးတန်းဒေသများတွင် မုန်တိုင်းဒီရေပါ တက်ရောက်နိုင်ပြီး ကုန်းတွင်းပိုင်းဒေသများတွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လျှပ်တစ်ပြက် ရေကြီးမှုဘေးများ ဖြစ်တတ်သည့်အပြင် မကြာသေးမီနှစ်များအတွင်း အဖြစ်များလာပြီး လူ့အသက်ဆုံးရှုံးမှုများလာသော မိုးကြိုးဘေးများလည်း ဖြစ်တတ်သောကာလဖြစ်သဖြင့် မုန်တိုင်းဘေး၊ မုန်တိုင်းဒီရေဘေး၊ လျှပ်တစ်ပြက် ရေဘေး၊ မိုးကြိုးဘေးတို့နှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန် လုပ်ငန်းများကို အဆင့်ဆင့်သော သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူလူထုအနေဖြင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရန်လိုပါသည်။ မုန်တိုင်းဘေး၊ မုန်တိုင်းဒီရေဘေး၊ လျှပ်တစ်ပြက်ရေကြီးခြင်းဘေးနှင့် မိုးကြိုးဘေးတို့ကို တွေ့ကြုံရလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

မုန်တိုင်းကာလနီးလျှင် ကြိုတင်ပြင်ဆင်ထားရန်။ အိမ်အနီး ကျိုးကျနိုင်သော သစ်ကိုင်းသစ်ခက်များကို ခုတ်ထားခြင်း၊ လူနေအဆောက်အအုံများကို ခိုင်ခံ့အောင် ပြုပြင်ခြင်း၊ လုံခြုံမှုရှိသော ခိုလှုံမည့်နေရာများ ရွေးချယ်ထားခြင်း၊ ခိုလှုံမည့်နေရာသို့ သွားနိုင်ရန် လမ်းကြောင်းများ စီစဉ်ထားခြင်း၊ အရေးပေါ် ရိက္ခာ၊ ရေ၊ ဆေးဝါးများကြိုတင်စုဆောင်းထားခြင်း။

မုန်တိုင်းသတိပေးချက် ရသောအခါ ပြင်ဆင်ရန်။ ရေဒီယိုမှ မိုးလေဝသ သတင်းကို မပြတ်နားထောင်ခြင်း၊ မြေနိမ့်လွင်ပြင်နှင့် မြစ်ချောင်းအနီးတွင် နေသူများကို လုံခြုံရာသို့ ရွှေ့ပြောင်းပေးခြင်း၊ မိမိအိမ်သည် ခိုင်ခံ့လုံခြုံပါက မိမိအိမ်တွင်သာ ခိုလှုံခြင်း၊ မိမိအိမ်တွင် မခိုလှုံနိုင်ပါက လုံခြုံစွာ ခိုလှုံနိုင်မည့်နေရာသို့ ရွှေ့ပြောင်းခြင်း၊ ထိုသို့ရွှေ့ပြောင်းရာတွင် သက်ကြီးရွယ်အို၊ ကလေးသူငယ်၊ မသန်စွမ်းသူ၊ မကျန်းမာသူ၊ ကိုယ်ဝန်ဆောင်မိခင်များအား ဦးစားပေးရွှေ့ပြောင်းခြင်း၊ အရေးပေါ်ရိက္ခာ၊ ရေ၊ ဆေးဝါး၊ ဓာတ်မီး၊ ပလတ်စတစ်စ၊ ဖယောင်းတိုင်၊ မီးခြစ်တို့ကို အသင့်ထုပ်ပိုးထားခြင်း။

မုန်တိုင်းတိုက်ခတ်နေချိန်တွင် ဆောင်ရွက်ရန်။ လုံခြုံမှုရှိသော ခိုလှုံရာနေရာတွင်သာနေခြင်း၊ အသက်ကယ်အင်္ကျီ၊ ပလတ်စတစ်ပုံး၊ ကားတာယာနှင့် ကွျတ်များဆောင်ထားခြင်း၊ တံခါးနှင့်ပြတင်းများကို သေချာအောင်ပိတ်ထားခြင်း၊ မုန်တိုင်းကြောင့် တံခါးများ ပွင့်သွားပါက ထိုတံခါးနှင့် မျက်နှာချင်းဆိုင်တွင် လေထွက်ပေါက်အမြန်ပြုလုပ်ခြင်း၊ မုန်တိုင်းဗဟိုဖြတ်သန်းစဉ် ခေတ္တလေငြိမ်နေတတ်ပြီး နာရီဝက်ခန့်အကြာတွင် ဆန့်ကျင်ဘက်အရပ်မှ လေများပိုမိုပြင်းထန်စွာ ဝင်လာတတ်သည်ကို သတိပြုရန်လိုအပ်ခြင်း၊

မုန်တိုင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန်။ ဘေးကင်းစိတ်ချရကြောင်း သတင်းရရှိမှသာ မိမိအိမ်သို့ပြန်ခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီခြင်း၊ လမ်းနှင့်ရပ်ရွာသန့်ရှင်းရေး ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြတ်ကျပြတ်ကျနေသော ဓာတ်ကြိုးများကို ကိုင်တွယ်မှုမပြုခြင်း၊ ရေကို ကျိုချက်သောက်ခြင်း၊ မြွေနှင့် အဆိပ်ရှိသတ္တဝါများကို သတိပြုခြင်း၊

မိုးကြိုးဘေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များ။ မိမိနေထိုင်သည့်နေရာအနီး တစ်ဝိုက်တွင် မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်း မကြာခဏဖြစ်ပါက မိုးကြိုးပစ်နိုင်သည့် အန္တရာယ်ရှိနိုင်ပါသည်။ ထိုအခြေအနေတွင် နေအိမ်အပြင်တွင် ရောက်နေပါက နေအိမ်တွင်းသို့ ပြန်ဝင်ရန်၊ နေအိမ်အတွင်းရှိစဉ် သံ၊ သတ္တုပစ္စည်းများကို ကိုင်တွယ်ခြင်းမပြုလုပ်ရန်၊ လူစုလူဝေးနှင့်ဖြစ်နေပါက သီးခြားစီဖြန့်ခွဲနေရန်၊ ကွင်းပြင်တွင် ထီးတည်းကြီး မနေရန်၊ တီဗွီ၊ ရေဒီယို၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူ၊ ကွန်ပျူတာ စသည့် လျှပ်စစ်ဓာတ်အားအသုံးပြုရသော ပစ္စည်းများကိုခလုတ်ပိတ်ရန်၊ ပလပ်ဖြုတ်ထားရန်၊ မိုးကြိုးအပစ်ရပ်ပြီး မိနစ် ၃၀ ကျော်မှသာ နေအိမ်ပြင်ပသို့ထွက်ရန်၊ အဆောက်အအုံများတွင် မိုးကြိုးလွှဲများ တပ်ဆင်ထားရန်။

လူ့ပယောဂကြောင့်ဖြစ်သော ဘေးများအပါအဝင် ဘေးအန္တရာယ်အမျိုးမျိုးကို အထက်ဖော်ပြပါအတိုင်း ကြိုတင်ပြင်ဆင်မှုပြုလုပ်ခြင်းဟူသော လူ၏ကြိုးစားအားထုတ်မှုဖြင့်သာ ရင်ဆိုင်ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ သဘာဝဘေးလျော့ပါးရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများသည် ပွဲပြီးမီးသေလုပ်၍ မရဘဲ ငွေအား၊ လူအား၊ အချိန်အား ရင်းနှီးစိုက်ထုတ်၍ ရေရှည်ဆောင်ရွက်သွားရမည့် လုပ်ငန်းများဖြစ်ပါသည်။ ကြိုတင်ပြင်ဆင်မှုတစ်ကျပ်ဖိုးပြုလုပ်လျှင် ထိခိုက်ပျက်စီးဆုံးရှုံးမှု တစ်ဆယ်ဖိုးသက်သာမည်ဟု ပညာရှင်များကဆိုပါသည်။ ထို့ကြောင့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများသည် မဖြစ်မနေပြုလုပ်ရမည့် လုပ်ငန်းများဖြစ်ပြီး ထိုလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် အချိန်အခါမရွေးကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို လျော့နည်းသက်သာစေမည်ဖြစ်ပါသည်။ သို့ဖြစ်လျှင် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနေသော နိုင်ငံတော်၏ ခြေလှမ်းများ သွက်လက်စွာလှမ်းနိုင်ပါလိမ့်မည်။ လတ်တလောကာလသည် ရွှေပြည်တော် မျှော်မဝေးဟု နှလုံးသွင်းလျက် သဘာဝဘေးလျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအား လူတိုင်းကိုယ်စီ ဆောင်ရွက်ကြရမည့်ကာလဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၂၈

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သရေစည်သူ ဦးစိုးမောင်နှင့်ဇနီးဒေါ်နန်းဖြူဖြူအေး မိသားစုဝင်များသည် မတ် ၂၄ ရက် နံနက် ၉ နာရီတွင် မူဆယ်ခရိုင် နမ့်ခမ်းမြို့ ကျိုက်ထီးရိုးဘုရားဓမ္မာရုံ၌ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယဘဒ္ဒန္တသူရိယ အမှူးပြုသော ဆရာတော်၊ သံဃာတော်(၁၁)ပါးအားလှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ရှေးဦးစွာ ရတနာမြတ်သုံးပါးကို ကန်တော့၍ ဆရာတော်၊သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး အလှူရှင် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယဘဒ္ဒန္တသူရိယ မဟာစည်ရိပ်သာ ကမ္မဋ္ဌာန်းကျောင်းနှင့် ဝေပုလ္လပရိယတ္တိစာသင်တိုက် ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။**(အပေါ်ယာပုံ)**

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်းနှင့် ဇနီးတို့က ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး အလှူရှင်မိသားစုဝင်များမှလည်း လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းကြသည်။ ၎င်းနောက် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ ဧည့်ပရိသတ်များအား နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က နမ့်ခမ်းမြို့ ဂေါက်ကလပ်အသင်းအတွက် ဂေါက်သီးနှင့်ဂေါက်ရိုက်ကစားခြင်းဆိုင်ရာစာအုပ်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် အလှူငွေကျပ်တစ်သိန်းကို လည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့သည် နမ့်ခမ်းမြို့ ဒက္ခိဏာရုံ ဘုန်းတော်ကြီးကျောင်း ကုန်းတော်ထက်တွင် တည်ထားကိုးကွယ်မည့် မေတ္တာချုပ်စေတီတော်အား ဖူးမြော်ကြည်ညိုခဲ့ကြသည်။

(သတင်းစဉ်)

မွန်ဒီမိုကရေစီပါတီအား မွန်အမျိုးသားပါတီအမည်သို့ပြောင်းလဲခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၁၀/၂၀၁၄)
၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်)
မွန်ဒီမိုကရေစီပါတီ (Mon Democratic Party)အား
မွန်အမျိုးသားပါတီ (Mon National Party)အမည်သို့ပြောင်းလဲခွင့်ပြုခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ မှတ်ပုံတင် အမှတ် (၅၈)ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သည့် **မွန်ဒီမိုကရေစီပါတီ (Mon Democratic Party)**သည် ယင်းပါတီ၏ အမည်ကို **မွန်အမျိုးသားပါတီ (Mon National Party)** အမည်သို့ ပြောင်းလဲအသုံးပြုလိုကြောင်း ဤကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းပါတီ၏တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီစိစစ်ပြီး ပါတီ၏အမည်ကို ပြောင်းလဲခွင့်ပြုရန် သဘောတူပါသဖြင့် **မွန်ဒီမိုကရေစီပါတီ (Mon Democratic Party)**အား ၂၈-၃-၂၀၁၄ ရက်နေ့မှစ၍ **မွန်အမျိုးသားပါတီ (Mon National Party)** အမည်ဖြင့် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ
ဒေါက်တာဒေါ်မြင့်ကြည်
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

လူမှုဖူလုံရေးအကျိုးခံစားခွင့် ပင်စင်ခံစားသူများအား ငွေလုံးငွေရင်း တစ်လုံးတည်းပေးအပ်

နေပြည်တော် မတ် ၂၈

အလုပ်တွင်ထိခိုက်မှု အာမခံစနစ်အရ လုပ်ငန်းခွင်တွင် ထိခိုက်မှုဖြစ်ပွားပြီး အမြဲတမ်းမသန်စွမ်းမှုပင်စင်ခံစားသူ အာမခံအလုပ်သမား တစ်ဦးနှင့် အလုပ်တွင် ထိခိုက်မိပြီး သေဆုံးသွားသည့် အာမခံအလုပ်သမား၏ မိသားစုဝင်များမှ ကျန်ရစ်သူပင်စင်ခံစားသူ လေးဦးတို့ကပင်စင်ကို နည်းပါးစွာ ထုတ်ယူနေရသောကြောင့် ၎င်းတို့၏ ဆန္ဒနှင့်အညီ ငွေလုံးငွေရင်း တစ်လုံးတည်း ပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၅ ရက်တွင် ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့နယ် တာဝန်ခံ ဗိုလ်မှူးကြီးမြင့်အောင်သန်း**(အောက်ပုံ)**က အမှာစကားပြောကြားခဲ့သည်။

အမြဲတမ်းမသန်စွမ်းပင်စင်ခံစားသူ ဦးနန်းလင်းဦးနှင့် ကျန်ရစ်သူပင်စင် ခံစားသူ ဒေါ်မီမီစိုး(သား) မောင်ရဲမြင့်သူတို့အားလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းမော်က ကျန်ရစ်သူပင်စင်ခံစားသူ ဒေါ်ခင်မာမြင့်အား လည်းကောင်း၊ မြို့နယ်လူမှုဖူလုံရေးတာဝန်ခံ ဦးစီးအရာရှိ ဦးမောင်မောင်မင်းက ကျန်ရစ်သူပင်စင်ခံစားသူ ဒေါ်သန်းသန်းစိုးအား လည်းကောင်း ငွေလုံးငွေရင်းများ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် လူမှုဖူလုံရေးအကျိုးခံစားခွင့်ပင်စင်ခံစားသူ ငါးဦးအား ငွေလုံးငွေရင်းစုစုပေါင်း ၅၈၃၆၇၁၈ ကျပ် ၈၉ ပြားကိုတစ်လုံးတည်းထုတ်ပေးခဲ့ကြောင်း သိရသည်။

(လူမှုဖူလုံရေး)

စောလူးမင်းကျောက်စာ သုတေသနတွေ့ရှိချက်ဖိုရမ် ကျင်းပမည်

နေပြည်တော် မတ် ၂၈

၂၀၁၃ ခုနှစ် စက်တင်ဘာနှင့် နိုဝင်ဘာလတို့တွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ပေတောဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှ ကျောက်စာအပိုင်းကျိုး လေးပိုင်းကို တွေ့ရှိခဲ့ရာ အချို့သုတေသီများက ဘာသာငါးမျိုး၊ အက္ခရာငါးမျိုး ရေးထိုးထားကြောင်း၊ အချို့ကမူ ကျောက်စာပညာရှင်များက ဘာသာလေးမျိုး အက္ခရာလေးမျိုးဖြင့် ရေးထိုးထားကြောင်း Media များတွင် ရေးသားဖော်ပြကြသည်။

အဆိုပါ စောလူးမင်းရေးထိုးခဲ့သည့် ပေတောဘုန်းတော်ကြီးကျောင်းမှ တွေ့ရှိသော ကျောက်စာနှင့် ပတ်သက်၍ ၂၀၁၄ ခုနှစ် ဧပြီ ၆ ရက်တွင် ရန်ကုန်မြို့ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ Forum ပြုလုပ်မည်ဖြစ်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ကမ္ပည်းကျောက်စာပညာရှင် ဦးစိန်ဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း)နှင့် မွန်ကမ္ပည်းကျောက်စာပညာရှင် ဦးနိုင်ဘရှင်တို့က စောလူးမင်းကျောက်စာအား သုတေသနပြုဖတ်ရှုတွေ့ ရှိချက်များကို ကျောက်စာမင်ကူးနှင့်အတူ ဖော်ပြ ရှင်းလင်းပြောကြားမည်ဖြစ်သည်။

အဆိုပါ စောလူးမင်းကျောက်စာနှင့်ပတ်သက်၍ စိတ်ဝင်စားသူများ၊ သုတေသီများ မည်သူမဆို Forumသို့ တက်ရောက်နိုင်ကြောင်း၊ သုတေသီများအနေဖြင့်လည်း မည်သူမဆို စောလူးမင်းကျောက်စာ (မင်ကူး/ဓာတ်ပုံ)အား ဖတ်ရှုဘာသာပြန်ဆိုမှုကို ဖတ်ကြားတင်ပြနိုင်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ကောက်ချက်ဆွဲခြင်းပြုလုပ်မည်မဟုတ်ဘဲ သုတေသီပညာရှင်များ၏ သုတေသနပြုမှုများအဖြစ် စုစည်းမှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း၊ စာတမ်းဖတ်ကြားလိုသူများအနေဖြင့် ကြိုတင်၍ အမည်စာရင်းပေးပို့နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူး ဖုန်း-၀၆၇-၄၀၈၀၂၇ ၊ ၀၉-၄၉၂၀၀၅၉၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ သတင်းရရှိသည်။**(သတင်းစဉ်)**

နိုင်ငံခြားသားခရီးသည်ထံမှ ရွှေတုံးများ စစ်ဆေးတွေ့ရှိ

ရန်ကုန် မတ် ၂၈

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် မတ် ၂၇ ရက် ညနေပိုင်းက ပြည်ပသို့ထွက်ခွာမည့် နိုင်ငံခြားသားခရီးသည်ထံမှ ရွှေတုံးများ စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

မလေးရှားလေကြောင်းလိုင်း ခရီးစဉ်အမှတ် MH-743၊ လေယာဉ်အမှတ် 9M-MHD၊ လေယာဉ်အမျိုးအစား B-737 လေယာဉ်ဖြင့် မလေးရှားနိုင်ငံသို့ လိုက်ပါမည့် ခရီးသည် အိန္ဒိယနိုင်ငံသား Mr.Jaffar Mohamed Shafi (၄၃) နှစ် ပတ်စ်ပို့အမှတ် H-9861541 ၏ နီ/နက်ကျား ခရီးဆောင်အိတ်ကို X-Rays စက်ဖြင့် ဖြတ်သန်းစစ်ဆေးစဉ် အိတ်အတွင်းမှ ရွှေတုံး ၂၀ စုစုပေါင်း အလေးချိန် ၂၀၀ ကျပ်သားခန့်၊ တန်ဖိုးငွေကျပ်သိန်း ၁၃၀၀ ခန့်အား စစ်ဆေးတွေ့ရှိခဲ့သည်။ လေဆိပ်အကောက်ခွန်ဦးစီးဌာနမှ အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူရန် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။ **(ဝဓ၀)**

ကယားပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၂၈

ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ယနေ့နံနက် ၁၀ နာရီတွင် ကယားပြည်နယ်လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်(၂၀)တက်ရောက်သည်။

အစည်းအဝေးတွင် မေးခွန်းများအား ဖြေကြားခြင်း၊ ကယားပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ (မူကြမ်း) အား အတည်ပြုရန် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်ခဲ့ပြီး အစည်းအဝေး (ဒုတိယနေ့)ကို ၁၀ နာရီခွဲတွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း စတန်းဖို့ဒ်စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခဦးဆောင်သည့် ကျောင်းသား ကျောင်းသူများအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၈

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်ပြည်ထောင်စု စတန်းဖို့ဒ်စီးပွားရေး တက္ကသိုလ်မှ ပါမောက္ခ မစ္စတာ အက်ဒ်ဝက်ဒ်ပေါလ်လာဇီယား ဦးဆောင်သည့် ကျောင်းသား ကျောင်းသူများအား ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်၊ အတွင်းရေးမှူး ဦးမောင်တိုး၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်ထွန်း၊ ဦးကြည်ထွန်းဝင်း၊ ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

❖ ဝေရတ်တောင်ထိပ်မှ

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ ကျွန်းဆွယ်တစ်ခုလုံးတွင် ရေခဲများဖုံးလွှမ်းကာ အမြင့်ဆုံးသောတောင်ထွတ်များကို ပိုင်ဆိုင်ထားသည့် နိုင်ငံလည်းဖြစ်သလို အမြင့်ပေပေါင်း တစ်သောင်းကိုးထောင်ကျော်မြင့်သည့် ခါကာဘိုရာဇီနှင့် ဂန်လမ်ရာဇီတောင်တို့အပြင် ပေတစ်သောင်းကျော်မြင့်ကာ ရေခဲများဖုံးလွှမ်း၍ မတ်စောက်လှသော အခြားသောတောင်များကိုလည်း ပိုင်ဆိုင်ထားကြောင်း၊ ထိုသို့သော သဘာဝအလှတရားများကို ပိုင်ဆိုင်ထားသော်လည်း လူသိနည်းခဲ့ပြီး တောင်တက်အားကစားဖွံ့ဖြိုးမှုမှာလည်း နည်းပါးလျက်ရှိသလို ဝေရတ်တောင်တက်ရသည့်ခရီးစဉ်မှာလည်း နည်းစနစ်များကို လေ့လာမည့် ရည်ရွယ်ချက်မျိုးလည်းပါဝင်ကြောင်း သိရသည်။ နီပေါနိုင်ငံသည်လည်း Eco Tourism လုပ်ငန်းဖွံ့ဖြိုးသည့် နိုင်ငံတစ်ခုဖြစ်ပြီး ယခုခရီးစဉ်နှင့်ဆက်စပ်၍ မြန်မာနိုင်ငံတွင်လည်း Eco Tourism လုပ်ငန်းဖွံ့ဖြိုးရန် အထောက်အကူကောင်းများရရှိလာစေမည်ဖြစ်သည်။

ထိုဝေရတ်တောင်ပေါ်သို့ တက်ရောက်ခဲ့ကြသော နိုင်ငံအသီးသီးမှ တောင်တက်သမားများအနက် အချို့သည် တောင်ပေါ်သို့ ရောက်ရှိခြေချနိုင်ခဲ့ကြသော်လည်း အချို့မှာ မတက်ရောက်နိုင်ဘဲ လှည့်ပြန်ခြင်းများရှိခဲ့သလို တက်ရောက်ရင်း အသက်သေဆုံးခဲ့သူများလည်းရှိကြောင်း၊ တောင်တက်အားကစားသည် ငွေကုန်ကြေးကျများပြားမှုရှိပြီး တခြားအားကစားများကဲ့သို့ လူလူချင်းယှဉ်ပြိုင်ရခြင်းမျိုးမဟုတ်ဘဲ သဘာဝနှင့် ရင်ဆိုင်ကျော်လွှားရခြင်းကြောင့် မမြင်နိုင်သော အန္တရာယ်များက စိန်ခေါ်နေလျက်ရှိနေ၍ ခန္ဓာကိုယ်ကြံ့ခိုင်ရန်၊ စိတ်ဓာတ်ကြံ့ခိုင်စေရန်၊ ကျန်းမာသန်စွမ်းစေရန် လေ့ကျင့်ထားရသည်ဟု သိရသည်။

ဝေရတ်တောင်ခရီးစဉ်အတွက် ဒေါ်လာသိန်းနှင့်ချီကာ ကုန်ကျနိုင်သလို တွက်ဆမရနိုင်သော အန္တရာယ်များ ကြုံတွေ့နိုင်ပြီး ယင်းခရီးစဉ်အတွက် Htoo Group of Companies, Air Bagan, Aureum Palace Hotel, Myanmar Treasure Resort,AGD Bank နှင့် မြန်မာနိုင်ငံ ခြေလျင်တောင်တက်အဖွဲ့ချုပ်တို့က ပံ့ပိုးထားလျက်ရှိသည်။

တက္ကသိုလ်များခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမျိုးသန့်က "ဒီခရီးစဉ်က ကိုယ်တိုင်မတက်ရောက်ဖြစ်ပေမယ့် တက်ရောက်တဲ့လူငယ်လေးတွေအတွက် ဂုဏ်ယူပါတယ်။ နိုင်ငံအနေနဲ့လည်း ဂုဏ်ယူစရာ တစ်ခုတိုးတာပါပဲ" ဟု ကြေးမုံသတင်းစာသို့ ပြောပြသည်။ ထိုဝေရတ်တောင်တက်ခရီးစဉ်တွင် ၁၉၉၆ ခုနှစ်က မြန်မာ့အမြင့်ဆုံး ခါကာဘိုရာဇီတောင်တွင် ခြေချနိုင်ခဲ့သော မြန်မာနိုင်ငံ မြောက်ဖျားပိုင်းတွင် နေထိုင်သည့် တိဘက်လူမျိုး ဦးနမာဂျွန်ဆင်၊ ပူတာအိုဒေသမှ လီဆူးလူမျိုး ဦးကီးရိုဒွေ၊ Htoo Group of Companies မှ ဦးရဲမင်းသူ၊ ပူတာအိုဒေသ Malikha Lodge Resort မှ ဦးစိုင်းဝဏ္ဏစိုး၊ Culture & Trekking Guide ဖြစ်သူ ဦးစိုင်းကျော်သူထွေးတို့ပါဝင်ပြီး ၎င်းတို့ငါးဦးသည် ဟိမဝန္တာတောင်တန်းအတွင်း တောင်တက်လေ့ကျင့်မှုများကို လုပ်ဆောင်ခဲ့ကြကြောင်းသိရသည်။

"ဟိမဝန္တာတောင်တန်းထဲမှာ မီတာ ၈၀၀၀ (ပေပေါင်းနှစ်သောင်းလေးထောင်ကျော်) မြင့်တဲ့တောင်ထွတ်တွေ ၁၆ ခုရှိပါတယ်။ တောင်တက်သမားတစ်ယောက်ရဲ့ အိပ်မက်ကိုမေးရင် အဲဒီဟိမဝန္တာတောင်ကြောထဲက ကမ္ဘာ့အမြင့်ဆုံးတောင်ထွတ်ဖြစ်တဲ့ ဝေရတ်တောင်ကို အောင်မြင်စွာ တက်ရောက်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဝေရတ်တောင်ပေါ်မှာ မြန်မာနိုင်ငံတော် အလံလွှင့်ထူဖို့အတွက် မြန်မာတစ်မျိုးသားလုံးကိုယ်စား ကျွန်တော်တို့အသက်နဲ့ရင်းပြီး ကြိုးစားနေပါတယ်ဆိုတာ ပြောကြားလိုပါတယ်" ဟု ကိုစိုင်းဝဏ္ဏစိုးက ဆိုသည်။

လွန်ခဲ့သောနှစ်ကလည်း ဂန်လမ်ရာဇီတောင်ပေါ်သို့ အမေရိကန်နိုင်ငံသားများနှင့်အတူ မြန်မာနိုင်ငံသားများ ခြေချနိုင်ခဲ့ကြောင်းသိရသည်။ ယခုခရီးသွားလုပ်ငန်းများ တိုးတက်လာချိန်တွင် အနာဂတ်ကာလ၌ သဘာဝကို အခြေခံသည့် Eco Tourism လုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်ကြောင်းကိုလည်း သုံးသပ်ထားကြသည်။

(၆၈၀)

❏ စစ်တွေမြို့မှ

မတ် ၂၇ ရက်တွင် ခဲများဖြင့် ပစ်ပေါက်ဖျက်ဆီးမှု ၂၅ ကြိမ် ဖြစ်ပွားခဲ့သဖြင့် သတိပေးပစ်ခတ်မှု(၅)ကြိမ် ပြုလုပ်ခဲ့ရကြောင်း၊ သတိပေးပစ်ခတ်မှုတစ်ခုတွင် ရွာကြီးတောင်ရပ်ကွက်နေ အဘ ဦးတင်မောင်၏သမီး မညိုသိန်းမေ (၁၁)နှစ်သည် ကျည်တစ်ချက် ထိမှန်ဒဏ်ရာရရှိသဖြင့် စစ်တွေမြို့နယ် ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသခဲ့ရာ ညနေ ၄ နာရီ မိနစ် ၅၀ ခန့်တွင် သေဆုံးသွားခဲ့ကြောင်းနှင့် ရွာကြီးတောင်ရပ်ကွက်နေ အဘ ဦးအောင်လှစိန်၏ သမီး ဒေါ်ဝင်းမေသိန်း(၃၉)နှစ်မှာ ဒဏ်ရာတစ်ချက်(မစိုးရိမ်ရ) ရရှိခဲ့သည်။

မတ် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖြစ်ပွားခဲ့သော လူအုပ်စုဖြင့် တိုက်ခိုက်မှု ၃၅ ကြိမ်တွင် နေအိမ် ၂၉ လုံး၊ ဂိုဒေါင် ခုနစ်လုံး၊ မော်တော်ယာဉ် နှစ်စီး ပျက်စီးဆုံးရှုံးခဲ့သည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ စစ်တွေမြို့အတွင်း အများပြည်သူတို့၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေသည့် လူအုပ်စုဖြင့် တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးတို့အတွက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက စစ်တွေမြို့တွင် အခြေပြုပြီး လုံခြုံရေးကိစ္စရပ်များအား ကွပ်ကဲကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းအနေဖြင့် ရခိုင်ပြည်နယ်တွင် ဖွဲ့စည်းထားရှိသည့် အရေးပေါ်ကာလ စီမံခန့်ခွဲရေးကော်မတီကိုပါ ကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စစ်တွေမြို့ပေါ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်တွေဟိုတယ်၊ UNICEF ရုံး၊ WFP ဂိုဒေါင်၊ AZG ရုံး၊ ICRC ရုံး စသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ ငှားရမ်းထားသည့် ရုံး၊ ဂိုဒေါင်အဆောက်အအုံများ ဝန်းကျင်နှင့် ဘင်္ဂလားဒေ့ရှ် ကောင်စစ်ဝန်ရုံးအနီးတွင် လုံခြုံရေးဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

စစ်တွေမြို့ရှိ နိုင်ငံတကာအဖွဲ့အစည်းများမှ နိုင်ငံခြားသားများအနက် ၇ ဦးမှာ မတ် ၂၇ ရက်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ပြန်သွားခဲ့ပြီး စစ်တွေမြို့ ရဲရိပ်သာတွင် ရွှေ့ပြောင်းနေရာချထားပေးသည့် နိုင်ငံခြားသား ၃၇ ဦးနှင့် စစ်တွေဟိုတယ်ရှိ နိုင်ငံခြားသား ၁၇ ဦးတို့သည်လည်းကောင်း၊ ရဲရိပ်သာရှိ နိုင်ငံသားဝန်ထမ်း ၃၉ ဦးနှင့် စစ်တွေဟိုတယ်ရှိ နိုင်ငံသားဝန်ထမ်း ၄၇ ဦးတို့သည်လည်းကောင်း ယနေ့တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရန် လေယာဉ်လက်မှတ်များ စီစဉ်ပေးထားပြီးဖြစ်ကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဦးဝင်းမြိုင်ထံသို့ ဆက်သွယ်သတင်းမေးမြန်းချက်အရ သိရှိရသည်။

ထို့ပြင် ဦးဝင်းမြိုင်က ယနေ့တွင် စစ်တွေမြို့၌ ပုံမှန်အတိုင်း သွားလာလှုပ်ရှားလျက်ရှိပြီး တည်ငြိမ်အေးချမ်းလျက်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

(သတင်းစဉ်)

❂ ကျောဖုံးမှ

ကမ္ဘာ့အဆင့်(၁) နေရာရှိ အမေရိကန် တင်းနစ်မယ်ဆရီနာဝီလျံသည် ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာအား ဆီမီးဖိုင်နယ်အဆင့်တွင် ၆-၄၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အသက်(၃၂)နှစ်အရွယ် တရုတ်တင်းနစ်မယ်လီနာသည်ဆိုနီအိုးပင်း တင်းနစ်ဖလား ဆီမီးဖိုင်နယ်အဆင့်တွင် ဆလိုဗက်ကီးယားတင်းနစ်မယ် ဆီအူလဲကိုဗာအား ၂နာရီ ၁၅ မိနစ်ကြာ ကစားကာ ၇-၅၊၂-၆၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဆိုနီအိုးပင်းတစ်နစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်တွင် နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည့် အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံနှင့် တရုတ်တင်းနစ်မယ် လီနာတို့သည် ဆိုနီအိုးပင်းတင်းနစ်ဖလား အမျိုးသမီးတစ်ဦးချင်း ဗိုလ်လုပွဲအဖြစ် မတ် ၂၉ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

(နိုင်လင်းကြည်)

မြန်မာ့အသံရေဒီယိုအစီအစဉ်များကို မြို့ကြီး ကိုးမြို့တွင် FM အစီအစဉ်ဖြင့် နားဆင်နိုင်ပြီ

နေပြည်တော် မတ် ၂၈

မြန်မာ့အသံ ရေဒီယိုအစီအစဉ်များကို FM စနစ်ဖြင့်နားဆင်နိုင်ရန် ပထမအဆင့် မြို့ကြီး ၁၅ မြို့အနက် မြို့ကြီး ခုနစ်မြို့ဖြစ်သည့် စစ်ကိုင်း၊ လားရှိုး၊ နေပြည်တော်၊ ပျဉ်းမနား၊ မော်လမြိုင်၊ ပုသိမ်နှင့် ပုပ္ပားတို့တွင် ဖမ်းယူနားဆင်နိုင်ပြီဖြစ်ကြောင်း ပြည်သူလူထုသို့ အသိပေးခဲ့ပြီးဖြစ်သည်။

ယခုထပ်မံ၍ ပဲခူးရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ လွှင့်အား (2 KW)၊ လှိုင်းနှုန်း (92.5 MHz)ဖြင့် မတ် ၂၂ ရက်မှ စတင်၍လည်းကောင်း၊ လွိုင်ကော်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ လွှင့်အား (2 KW)၊ လှိုင်းနှုန်း (90.7 MHz)ဖြင့် မတ် ၂၇ ရက်မှစတင်၍လည်းကောင်း ထုတ်လွှင့်လျက်ရှိရာ စက်ရုံများမှ အကွာအဝေးမိုင် ၃၀ အတွင်းရှိ ဒေသများမှ ကောင်းမွန်စွာဖမ်းယူနားဆင်နိုင်ပြီဖြစ်သည်။

ကျန်ရှိသည့် စက်ရုံခြောက်ရုံ၌ FM စနစ်တိုးချဲ့ထုတ်လွှင့်ဆောင်ရွက်မှုများကို မေလအတွင်း အပြီးတပ်ဆင်သွားမည်ဖြစ်ရာ လက်ရှိတွင် စစ်တွေစက်ရုံနှင့် မြိတ်စက်ရုံတို့တွင် တပ်ဆင်နိုင်ရေးဆောင်ရွက်လျက်ရှိပြီး ဒုတိယအဆင့်အဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စက်ရုံ ၂၅ ရုံ၌ FM စနစ်များတိုးချဲ့တပ်ဆင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်
နေပြည်တော် မတ် ၂၈

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

❍ နေပြည်တော်အသင်းမှ

အသင်းအတွက် ငြိမ်းတေဇာဝင်းက နှစ်မိနစ်နှင့် ၄၉ မိနစ်တွင် နှစ်ဂိုးသွင်းယူခဲ့ပြီး ခြောက်မိနစ်တွင် အောင်ကျော်နိုင်က တစ်ဂိုးသွင်းယူခဲ့သည်။ Southern အတွက် ချေပဂိုးကို ၅၆ မိနစ်တွင် ဇင်မျိုးဝင်းက သွင်းယူခဲ့ပြီး ရှုံးပွဲဆက်နေမှုကို ရပ်တန့်နိုင်ခြင်းမရှိခဲ့ပေ။

ယခုပွဲမစတင်မီ HIV ဝေဒနာခံစားနေရသူများအတွက် "Protect the Goal" အစီအစဉ်ကိုပြုလုပ်ခဲ့ပြီး ယင်းစာတန်းပါ ဆိုင်းဘုတ်နှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြသည်။ ထို့ပြင် HIV ဝေဒနာရှင်များအတွက် အမှတ်တရ ရင်ထိုးတံဆိပ်များကို နှစ်ဖက်ကစားသမားများက ဝတ်ဆင်ကစားခဲ့သည်။

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)	**မနောမြေ - ရတနာပုံ**
(အောင်ဆန်းကွင်း)	**GFA - ကမ္ဘောဇ**
(YUSC ကွင်း)	**ရန်ကုန် - ချင်း**
(မုံရွာကွင်း)	**ဇေယျာရွှေမြေ - ရောဝတီ**

သတင်းနှင့် ဓာတ်ပုံ-ရှိုင်းထက်ဇော်

၁၃၇၅/၁၃၇၆ ခုနှစ်အတွက် မဟာသင်္ကြန် အကျ-အကြတ်-အတက်-နှစ်ဆန်း(၁)ရက်နှင့် ဝါဆို-ဝါကပ်-လ-ရက်များ

၁။ **မဟာသင်္ကြန်အကျရက်**
- ဇယတု-မြန်မာသက္ကရာဇ်-၁၃၇၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၅) ရက် တနင်္လာနေ့
- ရခိုင်သက္ကရာဇ်- ၁၃၇၅ ခုနှစ်၊ တာကူးလဆန်း (၁၅) ရက် တနင်္လာနေ့
- ခရစ်နှစ် ၂၀၁၄၊ ဧပြီလ (၁၄)ရက် တနင်္လာနေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် နံနက်စက် ၁၀ နာရီ ၁၈ မိနစ် ၃၉ စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျပါသည်။

၂။ **မဟာသင်္ကြန် အကြတ်ရက်**
- မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်၊ နှောင်းတန်ခူးလဆုတ် (၁)ရက် အင်္ဂါနေ့
- ရခိုင်သက္ကရာဇ် ၁၃၇၅ ခုနှစ်၊ တာကူးလဆုတ် (၁)ရက် အင်္ဂါနေ့
- ခရစ်နှစ် ၂၀၁၄၊ ဧပြီလ (၁၅)ရက် အင်္ဂါနေ့သည် မဟာသင်္ကြန် အကြတ်ရက် ဖြစ်သည်။

၃။ **မဟာသင်္ကြန် အတက်ရက်**
- မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်၊ နှောင်းတန်ခူးလဆုတ် (၂)ရက် ဗုဒ္ဓဟူးနေ့
- ရခိုင်သက္ကရာဇ် ၁၃၇၅ ခုနှစ်၊ တာကူးလဆုတ် (၂)ရက် ဗုဒ္ဓဟူးနေ့
- ခရစ်နှစ် ၂၀၁၄၊ ဧပြီလ (၁၆)ရက် ဗုဒ္ဓဟူးနေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် နေ့လယ်စက် ၂ နာရီ ၂၃ မိနစ် ၂၀ စက္ကန့်အချိန်တွင် မဟာသင်္ကြန်အတက်ရက်ဖြစ်သည်။

၄။ **မြန်မာ-ရခိုင်-နှစ်ဆန်း ၁ ရက်**
- **မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ်၊ ဦးတန်ခူးလဆုတ် (၃)ရက် ကြာသပတေးနေ့**
- **ရခိုင်သက္ကရာဇ် ၁၃၇၆ ခုနှစ်၊ တာကူးလဆုတ် (၃)ရက် ကြာသပတေးနေ့**
- **ခရစ်နှစ် ၂၀၁၄၊ ဧပြီလ (၁၇) ရက် ကြာသပတေးနေ့သည် မြန်မာ-ရခိုင် နှစ်ဆန်း ၁ ရက်နေ့ ဖြစ်ပါသည်။**

၅။ **ဝါဆို-ဝါကပ်-လ-ရက်များ**
- မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ်သည် အဓိမာသအဓျာဟ မရှိပါသောကြောင့် ဗုဒ္ဓဘာသာ သာသနာ့ဝန်ထမ်း ရဟန်းတော်တို့မှာ

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁)ရက် စနေနေ့၊ ရခိုင်သက္ကရာဇ် ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁)ရက် စနေနေ့၊ ခရစ်နှစ် ၂၀၁၄၊ ဇူလိုင်လ (၁၂) ရက် စနေနေ့သည် ပထမပုရိမဝါကပ်ဆိုတော်မူကြရမည် ဖြစ်သည်။

ဒုတိယပစ္ဆိမဝါကို ၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁)ရက်၊ ရခိုင်သက္ကရာဇ် ၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁)ရက် တနင်္လာနေ့၊ ခရစ်နှစ် ၂၀၁၄၊ ဩဂုတ်လ (၁၁)ရက် တနင်္လာနေ့သည် ဒုတိယပစ္ဆိမဝါကပ်ဆိုတော်မူကြပါရန် ဖြစ်ပါသည်။

၆။ **ကဆုန်လပြည့်**
- ဖုဒ္ဓကဆုန်လပြည့်နေ့မှာ ၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁)ရက် ဗုဒ္ဓဟူးနေ့ (၁၄-၅-၂၀၁၄) ဝေါဟာရ ကဆုန်လပြည့်မှာ ၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ (၁၃-၅-၂၀၁၄)

ဦးသဒ္ဒိယ	ဦးပညိန္ဒ	ဦးအောင်ချစ်	ဦးပြေငြိမ်း	ဦးကျော်
ဥက္ကဋ္ဌ	အဖွဲ့ဝင်	အဖွဲ့ဝင်	အဖွဲ့ဝင်	အဖွဲ့ဝင်

သင်္ကြန်ကာလအတွင်း မည်သည့်ဆိုင်ကယ်မျှ စီးနင်းခွင့်ပြုသွားမည်မဟုတ်

ရန်ကုန် မတ် ၂၈

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ၌ ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်ဆိုင်ကယ်မျှ စီးနင်းခွင့်ပြုသွားမည်မဟုတ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ရန်ကုန်တိုင်း စည်ပင်သာယာနယ်နိမိတ်အတွင်း၌ ဆိုင်ကယ်စီးနင်းခွင့်ကို ပြည်ထဲရေးဝန်ကြီးဌာန၊ လျှပ်စစ်ဝန်ကြီးဌာနနှင့် စည်ပင်သာယာဌာနဟူ၍ ဌာနဆိုင်ရာသုံးခုသာ ခွင့်ပြုထားသော်လည်း သင်္ကြန်ရက်များတွင် ခွင့်ပြုထားသည့် ဆိုင်ကယ်များကိုလည်း စီးနင်းခွင့်ပြုသွားမည် မဟုတ်ကြောင်း သိရသည်။ (ကေသိန်းဆွေ)

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း ကျောက်တော်မြို့ရှိ နယ်မြေခံတပ်မ၌ တပ်မိသားစုဝင်များနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့်အဖွဲ့ ရခိုင်ပြည်နယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး

စစ်တွေ မတ် ၂၈

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနိုင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့်အဖွဲ့သည် မတ် ၂၈ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် စစ်တွေမြို့သို့ ရောက်ရှိကြသည်။ ယင်းနောက် နံနက် ၉ နာရီ ၅၅ မိနစ်တွင် ကျောက်တော်မြို့ရှိ နယ်မြေခံတပ်မသို့ရောက်ရှိပြီး တပ်မိသားစုဝင်များနှင့် တွေ့ဆုံခဲ့သည်။ ထို့နောက် တပ်မတော်ရဟတ်ယာဉ်ဖြင့် ဘူးသီးတောင်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ပြီး တပ်မိသားစုဝင်များနှင့် တွေ့ဆုံခဲ့သည်။

မတ် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းသည် နံနက် ၉ နာရီ မိနစ် ၂၀ တွင် စစ်တွေမြို့ပေါ်ရှိ ဖြစ်ပွားခဲ့သည့် နေရာများသို့ မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ဗိုလ်ချုပ်မောင်မောင်အုန်း၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်ဥပဒေချုပ် ဦးလှသိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမင်းချစ်ဦး၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်သာသနာရေးဦးစီးမှူး၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖတို့သည် ညနေ ၅ နာရီခွဲတွင် ရခိုင်ပြည်နယ်လွှတ်တော်ခန်းမ၌ ပြည်နယ်သြဝါဒါစရိယ ဆရာတော်ကြီးခြောက်ပါးထံမှ သြဝါဒခံယူကြသည်။

အဆိုပါ သြဝါဒခံယူပွဲတွင် စစ်တွေမြို့ မဏိရတနာကျောင်းတိုက်ဆရာတော်ကြီးမှ စစ်တွေမြို့တွင် လတ်တလောဖြစ်ပွားခဲ့သည့် အခြေအနေများနှင့်စပ်လျဉ်း၍ သြဝါဒစကားမြွက်ကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်တို့က သာသနာရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားကြပြီး ပြည်နယ်သြဝါဒါစရိယဆရာတော်ကြီးများမှ သြဝါဒကထာများ မြွက်ကြားကြပြီးနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(ပြည်နယ်ပြန်/ဆက်)

မြန်မာ – ထိုင်းအနုပညာရှင်အသင်း ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂၈

မြန်မာအနုပညာရှင်ဘောလုံးအသင်း (Actor Star FC) နှင့် ထိုင်းအနုပညာရှင် ဘောလုံးအသင်း (Super Star FC) တို့သည် နှစ်နိုင်ငံ ချစ်ကြည်ရေးဘောလုံးပွဲကို မတ် ၂၈ ရက် ညနေ ၄ နာရီခွဲတွင် လှိုင်မြစ်ခင်းတုကွင်း (YUSC)၌ ကျင်းပသည်။

ဦးစွာ နှစ်ဖက်အားကစားသမားများကို မိတ်ဆက်ပေးပြီး မြန်မာအနုပညာရှင် အမျိုးသမီးများက ပန်းစည်းများ ပေးအပ်ကြကာ နှုတ်ဆက်စကားများ ပြောကြားကြသည်။ ယင်းနောက် နှစ်ဖက်အသင်းခေါင်းဆောင်တို့က အမှတ်တရအထိမ်းအမှတ်လက်ဆောင် လဲလှယ်ကြပြီး ပြိုင်ပွဲကို စတင်ကျင်းပ၍ ပထမပိုင်းအကျိတ်အနယ်ယှဉ်ပြိုင်ကစားကြပြီး တစ်ဖက်တစ်ဂိုးစီဖြင့် ပထမပိုင်းအချိန် ပြီးဆုံးသွားသည်။

ဒုတိယပိုင်း ဆက်လက်ကစားကြရာတွင် နှစ်ဖက်အသင်း ကစားအားပိုမိုကောင်းမွန်လာပြီး တစ်ဖက်နှင့်တစ်ဖက်ဂိုးများ အပြန်အလှန်သွင်းယူကြကာ ပွဲအပြီးတွင် ထိုင်းအနုပညာရှင်အသင်းက သုံးဂိုး၊ မြန်မာအနုပညာရှင်အသင်းက နှစ်ဂိုးဖြင့် ပွဲပြီးဆုံးသွားသည်။

ယနေ့ပြိုင်ပွဲသည် အနုပညာရှင်များ ချစ်ကြည်ရေးပွဲဖြစ်သဖြင့် အနုပညာ ဘောလုံးသမားများက အားကစားစိတ်ဓာတ် အပြည့်ဖြင့် ကစားသွားကြကာ ပရိသတ်များကလည်း နှစ်ဖက်အသင်းကိုမျှတစွာ အားပေးသွားကြသည်ကို မြင်ရသည်။ ပွဲအပြီးပရိသတ်များက အနုပညာရှင်များနှင့်တွဲ၍ ဓာတ်ပုံရိုက်ခြင်း၊ အော်တိုရေးခိုင်းခြင်းတို့ဖြင့် ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်ကို တွေ့မြင်ရသည်။

(ငွေအောင်-ကြေးမုံ)

မြန်မာအနုပညာရှင်အသင်း ချေပဂိုးရရန် ကြိုးပမ်းစဉ်။

မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် မဟာသင်္ကြန်ပွဲတော်နှင့် စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

၁။ မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၅ ရက်နေ့မှ ဦးတန်ခူးလဆုတ် ၂ ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော်ဖြစ်ပါသည်။

၂။ ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာရပြုခြင်း၊ ရှင်ပြုရဟန်းခံ အလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်းစသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

၃။ ထို့အပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်းမွှေးပျံ့သင်းသည့် နံ့သာရေများကို သပြေခက်ဖြင့်ပက်ဖျန်းကြသည့် ဓလေ့ အစဉ်အလာလည်းရှိပါသည်။

၄။ သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာ ရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သား မခံမရပ်နိုင်သည်အထိ နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်းစသည့် အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

၅။ ထို့ကြောင့် ၁၃၇၅ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန်ဖြစ်ပါသည်-

(က) မြန်မာ့ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊

(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ့်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊

(ဂ) ပြည်သူများသည် မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့်ဆောင်ရွက်နိုင်ကြစေရန်၊

(ဃ) မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန်၊

(၆) သို့ဖြစ်ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သော ရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် နေထိုင်မှု၊ ပြုမူမှုများ ရှောင်ကြဉ်ကြပါရန်၊

(ခ) ဘာသာတရား၏ အဆုံးအမနှင့်မလျော်ညီသည့် ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုများ ရှောင်ကြဉ်ကြပါရန်၊

(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ ရှောင်ကြဉ်ကြပါရန်၊

(ဃ) သူတစ်ပါး(သို့မဟုတ်) အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာပျက်ပြားထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်းစသည့် အပြုအမူများရှောင်ကြဉ်ကြပါရန်၊

(င) မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းမြတ်နိုးတတ်သော အများပြည်သူတို့၏ အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေတတ်သည့် မြန်မာ့ယဉ်ကျေးမှုလွန် ဝတ်စားဆင်ယင်မှုမျိုး မဖြစ်စေရေး ဆင်ခြင်ရှောင်ကြဉ်ကြပါရန်၊

NRC ရုပ်သံလိုင်းထုတ်လွှင့်မှု အချိန်ပြောင်းလဲထုတ်လွှင့်မည်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား NRC ရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၃၁ ရက်အထိ နံနက် ၆ နာရီမှ စတင်၍ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇို)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်ဘာသာများကို မွန်းလွဲ ၂ နာရီခွဲအထိ ပထမအကြိမ်အဖြစ်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲမှ ည ၁၁ နာရီအထိ ဒုတိယအကြိမ်အဖြစ်လည်းကောင်း ထုတ်လွှင့်ခဲ့သည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန်ကို ထပ်မံတိုးချဲ့ထုတ်လွှင့်ရန်အတွက် ထုတ်လွှင့်မှုကို ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှစ၍ မေ ၃၁ ရက်ထိ နံနက် ၆ နာရီမှ ၈ နာရီအထိ ကယားဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၉ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ နံနက် ၉ နာရီမှ ၁၀ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၁၁ နာရီမှ ၁၂ နာရီအထိ ချင်း(လိုင်ဇို)ဘာသာအစီအစဉ်၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီအထိ ချင်း(ချိုး) ဘာသာအစီအစဉ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ မွန်ဘာသာအစီအစဉ်၊ ညနေ ၃ နာရီမှ ၅ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ညနေ ၅ နာရီမှ ည ၇ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ ည ၇ နာရီမှ ၉ နာရီအထိ 'ဝ' ဘာသာအစီအစဉ်၊ ည ၉ နာရီမှ ၁၁ နာရီအထိ ကချင်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက်အချိန်တိုးချဲ့ ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ဂေဟာစနစ်ပြောင်းလဲလာသော ပဲခူးရိုးမ

အုတ်တွင်း မတ် ၂၈

ပြောင်းလဲလာသော ကမ္ဘာ့ရာသီဥတုအခြေအနေသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုပူနွေးလာခြင်းဘက်သို့သာ ဦးတည်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း နေ့အပူချိန်များမြင့်တက်ခြင်း၊ ဆောင်းရာသီတွင် ပြင်းထန်သော အအေးလှိုင်းများကျရောက်ခြင်း၊ မိုးရာသီတွင် မုန်တိုင်းများဒဏ်ကို အဆီးအတားမဲ့ခံရခြင်းများ ကြုံတွေ့နေရပြီဖြစ်ရာ ထိုသို့သော အခြေအနေများကို ထိန်းညှိပေးနိုင်သော သစ်ပင်သစ်တောများ ပြုန်းတီးအားနည်းလာမှုသည်လည်း အဓိကကျသော အချက်တစ်ခုဖြစ်ပေသည်။ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ၏ ရာသီဥတုကိုသက်ရောက်မှုပေးနိုင်သော ပဲခူးရိုးမတောင်တန်းကြီးများနှင့် မြန်မာ့ကျွန်းရတနာတို့ကြီးစိုးရာ ပဲခူးရိုးမတောကြီးသည်လည်း ပြင်းထန်သော ပြုန်းတီးမှုများနှင့် ကြုံတွေ့ခဲ့ရသည်ဖြစ်ရာ တောတောင်ကို အမှီပြုနေထိုင်သော တောနေကျေးလက်ပြည်သူများနှင့် တောနေ သတ္တဝါများသည် မကြုံတွေ့ဖူးသောအခြေအနေများနှင့် ရင်ဆိုင်နေရကြောင်း၊ "ဒီနေရာမှာအခြေချနေထိုင်လာတာ ၁၅ နှစ်လောက်ရှိပြီ၊ ဒီဘက်နှစ်ပိုင်းတွေမှာတော့ တောဆင်ရိုင်းတွေ၊ လူနေရွာတွေနားကပ်လာတယ်၊ ဖျက်ဆီးအန္တရာယ်ပြုမှုတွေများလာတယ်၊ ပြီးခဲ့တဲ့လက တောဆင်တွေ ရွာကိုဝင်ပြီး လူတစ်ယောက်ကိုနင်းသတ်သွားတယ်၊ သုံးရက်ခြားလောက်မှာ သုံးမိုင်လောက်ဝေးတဲ့နေရာက ရွာမှာနေအိမ်ဖျက်ဆီးပြီး လူတစ်ယောက်ဆင်နင်းခံရလို့ သေဆုံးခဲ့ရတယ်"ဟု ပဲခူးရိုးမဖြတ်လမ်း မိုင် ၂၀ မှ ရွာသားတစ်ဦးကပြောသည်။ "တလောတုန်းက ဆင်ပေါက်ကလေးတွေ နွံအိုင်ထဲနစ်ပြီး အော်နေတာတွေ့တယ်၊ ဆင်ကြီးတွေတော့ မတွေ့ဘူး၊ ကျွန်တော်တို့လည်းမတော်လို့ ဆင်ကြီးတွေရှိနေရင် အန္တရာယ်ပြုမှာကြောက်လို့ထွက်ပြေးခဲ့ရတယ်" ဟု တောနေဒေသခံတစ်ဦးကပြောပြီး "ဆင်တွေတင်မကဘူး တခြားတောနေသတ္တဝါတွေလည်း ရှားပါးသွားပြီ၊ ဆင်ခိုးသတ်တဲ့လူတွေလည်း ရှိတယ်၊ သစ်ခိုးတဲ့လူတွေလည်း ရှိတယ်၊ ဆင်တွေကတော့ သူတို့နားခိုတဲ့ သစ်ပင်ကြီးတွေပြုန်းတီး၊ အစာရေစာလည်းရှားပါးလာတော့ လူနားကပ်လာပြီး ရန်ပြုကြတယ်၊ အခြားသတ္တဝါတွေကတော့ သိပ်ကိုရှားပါးလျော့ကျသွားပြီ၊ သစ်ပင်တွေခုတ်တာကတော့ အရမ်းမြန်ပြီး ပြန်စိုက်ပျိုးနေတာက အရမ်းနှေးကွေးတယ်လေ" ဟု ဒေသတွင်းမှ မုဆိုးတစ်ဦးကပြောသည်။ သဘာဝတောမီး လောင်ကျွမ်းမှုများ၊ တရားမဝင်စည်းကမ်းမဲ့ သစ်ခိုးထုတ်မှုများ၊ လူနေကျေးရွာနှင့် စီမံကိန်းနေရာချဲ့ထွင်မှုများသည် ကျွန်ုပ်တို့၏ချည့်နဲ့နေသော ရတနာတောကြီးကိုအလဲထိုးရန် ကြိုးစားနေရာ တောကြီး၏အားအင်သစ်ပင်ပျိုများ အရှိန်အဟုန်မြင့်စိုက်ပျိုးတည်ထောင်ရင်း ကျန်ရှိနေသေးသော ရတနာသစ်ပင်များကိုလည်း တိုးမြှင့်ထိန်းသိမ်းကာကွယ်ပါမှ နောင်အနာဂတ်မျိုးဆက်များနှင့် ရိုးမဘုရင်ရတနာကျွန်းတို့သည် လည်းကောင်း၊ ရှေးခေတ်မြန်မာ့တပ်မတော်၏ စစ်သည်တော်၊ အမှုတော်ထမ်းဖြစ်ခဲ့၍ ယခုခေတ် မြန်မာ့သစ်လုပ်ငန်း၏ လုပ်သားကြီးများဖြစ်သော မြန်မာ့ဆင်ကြီးများသည် လည်းကောင်း ၎င်းတို့၏ဘဝများ ပြန်လည်တင့်တယ်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ **(ကိုကိုနေ)**

လျှပ်စစ်အန္တရာယ်နှင့် မီးဘေးအန္တရာယ်ကင်းဝေးစေရေး ဟောင်းနွမ်းလျှပ်စစ်မီးကြိုးများ လဲလှယ်ကြရန် နှိုးဆော်

လှိုင်သာယာ မတ် ၂၈

လှိုင်သာယာမြို့နယ်တွင် စက်ရုံ အလုပ်ရုံ ဌာနဆိုင်ရာများ၊ အဆောက်အအုံများနှင့် နေအိမ်များတွင် လျှပ်စစ်အန္တရာယ်နှင့် မီးဘေးအန္တရာယ်ကင်းဝေးရေးအတွက် လျှပ်စစ်မီးကြိုးများ ဟောင်းနွမ်းပါက အသုံးမပြုကြရန်နှင့် မီးကြိုးအသစ်လဲလှယ်သုံးစွဲကြရန်၊ ပြည်သူများ ပါဝင်ပူးပေါင်းဆောင်ရွက်လာစေရေး ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများနှင့် စက်မှုဇုန်ကော်မတီရုံးများသို့ နှိုးဆော်ထားပြီး ခါတ်တိုင်မှ အဆောက်အအုံသို့သွယ်တန်းသည့် လျှပ်စစ်မီးကြိုး(ဆားဗစ်ကြိုး)အား လဲလှယ်လိုပါက မြို့နယ်လျှပ်စစ်ရုံးသို့ ဆက်သွယ်ဆောင်ရွက်ကြရန်နှင့် အဆောက်အအုံ/အိမ်အတွင်း လျှပ်စစ်မီးကြိုးများ လဲလှယ်လိုပါက စက်မှုဝန်ကြီးဌာန လျှပ်စစ်စစ်ဆေးရေးဌာန၏ လျှပ်စစ်ကျွမ်းကျင်လက်မှတ်(EI) ရရှိထားသူများနှင့် ဆက်သွယ်၍ စနစ်တကျလိုက်နာဆောင်ရွက်ကြပါရန် ဖြည့်စွက်ဖော်ပြထားကြောင်းသိရသည်။ **(၄၉)**

အင်းမ၊ ဆင်မြီးဆွဲကျေးရွာတွင် ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်

သဲကုန်း မတ် ၂၈

ကျေးလက်နေပြည်သူများ ရာသီမရွေးသွားလာနိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဖူးဝေဟိန်းကုမ္ပဏီမှ အင်းမ၊ ဆင်မြီးဆွဲကျေးရွာချင်းဆက်ကျောက်ချောလမ်းသစ်အား တာဝန်ယူဖောက်လုပ်ခဲ့ရာ ယခုအခါ ပြီးစီးပြီဖြစ်သည့်အတွက် ယင်းလမ်းသစ်ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက အဆိုပါလမ်း မုခ်ဦးရှေ့တွင် ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်၊ ပြည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမင်းမောင်၊ သဲကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်အတွင်းရှိ အင်းမနှင့်ဆင်မြီးဆွဲကျေးရွာချင်းဆက်သွယ်သည့် ကျောက်ချောလမ်းအကျယ် ၁၂ ပေ၊ လမ်းအရှည် ၄ ဖာလုံ၊ ထု ၁၀ လက်မရှိ ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်လှစ်ပေးခဲ့သည့်အတွက် ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊စီးပွားရေး၊ လူမှုရေးကိစ္စရပ်များအား ရာသီမရွေးသွားလာနိုင်မည်ဖြစ်သည့်အတွက် လမ်းဖြစ်ပေါ်လာရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့သော ဌာနဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်တို့ကို ကျေးဇူးတင်ရှိကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောကြားသည်။ **(ပြည်ခရိုင်ကျေးလက်)**

စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် မတ် ၂၈

သွေးလှူဒါန်းခြင်းသည် အသက်ကယ်ခြင်း ဖြစ်သည်ဟု ယူဆချက်နှင့် အတူ ဇီဝိတဒါနသွေးလှူဒါန်းခြင်းကို ရွှေတောင်ကုမ္ပဏီအုပ်စုမှ ဝန်ထမ်း ၁၀၀ ကျော်က မတ် ၂၈ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနသို့ လာရောက်သွေးလှူဒါန်းကြောင်း သိရသည်။

ရွှေတောင်အုပ်စုမှ ဒေါက်တာစန္ဒာထွန်းက ယခုကဲ့သို့ သွေးလှူဒါန်းခြင်းမှာ ရွှေတောင်အုပ်စုအတွင်းရှိ ဝန်ထမ်းများ၏ ပထမဆုံးအကြိမ်စုပေါင်းသွေးလှူဒါန်းပွဲဖြစ်ကြောင်း၊ ကုမ္ပဏီ၏ Sustainable CSR Program အဖြစ် တစ်လတစ်ကြိမ် ဝန်ထမ်းများလှူဒါန်းနိုင်စေရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့ ကျင်းပသည့် သွေးလှူဒါန်းခြင်း "Give A Gift of Life in the New Year (1st Time)"တွင် ရွှေတောင်အုပ်စုအတွင်းရှိ ဝန်ထမ်းပေါင်း ၁၀၀ ကျော် စုပေါင်းပါဝင်၍ သွေးလှူဒါန်းဒါနပြုခြင်းဖြစ်ကြောင်း၊ သွေးလှူဒါန်းသူများအတွက် ကြို၊ ပို့ အစီအစဉ်၊ နေ့လယ်စာနှင့် အိုဗာတင်းအာဟာရ လက်ဆောင်ပေးခြင်းနှင့် အမှတ်တရတီရှပ်များကို လက်ဆောင်ပေးအပ်ခဲ့ကြောင်း၊ အမျိုးသားသွေးဌာနကလည်း အားဆေးတစ်လစာနှင့် အာဟာရကြက်ဥကျွေးခြင်းနှင့် နွားနို့တိုက်ခြင်းတို့ကို ဆောင်ရွက်ပေးကြောင်း ပြောပြသည်။ **(ကြေးမုံ)**

ချိန်ခါမရွေးသတိပေး မီးဘေးကင်းဝေးမှာ

တောတိုက်ဓမ္မရိပ်သာကျောင်းတိုက် ပဓာနနာယက မွေးနေ့အထိမ်းအမှတ် ဝိဇာတမင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၈

ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်၌ အဆိုပါကျောင်းတိုက် ပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဓမ္မသာရ မဟာထေရ်၏ သက်တော်(၈၂)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ဝိဇာတမင်္ဂလာနှင့် အဘိဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဂုဏဝိသိဋ္ဌပူဇာသဘင် အခမ်းအနားကျင်းပရာ ဧည့်ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဇမဟာရဋ္ဌဂုရု အဘိဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးက အလှူရှင်များကိုယ်စား တောတိုက်ဓမ္မရိပ်သာကျောင်းတိုက် ဆရာတော်အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် မရမ်းကုန်းမြို့နယ် နာဂလိုဏ်ဂူ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရာဘိဝံသက လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရားချီးမြှင့်သည်။

ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော်အနီးရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဝန်ထမ်းအိမ်ရာဆောက်လုပ်ထားရှိမှု၊ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ဝန်ထမ်းအိမ်ရာဆောက်လုပ်ပြီးစီးမှုနှင့် ပဥ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးအတွက် သံဃာတော်များ သီတင်းသုံးမည့် ကျောင်းဆောင်သစ်များ ဆောက်လုပ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မျိုးစေ့ထုတ်လုပ်ငန်းများထူထောင်ကြရေးနှိုးဆော်ချက်

၁။ တောင်သူလယ်သမားများအတွက် ဒေသနှင့်ကိုက်ညီသော အထွက်ကောင်း မျိုးကောင်းမျိုးသန့်မျိုးစေ့များသည် မရှိမဖြစ်အခြေခံလိုအပ်ချက်ဖြစ်ပါသည်။

၂။ စပါးသီးနှံအပါအဝင် ဒေသနှင့်ကိုက်ညီသော ဈေးကွက်ဝင်သည့်သီးနှံအမယ်အလိုက် မျိုးကောင်းမျိုးသန့်မျိုးစေ့များ တောင်သူလယ်သမားများလက်ဝယ်သို့ စိုက်ပျိုးရာသီအချိန်မီ ရောက်ရှိဖြန့်ဖြူးပေးနိုင်ရေးအတွက် ပြည်နယ်/တိုင်းဒေသကြီးများတွင် မျိုးစေ့ထုတ်လုပ်ငန်းများပေါ်ထွန်းလာရေးအတွက် မျိုးစေ့ထုတ်လုပ်ငန်းစိတ်ပါဝင်စားသူများအားအားပေးဆောင်ရွက်ကြရန် လိုအပ်နေပါသည်။

၃။ တောင်သူလယ်သမားများ၏ **"အခြေခံလိုအပ်ချက်ဖြစ်သည့် မျိုးစေ့ထုတ်လုပ်ငန်းများပေါ်ထွန်းလာရေးအတွက် အမျိုးသားရေးလိုအပ်ချက်"** တစ်ရပ်အဖြစ် ဒေသအလိုက် ထိထိရောက်ရောက် အားပေးကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)

သင်္ကြန်ကာလအတွင်း အဝေးပြေးယာဉ်လက်မှတ်ခများ ဈေးမမြှင့်ရန် သတိပေးထား

နေပြည်တော် မတ် ၂၈

သင်္ကြန်ကာလအတွင်း အဝေးပြေးယာဉ်လိုင်းများ၏ ယာဉ်စီးခနှုန်းထားများ တိုးမြှင့်ကောက်ခံခြင်း၊ မော်တော်ယာဉ် လက်မှတ်များ မသမာသောနည်းများဖြင့် ကြိုတင်ဖြတ်တောက်ခြင်းများအား မပြုလုပ်ရန် အဝေးပြေးယာဉ်ရပ်နားစခန်းများသို့ သတိပေးထားကြောင်း သိရသည်။

"သင်္ကြန်ကာလထဲမှာ ပြေးဆွဲနေတဲ့ ယာဉ်လိုင်းတွေကို ခရီးသည်တွေအတွက် အန္တရာယ်ကင်းရှင်းအောင်နဲ့ ပုံမှန် လက်မှတ်ခနှုန်းထားထက်တိုးမြှင့်ကောက်ခံမှုတွေ မရှိအောင်လို့ တရားဝင် အသိပေးထားရှိပါတယ်" ဟု အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

" သင်္ကြန်ရုံးပိတ်ရက်တွေမှာ ဇာတိမြေကိုပြန်မယ့်သူတွေလည်းများတယ်။ ဘုရားဖူးရာသီလည်းဖြစ်တယ်။ ခရီးသွားတဲ့နှုန်းက များလာတဲ့အခါမှာ အဝေးပြေးကားတွေ အနေနဲ့ လက်မှတ်ခတွေ ဈေးမတက်ဖို့နဲ့ သွားရလာရ အဆင်ပြေအောင် လုပ်ဆောင်ပေးသင့်ပါတယ်"ဟု သင်္ကြန်ရက်များတွင် ဘုရားဖူးခရီးသွားလာမည့် ဒေါ်စန်းစန်းမြင့်ကပြောသည်။

သတ်မှတ်ယာဉ်စီးခနှုန်းထားထက် ပိုမိုရောင်းချမှုများ မပြုလုပ်ရန်၊ ကြိုတင်လက်မှတ် ရောင်းချမှုများတွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ပြည့်စုံစွာရေးသားရန်နှင့် ယာဉ်ထွက်ချိန်၌ အမှန်တကယ်စီးနင်းသူဖြစ်ရန်၊ ယာဉ်လက်မှတ်ရောင်းချမှုများတွင် သတ်မှတ်စည်းကမ်းအတိုင်း ရောင်းချရန်၊ ကြိုတင်လက်မှတ်ဝယ်သူစာရင်းများ တိကျစွာဖော်ပြရန်၊ သင်္ကြန်ကာလအတွင်း လူခေါ်ပွဲစားများနှင့် လက်မှတ်ရောင်းချခြင်း၊ လက်မှတ်ကုန်ကြောင်း အကြောင်းပြ၍ ဝန်ထမ်းများမှ အခြားသောနည်းများနှင့် လက်မှတ်ပိုမိုရောင်းချခြင်းများ ဆောင်ရွက်ခြင်းမပြုရန်၊ ယာဉ်လိုင်းဂိတ်အသီးသီးများ မိမိဂိတ်၌ကားမရှိ၍ ပြင်ပကားများ ငှားရမ်း လက်မှတ်ရောင်းချခြင်းမပြုရန် အသိပေးထားကြောင်းနှင့် လိုက်နာမှုမရှိပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

(ကေသိန်းဆွေ)

ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်း

ပဲခူး မတ် ၂၈

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ထူးလင်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော ပဲခူးမြို့နယ်အတွင်းရှိ ပဲခူး-ကတွင်းခြံ-စိုင်တီ-ကျိုက်ပဒိုင်ကျေးရွာများဆက်သွယ်သည့်လမ်းအား ကွန်ကရစ်လမ်း ၅ မိုင်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ကျေးလက်ဦးစီး)

ကင်းထောက်လူငယ်များ တွေ့ဆုံဆွေးနွေး

ရန်ကုန် မတ် ၂၈

ကမ္ဘာ့အမျိုးသမီးကင်းထောက်အဖွဲ့ (World Association of Girl Guides and Girl Scout-WAGGGS)၊ မြန်မာနိုင်ငံကင်းထောက်အဖွဲ့နှင့် မြန်မာနိုင်ငံအမျိုးသမီး ကင်းထောက်အဖွဲ့ (MMGG) တို့ တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ စိန်ရတုခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ ယာယီဥက္ကဋ္ဌ ဦးတင်ညိုနှင့် ကင်းထောက်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့ ယာယီကင်းထောက်ချုပ် ဒေါ်တင်လှကြည်နှင့် ကင်းထောက်ကြီးများ၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန (အောက်မြန်မာပြည်) တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းဦး၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီး) ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကမ္ဘာ့အမျိုးသမီးကင်းထောက်အဖွဲ့မှ အမှုဆောင်အရာရှိချုပ် Ms. Mary Mc Phail နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Ching Ching Wee-Ong တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံကင်းထောက်အဖွဲ့က ရှေးယခင်နှင့် လတ်တလော ကင်းထောက်အဖွဲ့လှုပ်ရှားဆောင်ရွက်ပုံများကို တင်ပြပြီး ကမ္ဘာ့အမျိုးသမီးကင်းထောက်အဖွဲ့က မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့၏ လှုပ်ရှားဆောင်ရွက်ပုံများကို ကျေနပ်အားရမိကြောင်း ပြောကြား၍ ကင်းထောက်သင်တန်းများ ပို့ချပေးမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

အခွန်ပညာပေးဆွေးနွေးပွဲနှင့် မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေပေးအပ်

ညောင်တုန်း မတ် ၂၈

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ပညာပေးဆွေးနွေးခြင်းနှင့် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို မတ် ၂၆ ရက် နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်းက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်သန်းဝင်းက ပြည်ထောင်စုအစိုးရမှ ကောက်ခံနေသော အခွန်အခများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားကာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အခွန်အခများကောက်ခံရရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၏ စတုတ္ထသုံးလပတ်အတွက် ကောက်ခံရရှိသော ရန်ပုံငွေ ၂၈၃၉၇၅၄ ကျပ်ကို မြို့နယ်အခွန်ဦးစီးအရာရှိ ဦးအောင်သန်းဝင်းက မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေသို့ လွှဲပြောင်းပေးအပ်သည်။ ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညွန့်ဝင်းက လွှဲပြောင်းပေးအပ်လိုက်သော အခွန်ရန်ပုံငွေများကို မြို့နယ်ရပ်ကွက်နှင့် ကျေးရွာဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သုံးစွဲဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

မြို့နယ် အခွန်ဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် သုံးလပတ်အလိုက် တစ်ဦးချင်းပုဂ္ဂိုလ်များထံမှ ရရှိငွေအပေါ် ၅ ရာခိုင်နှုန်းကို မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန် ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းဖြစ်သည်။ အဆိုပါ ဘဏ္ဍာရေးနှစ်၏ ပထမသုံးလပတ်အတွက် ၅၀၄၁၉ ကျပ်၊ ဒုတိယသုံးလပတ်အတွက် ၁၁၆၁၅၉၀ ကျပ်၊ တတိယသုံးလပတ်အတွက် ၁၇၀၃၁၆၆ ဒသမ ၂၅ ကျပ်နှင့် ယခုစတုတ္ထသုံးလပတ်အတွက် ၂၈၃၉၇၅၄ ကျပ် အပါအဝင် စုစုပေါင်း ၅၇၅၄၉၂၉ ဒသမ ၂၅ ကျပ် လွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

(ညောင်တုန်း-ဝင်းမြင့်ကျော်)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန








ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၃-၂၀၁၄ ရက် ကြေးမုံသတင်းစာစာမျက်နှာ ၂၁ပါHappy Birthday စုံစုံကြော်ငြာတွင် ဖေဖေဗိုလ်မှူး -ဗိုလ်ကြီး ကျော်ကိုရှိန်း -မေမေ ဒေါ်မိုးပြည့်ပြည့်ဖြိုးဟု ပြင်ဆင်ဖတ်ရှုပါရန်။

မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး အနုပညာဖျော်ဖြေပွဲကျင်းပ

ရန်ကုန် မတ် ၂၈

မြန်မာ-ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရေးအနုပညာ ဖျော်ဖြေပွဲကို ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ မတ် ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ညစဉ် ဖျော်ဖြေသွားမည်ဖြစ်သည်။

ယနေ့ညပိုင်းတွင် ဖွင့်ပွဲအခမ်းအနားကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**

ယင်းနောက် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံမှ အဆိုတော်များက ဧည့်ပရိသတ် များကို ဖျော်ဖြေကြမည်ဖြစ်သည်။

ထိုပွဲကို ယနေ့မှစတင်ကျင်းပသော်လည်း လာရောက်အားပေးကြသည့်ပရိသတ်များဖြင့် အထူးစည်ကားလျက် ရှိသည်။ **ဌေးအောင်(ကြေးမုံ)**

တပ်ကုန်းမြို့တွင် လုပျိုဖြူ ၁၈ ဦးအား ယိမ်းအကလေ့ကျင့်သင်ကြားပေး

တပ်ကုန်း မတ် ၂၈

၂၀၁၄ ခုနှစ် နေပြည်တော် မဟာသင်္ကြန်ပွဲတော်သို့ တပ်ကုန်းမြို့ ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင် ကပြဖျော်ဖြေကြမည့် လုပျိုဖြူ ၁၈ ဦးကို မတ် ၂၁ ရက် နံနက် ၉ နာရီမှ စတင်၍ တပ်ကုန်းမြို့ မြဝတီရပ်ကွက် အထက(၂)ကျောင်းခမ္မာရုံ၌ အုပ်ချုပ်သူ နည်းပြသုံးဦးနှင့် မင်းသားပန်တျာ ချစ်နောင်တို့က ယိမ်းအကပညာ လေ့ကျင့်သင်ကြားပေးနေကြောင်း သိရသည်။ **(ယာပုံ)**

(မြို့နယ်ပြန်/ဆက်)

တစ်ချိန်တွင် ပြန်လည်ပေါင်းစည်းရန် အစီအစဉ်ရှိသည့် Westlife

မျိုးစန္ဒာမောင်

တစ်ချိန်က လူငယ်ပရိသတ်များအကြား နာမည်ကျော်ထင်ရှားခဲ့သည့် Irish တေးဂီတအဖွဲ့ Westlife အနေဖြင့် တစ်ချိန်ချိန်တွင် ပြန်လည်ပေါင်းစည်းနိုင်ဖွယ်ရှိကြောင်း ၎င်းအဖွဲ့မှ အဖွဲ့ဝင် Brian McFadden က ထုတ်ဖော်ပြောကြားခဲ့သည်။

Westlife အဖွဲ့ ပြန်လည်ပေါင်းစည်းရေးနှင့်ပတ်သက်ပြီး "ကျွန်တော်တို့အဖွဲ့ တစ်ချိန်ချိန်မှာ ပြန်ပေါင်းမှာပါ၊ ဒါဟာအပြောမဟုတ်ပါဘူး၊ အဲဒီအချိန်တွေတုန်းက ကျွန်တော်တို့အားလုံးဟာ ကိုယ်စီရဲ့ ဘဝတွေနဲ့ တစ်ဦးချင်းစီရဲ့ အောင်မြင်မှုကို အာရုံထားခဲ့ကြတဲ့အတွက် အခုလိုဖြစ်ခဲ့ရတာပါ"ဟု ဆက်လက်ပြောကြားခဲ့သည်။

၂၀၀၄ ခုနှစ်တွင် အဆိုပါ Westlife အဖွဲ့မှ အဖွဲ့ဝင် McFadden က မိသားစုနှင့် ကလေးများအတွက်ဟုဆိုကာ အဖွဲ့မှစတင်ထွက်ခွာခဲ့ပြီး ယင်းအဖွဲ့မှာ ကျန်အဖွဲ့ဝင်လေးဦးနှင့်သာ ဆက်လက်ရပ်တည်ခဲ့သည်။

Westlife အဖွဲ့ကို ၁၉၉၈ တွင် အဖွဲ့ဝင်ငါးဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး စတူဒီယိုအယ်လ်ဘမ်၊ တစ်ကိုယ်တော် အယ်လ်ဘမ်၊ ဗီဒီယိုများနှင့် အယ်လ်ဘမ်ပေါင်းချုပ်များ အပါအဝင် တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် အချပ်ရေပေါင်း ၄၅ သန်းရောင်းချခဲ့ရပြီး ဗြိတိန်တွင် ရောင်းအားအကောင်းဆုံးထိပ်တန်းအဖြစ် ၁၄ ကြိမ်ရပ်တည်နိုင်ခဲ့သည်။ Westlife အဖွဲ့၏ နောက်ဆုံးဖျော်ဖြေပွဲအနေဖြင့် ၂၀၁၂ ခုနှစ် ဇွန် ၂၃ ရက်က အိုင်ယာလန်၌ ဖျော်ဖြေခဲ့ပြီး အဖွဲ့ကွဲသွားခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၉-၃-၂၀၁၄ (စနေနေ့)
(၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၄)ရက်၊ အဖိတ်နေ့)

MRTV

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၃း၁၅ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ နွေဦးဆောင်းနှောင်းလတပေါင်း (အပိုင်း-၁) (ပထမပိုင်း)
၄း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ
၄း၁၅ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ နွေဦးဆောင်းနှောင်းလတပေါင်း (အပိုင်း-၁) (ဒုတိယပိုင်း)
၄း၄၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅း၁၅ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ် အကြောင်းအရာသန်းခေါင်စာရင်း (သင်ဘာတွေသိဖို့လိုအပ်သလဲ) (အပိုင်း-၃)
၇း၀၀ ပြည်တွင်းသတင်း
၇း၂၀ ဟိုးတုန်းက. . . ရေဒီယိုအသံလွှင့် ဇာတ်လမ်းများ "ဘိန်းစားဘသော်" (ဒုတိယပိုင်း) (ဝီလျံထွန်း၊ ဟိန်း၊ အောင်မင်းဆွေ) (ဒါရိုက်တာ-သီတာလင်း (Laural Art Academy))
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၈း၅၀ ကြယ်ပွင့်များရဲ့ အထင်ကရတေးများ

MRTV-4

၅း၀၀ ပဌာန်းပါဠိတော်- အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅း၂၀ **MRTV-4** သတင်း
၁၂း၁၀ **MRTV-4** ကျန်းမာရေးကဏ္ဍ "ကြောက်မက်ဖွယ်ရာ ရင်သားကင်ဆာ" (အပိုင်း-၂)
၁၂း၃၅ ဓမ္မဒူတဆရာတော်ဒေါက်တာ အရှင်ဆေကိန္ဒ၏ " စကားအတတ်ပညာ" သင်တန်း

Spain Laliga ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၃၀	Espanyol-Barcelona	(Star Sports)
၁၁း၃၀	Celta de Vigo-Sevilla	(Star Sports)

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၃၀	Athletic Club-Atletico Madrid	(Star Sports)(MRTV-4)
၃း၃၀	Real Madrid-Royal Vallecano	(Star Sports)

MWD

၆း၀၃ တရားတော်
၆း၁၀ မေတ္တာပို့
၆း၁၆ ဓမ္မပူဇာတေး
၁၁း၄၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ဖိုက်တာ မြင့်မြတ်၊ အေသင်ချိုဆွေနှင့် သရုပ်ဆောင်များ (ဒါရိုက်တာ - မီးပွား)
၆း၁၀ စားဖိုဆောင်ချစ်သူ
၆း၃၀ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇း၅၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နွေပင်လယ် အပိုင်း(၄)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း -လူ့ရွှင်တော်စတား -ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **Saints and Soldier** အပိုင်း(၁) -မြဝတီရုပ်မြင်သံကြားသတင်း -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နတ်သမီးပုံပြင် အပိုင်း(၂၇) -တရားတော်



ပရီမီယာလိဂ်ရင်ခုန်သံ – ၃၂

ပရီမီယာလိဂ်ပွဲစဉ် (၃၂) ကို မတ် ၂၉၊ ၃၀၊ ဧပြီ ၁ နေ့တွေမှာ ကျင်းပသွားဖို့ရှိပါတယ်။ ဒီပွဲစဉ်မှာ အာဆင်နယ်နဲ့ မန်စီးတီးတို့ ဆုံတွေ့နေလို့ အကြိတ်အနယ်ရှိမှာပါ။

မန်ယူ-ဗီလာ ည ၇း၁၅ (၂၉-၃-၁၄)

ဗီလာက နောက်ပိုင်းပွဲတွေမှာရှုံးအားမဆိုးပေမယ့် အဝေးကွင်းမှာတော့ ကစားပုံတည်ငြိမ်မှု အားနည်းနေတယ်။မန်ယူက ဒီပွဲမတိုင်ခင် မန်စီးတီးနဲ့ပွဲကျန်ကစားခဲ့ရလို့ ပွဲပန်းလာနိုင်ပေမယ့် အိမ်ကွင်းအားရှိနေတယ်။ အိမ်ရှင်မန်ယူပဲကပ်နိုင်သွားနိုင်တယ်။

ပဲလေ့စ်-ချယ်လ်ဆီး ည ၉း၃၀ (၂၉-၃-၁၄)

ချယ်လ်ဆီးကချန်ပီယံအိပ်မက်အတွက်အမှားအယွင်းခံမှာ မဟုတ်သလို အဝေးကွင်းမှာနိုင်ပွဲပြန်ရဖို့လည်း အားစိုက်လာမှာပါ။ ပဲလေ့စ်ရဲ့ခြေစွမ်းသာမန်သာရှိတယ်။ ဒါပေမယ့် ချယ်လ်ဆီးရဲ့တိုက်စစ်က အဝေးကွင်းမှာ ရှုံးကန်နေရလို့ချယ်လ်ဆီးကပ်ပြီးသာ အနိုင်ရနိုင်တယ်။

ဆောက်သမ်တန်-ကာဒယ် ည ၉း၃၀ (၂၉-၃-၁၄)

နယူးကာဆယ်ကလည်း အသင်းလိုက် ရှုံးအားမဆိုးဘူး။ ဒါပေမယ့်ဆောက်သမ်တန်ရဲ့ လက်ရှိခြေစွမ်းပိုင်း ကောင်းမွန်မှုရှိတယ်။ ခြေမကွာပေမယ့် ဆောက်သမ်တန် ကပ်နိုင်သွားမယ်လို့ သုံးသပ်မိတယ်။

စတုတ်-ဟားလ် ည ၉း၃၀ (၂၉-၃-၁၄)

ဟားလ်စီးတီးက နောက်ဆုံး အဝေးကွင်းနှစ်ပွဲဆက်နိုင်ပွဲရခဲ့ပေမယ့် ခြေစွမ်းသာမန်သာရှိတယ်။ စတုတ်က အိမ်ကွင်းမှာ အာဆင်နယ်ကိုတောင်အနိုင်ယူနိုင်ခဲ့တဲ့ အသင်းဖြစ်တယ်။ စတုတ်ကပ်နိုင်သွားမှာပါ။

ဆွမ်ဆီး-နော့ဝှစ်ချ် ည ၉း၃၀ (၂၉-၃-၁၄)

နော့ဝှစ်ချ်ကလည်း အဝေးကွင်းမှာ ခြေကျနေတယ်။ ဒါပေမယ့် ဆွမ်ဆီးက အိမ်ကွင်းရှုံးအား မဆိုးပေမယ့် ဒီပွဲမတိုင်ခင် အာဆင်နယ်နဲ့ပွဲကျန်ကစားခဲ့ရလို့ ပွဲပန်းလာနိုင်တယ်။ သရေကျသွားဖို့ များမယ်လို့ သုံးသပ်မိတယ်။

ဝက်စ်ဘရွန်း-ကာဒစ်ဖ် ည ၉း၃၀ (၂၉-၃-၁၄)

ကာဒစ်ဖ်က အဝေးကွင်းမှာ ကစားပုံ သာမန်သာရှိပြီး ဂိုးရဖို့လည်း ရှုံးကန်နေရတယ်။ ဝက်စ်ဘရွန်းကအိမ်ကွင်းပွဲတွေမှာ ချယ်လ်ဆီး၊ မန်ယူတို့ကိုအကောင်းဆုံး ရင်ဆိုင်နိုင်ခဲ့တယ်။ ဝက်စ်ဘရွန်းပဲ အနိုင်ရမှာပါ။

အာဆင်နယ်-မန်စီးတီး နံနက် ၀၀း၀၀ (၃၀-၃-၁၄)

မန်စီးတီးက ခြေစွမ်းမဆိုးဘဲ အဂူရို ပြန်လည်ပါဝင်လာနိုင်မှာ ဖြစ်ပေမယ့် ဒီပွဲနဲ့ရက်သိပ်မခြားဘဲ မန်ယူနဲ့ရင်ဆိုင်ခဲ့ရတာမို့ ပွဲပန်းမှုရှိလာနိုင်တယ်။ အာဆင်နယ်က အိမ်ကွင်းမှာ အသင်းကြီးတွေကို အကောင်းဆုံးရင်ဆိုင်နိုင်ခဲ့တယ်။ သရေကျသွားနိုင်တယ်။

ဖူလ်ဟမ်-အဲဗာတန် ည ၇း၀၀ (၃၀-၃-၁၄)

အဝေးကွင်းပွဲတွေမှာ ရလဒ်ပိုင်း ဆိုးရွားနေတဲ့ အဲဗာတန်က ဒီပွဲမကစားခင်မှာလည်း ပွဲကျန်ကစားခဲ့ရလို့ ပွဲပန်းလာနိုင်တယ်။ ဖူလ်ဟမ်ကတန်းမဆင်းရဖို့အတွက် ခြေကုန်ထုတ်လာမှာပါ။ ဒါပေမယ့် အဲဗာတန်ရဲ့ရှုံးအားကြောင့် သရေကျသွားနိုင်တယ်။

လီဗာပူး-စပါး ည ၉း၃၀ (၃၀-၃-၁၄)

စပါးကတော့ အဝေးကွင်းမှာရှုံးကန်နေရပြီး နော့ဝှစ်ချ်လို အသင်းကိုတောင် အရေးနိမ့်ခဲ့ရတယ်။ လီဗာပူးကပွဲကျန်ကစားခဲ့ရလို့ ပွဲပန်းမှုရှိနိုင်ပေမယ့် ခြေစွမ်းပိုင်းတည်ငြိမ်နေတယ်။ လီဗာပူးတစ်ဂိုးအသာနဲ့ အနိုင်ရနိုင်တယ်။

ဆန်းဒါးလန်း-ဝက်စ်ဟမ်း နံနက် ၁း၃၀ (၁-၄-၁၄)

ဝက်စ်ဟမ်းကလည်း အဝေးကွင်းမှာကစားပုံ အားနည်းလွန်းနေတယ်။ ခြေသာမန်သာရှိတဲ့ ဆန်းဒါးလန်းက ပွဲကျန်ကစားခဲ့ရတာမို့ ပွဲပန်းလာနိုင်ပြီး ဒီပွဲမှာ အကောင်းဆုံးပုံစံရရှိဖို့ ရှုံးကန်ရနိုင်တယ်။ ဆန်းဒါးလန်း ကပ်နိုင်သွားမယ်လို့သုံးသပ်မိတယ်။

ရှိုင်းမင်းမင်း

ရာဖေးလ်နာဒယ် ဆိုနီအိုးပင်း ဆီမီးဖိုင်နယ်တက်ပြီ

ငွေကြယ်

မီယာမီ၌ ယှဉ်ပြိုင်ကစားလျက်ရှိသော ဆိုနီအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်တွင် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်လျက်ရှိသော ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်နှင့် အဆင့်(၁၂)နေရာတွင် ရပ်တည်လျက်ရှိသော ကနေဒါတင်းနစ်ကစားသမား ရာအိုနစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရာဖေးလ် နာဒယ်က ရာအိုနစ်အား အနိုင်ရရှိခဲ့ပြီးနောက် ဆိုနီအိုးပင်း တင်းနစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

အသက်(၂၇)နှစ် အရွယ် ရာဖေးလ်နာဒယ်နှင့် ကနေဒါတင်းနစ် ကစားသမား ရာအိုနစ်တို့သည် ကွာတားဖိုင်နယ်အဆင့်တွင် ၂ နာရီ ၃၅ မိနစ်ကြာ အကြိတ်အနယ်ကစားပြီး ရာဖေးလ်နာဒယ်က ၄-၆၊ ၆-၂၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဂရင်းဆလမ်း(၁၃)ကြိမ်မြောက်အထိ ချန်ပီယံဖြစ်ထားခဲ့သည့် ရာဖေးလ်နယ်ဒယ်သည် ဆိုနီအိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ကမ္ဘာ့အဆင့်(၇)နေရာတွင် ရပ်တည်လျက်ရှိသည့် သောမက်ဘာဒိုက်ချ်နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ သောမက်ဘာဒိုက်ချ်သည် ဆိုနီအိုးပင်း ကွာတားဖိုင်နယ်တွင် ယူကရိန်း တင်းနစ်ကစားသမား ဒိုလ်ဂိုပိုလော့ဗ်အား ၆-၄၊ ၇-၆(၇-၃)ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့အဆင့်(၁)နေရာရှိ ရာဖေးလ်နာဒယ်သည် ၎င်း၏ တင်းနစ်ကစားသမားဘဝတွင် အမျိုးသားတစ်ဦးချင်း ချန်ပီယံဆု ၆၂ ကြိမ်အထိ ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ အခြားဆီမီးဖိုင်နယ် ပွဲစဉ်အဖြစ်အဆင့်(၂၀)နေရာရှိ ဂျပန်တင်းနစ်ကစားသမား နီရှိကိုရီနှင့် ကမ္ဘာ့အဆင့်(၂)နေရာရှိ နိုဗက်ခ်ဂျိုကိုဗစ်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

လိုင်ယွန်တိုက်စစ်မှူး ဂိုမစ် ရာသီကုန်တွင် အသင်းမှ ထွက်ခွာဖွယ်ရှိနေ

လိုင်ယွန်တိုက်စစ်မှူး ဂိုမစ်သည် စတိတ်ဒီဂါလန်း၌ ငါးနှစ်ကြာ ကစားခဲ့ပြီး ယခုနှစ်ဘောလုံးရာသီကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ခြင်းကြောင့် အသင်းမှ ထွက်ခွာဖွယ်ရှိနေကြောင်း သိရသည်။ အသက်(၂၈)နှစ်အရွယ် လိုင်ယွန်တိုက်စစ်မှူး ဂိုမစ်သည် လိုင်ယွန်အသင်းနှင့်အတူ လိဂ်ဝမ်းပြိုင်ပွဲ ၂၅ ပွဲကစားပြီးနောက် သွင်းဂိုး ၁၁ ဂိုးအထိ သွင်းယူနိုင်ခဲ့သူဖြစ်သည်။

တိုက်စစ်မှူးဂိုမစ်သည် ၂၀၀၉ ခုနှစ်တွင် စိန့်အက်စ်တီယန်အသင်းမှ လိုင်ယွန်အသင်းသို့ ပြောင်းရွှေ့ကြေးယူရို ၁၃ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ၂၀၁၂ ခုနှစ်က အသင်းနှင့်အတူ ဆုဖလားတစ်လုံးရယူပေးနိုင်ခဲ့သည်။

ဥရောပ၏ပြိုင်ပွဲသစ်ဖြစ်သည့် Nations League ၂၀၁၈ တွင်စတင်မည်

Nations League မှာ ချစ်ကြည်ရေးပွဲထက်ပိုကောင်းကြောင်း ပလက်တီနီယုံကြည်

နိုင်ငံတကာ ဘောလုံးလောကအဆင့်အတန်းပိုမိုတိုးတက်စေမည့် ဥရောပ၏ ပြိုင်ပွဲသစ်တစ်ရပ်ဖြစ်သည့် Nations League ပြိုင်ပွဲကို ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် စတင်ယှဉ်ပြိုင်ကစားရန် ယူအီးအက်ဖ်အေက အတည်ပြုခဲ့ပြီးနောက် အဆိုပါပြိုင်ပွဲသည် ချစ်ကြည်ရေးခြေစမ်းပွဲများ ယှဉ်ပြိုင်ခြင်းထက် ပိုမိုကောင်းမွန်သောပြိုင်ပွဲ တစ်ရပ်ဖြစ်သည်ဟု ယူအီးအက်ဖ်အေဥက္ကဋ္ဌ မိုက်ကယ်ပလက်တီနီက ယုံကြည်ထားကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

အဆိုပါ Nations League ပြိုင်ပွဲကို အုပ်စုခွဲကာ တန်းတက်၊ တန်းဆင်း ပုံစံမျိုးယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန်အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ အဖွဲ့ဝင်နိုင်ငံ ၅၄ နိုင်ငံက မဲပေးခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ယခင်က ယှဉ်ပြိုင်ကစားခဲ့သော နိုင်ငံတကာချစ်ကြည်ရေး ခြေစမ်းပွဲများကို ပင် ဖယ်ရှားပစ်ရန်စီစဉ်ထားပြီး ယင်းအစီအစဉ်ကိုလည်း လက်ခံထားကြကြောင်း ယူအီးအက်ဖ်အေဥက္ကဋ္ဌ မိုက်ကယ်ပလက်တီနီက ပြောကြားခဲ့သည်။

ပထမဆုံးအနေဖြင့် Nations League ပြိုင်ပွဲကို ၂၀၁၈ ကမ္ဘာ့ဖလားပြီးနောက် စတင်ယှဉ်ပြိုင်မည်ဖြစ်ပြီး Nations League မှအသင်းလေးသင်းသည် ယူရို ၂၀၂၀ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။

(၇)ရက်တရားစခန်း ဖိတ်ကြားခြင်း

မွန်ပြည်နယ်၊ ပေါင်မြို့၊ ကျွဲခြံတောင်၊ မဟာသာမယဂူ၊ အမဲစမ်းတောရ အရိယမဂ္ဂင်ဓမ္မရိပ်သာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော [ယခုနှစ်(၁၀)ကြိမ်မြောက်]တရားစခန်းကို ၁၂-၄-၂၀၁၄ ရက်မှ ၁၈-၄-၂၀၁၄ ရက်အထိ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်းရှိ အရိယမဂ္ဂင်တိုက်ခွဲ(၂)၌ ပြောင်းရွှေ့ဖွင့်လှစ်မည် ဖြစ်ပါသည်။ဆရာတော်ကြီး ဦးနန္ဒိယအား သိက္ခာထပ်လိုသူများ၊ ဒုလ္လဘရဟန်းခံလိုသူများ၊ တရားရိပ်သာဝင်လိုသူများသည် ဖုန်း-၀၉-၇၃၀၈၅၂၄၁၊ ၀၉-၇၃၁၅၂၇၄၅၊ ၀၉-၅၁၉၇၃၇၀၊ ၀၉-၄၃၂၀၆၈၉၅ သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြပါသည်။ အကျိုးဆောင်အဖွဲ့



ပခုက္ကူ၌ တစ်နေ့တည်း မီး သုံးကြိမ်လောင်

ပခုက္ကူ မတ် ၂၈

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၆)ရပ်ကွက်၌ မတ် ၂၇ ရက် ညနေ ၃ နာရီခွဲက ကုသိနာရုံလမ်းနှင့် (၅)လမ်းထောင့်နေ ကိုမျိုးကိုကိုဦး နေအိမ်တွင် မီးဖိုမီးထိုးရာမှ မီးအပူရှိန်လွန်ကဲသဖြင့် အနီးရှိမဏ္ဍပ်အလှပြင်ပစ္စည်းများ မီးလောင်ကျွမ်းခဲ့ကြောင်းနှင့် ယင်းနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်က မြိုင်မြို့နယ် အလယ်ကန်ကျေးရွာနေ ဦးအုန်းဆင့်၏သားဖြစ်သူ မောင်ဇွဲခန့်နိုင် ဖယောင်းတိုင်မီးနှင့် ဆော့ကစားရာမှ အနီးရှိမီးဖိုအကာ ထန်းလက်မှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့ရာ နေအိမ်တစ်လုံးဆုံးရှုံးခဲ့ကြောင်း၊ အဆိုပါနေ့ မွန်းလွဲ ၂ နာရီခွဲက ဦးစိန်ဝင်း မီးရထားရုံပိုင်သည် သရက်ဘူတာတွင် တာဝန်ဆောင်ရွက်နေစဉ် မင်းတဲကြီးဘူတာအား တောမီးမှ မီးကူးစက်လောင်ကျွမ်းနေကြောင်း သတင်းရရှိသဖြင့် မင်းတဲဘူတာသို့ သွားရောက်ပြီး မီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

လူမနေသော နှစ်ခန်းတွဲတိုက်ခန်းအား တောမီးမှ တစ်ဆင့် တိုက်ခန်းမျက်နှာကြက်သို့ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်းနှင့် အဆိုပါ မီးလောင်မှုအား သရက်မြို့နယ်မြို့မရဲစခန်းက (ပ)၂၉/၂၀၁၄၊ ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

(ကြေးမုံ)

နေ့အချိန် အထည်ဆိုင်ထဲဝင်ရောက်၍ ဆွဲကြိုးဖြတ်လုယူထွက်ပြေး

အထည်ဆိုင်ပိုင်ရှင်၏လည်ပင်းအား ကြိုးဖြင့်ရစ်သိုင်းညှစ်

အိမ်မဲ မတ် ၂၈

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ ရွှေဘုံသာလမ်း မြို့မဈေး၌ မတ်၂၇ ရက် မွန်းလွဲပိုင်းက အထည်ရောင်းနေသော အထည်ဆိုင်ပိုင်ရှင်ကို ဈေးဝယ်ဟန်ဆောင်၍ လည်ပင်းအား ကြိုးဖြင့် ရစ်ပတ်ဆွဲညှစ်ပြီး ရွှေဆွဲကြိုးဖြုတ်လုယူထွက်ပြေးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အိမ်မဲမြို့မဈေးအပြင်တန်း ဈေးရုံ(၁) အခန်း(၉) အထည်ဆိုင်ပိုင်ရှင် ဒေါ်--- တစ်ဦးတည်း ဈေးရောင်းနေစဉ် မွန်းလွဲ တစ်နာရီခွဲခန့်က အသက်(၃၀)ကျော်ခန့် စစ်လွယ်အိတ်လွယ်ထားသူ အမျိုးသားတစ်ဦး (မြင်လျှင်မှတ်မိ)မှ အင်္ကျီများပြခိုင်းပြီး ပြန်ထွက်သွားခဲ့သည်။ ငါးမိနစ်ခန့်အကြာ အဆိုပါအမည်မသိသူမှ ပြန်လည်ရောက်ရှိလာပြီး သူ၏ဇနီးကို စောင့်မည်ဟုဆိုကာ မိနစ် ၂၀ ခန့် ထိုင်စောင့်ရင်းမှ ပုဆိုးဝယ်လိုကြောင်း ပြော၍ ဆိုင်ရှင်မှ ပြသရန် ကျောခိုင်းလှမ်းယူနေခိုက် နောက်မှ အထည်ဆိုင်ရှင်၏လည်ပင်းအား ကြိုးဖြင့်ရစ်သိုင်းညှစ်သဖြင့် သတိလစ်သလိုဖြစ်နေစဉ် ဒေါ်-----၏လည်ပင်းရှိ တစ်ကျပ်သားကျော်ခန့် ဘဲဥပုံသဏ္ဍာန် ဆွဲသီးပါ ရွှေဆွဲကြိုးကိုဖြုတ်၍ အနီးရှိ လက်ကိုင်ဖုန်းကိုပါယူပြီး ထွက်ပြေးသွားကြောင်း၊ ဆိုင်ရှေ့၌နေကာချထားခြင်း၊ အဝတ်အထည်များချိတ်ထားခြင်းတို့ကြောင့် နံဘေးရှိဆိုင်များမသိလိုက်ကြကြောင်း ရဲမှတ်တမ်းအရ သိရသည်။

(ဇော်ထက်-အိမ်မဲ)

ရန်ကုန်-ပုသိမ်လမ်းမကြီး၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ်လမ်းမကြီးပေါ်တွင် အငှားယာဉ်တစ်စီး အရှိန်မထိန်းလမ်းဘေးဓာတ်တိုင်အား တိုက်မိပြီး ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၇ ရက် ညနေ ၆ နာရီ ၁၀ မိနစ်က ရန်ကုန်-ပုသိမ်လမ်းမကြီးအတိုင်း အနောက်မှအရှေ့သို့ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသည့် A3/----- စူပါရုဗ်(ဗင်) အဖြူရောင်အငှားယာဉ်သည် လှိုင်သာယာမြို့နယ် (၇)ရပ်ကွက် BOC အဝိုင်းအနီးအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက်ဘေးရှိ ကွန်ကရစ်မီးတိုင်အား ဝင်ရောက်တိုက်မိပြီးနောက် လမ်းဘေး၌ ပက်လက်အနေအထားဖြင့် တိမ်းမှောက်သွားခဲ့သည်။

ယာဉ် မတော်တဆမှုကြောင့် ကွန်ကရစ်ဓာတ်တိုင်နှင့် ယာဉ်ပျက်စီးပြီး ယာဉ်ပေါ်ပါခရီးသည် သုံးဦး(မစိုးရိမ်ရ)ဒဏ်ရာရရှိခဲ့ကာ ယာဉ်မောင်းမှာ အခင်းဖြစ်နေရာ၌ ယာဉ်ကိုထား၍ ထွက်ပြေး တိမ်းရှောင်သွားသဖြင့် တာဝန်ရှိသူတို့က ယာဉ်မောင်း (စုံစမ်းဆဲ)အား ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ဇော်ကြီး(ပဏီတ)

မန္တလေး-ဗန်းမော် ကားလမ်း၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

သပိတ်ကျင်း မတ် ၂၈

မန္တလေး-ဗန်းမော်လမ်းမကြီးဘေးတွင် မတ် ၂၃ ရက် မွန်းတည့် ၁၂ နာရီခန့်က စားတော်ပဲပိုင်းများနှင့် မုန်ညင်းစေ့ပိုင်းများတင်ဆောင်လာသော ယာဉ်တစ်စီးအရှိန်လွန်တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တကောင်းမြို့မှ မန္တလေးမြို့သို့ ယာဉ်မောင်းထွန်းဇော်မောင်းနှင်လာသော ယာဉ်အမှတ် ၈ည/. . . . . TRUCK အမျိုးအစား ခြောက်ဘီး ဖြူပြာကျားသည် သပိတ်ကျင်းမြို့နယ် ကျောက်ကွဲကျေးရွာအနီး မန္တလေး-ဗန်းမော် ကားလမ်းမိုင်တိုင်အမှတ် ၉/၄ နှင့် ၉/၅ အကြားအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးအကျ လမ်းမပေါ်သို့ ပြန်လည်ဆွဲတင်ရာ တိမ်းမှောက်သွားခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင်လိုက်ပါလာသည့် ခရီးသည် ရှစ်ဦးမှာ ဒဏ်ရာများ(မစိုးရိမ်ရ)အသီးသီးရရှိခဲ့သဖြင့် သပိတ်ကျင်းပြည်သူ့ဆေးရုံသို့ တင်ပို့ခဲ့သည်။ ယာဉ်မောင်းထွန်းဇော် မိုးကုတ် ကျပ်ပြင် (အနောက်ပိုင်း) ပန်းမရပ်ကွက်နေသူမှာ ထွက်ပြေးတိမ်းရှောင်နေကြောင်း သိရသည်။

စိုးနိုင်ဝင်း(သပိတ်ကျင်း)

မြိတ်တွင် ဖိနပ်ဆိုင်မှ စတင်မီးလောင်

မြိတ် မတ် ၂၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားရပ်ကွက် ကန်ဖျားလမ်းမကြီးတွင် မတ် ၂၇ ရက် နံနက် ၄ နာရီခန့်က မြို့မအားကစားကွင်းရှေ့ ဈေးဆိုင်ခန်းတွင် ထိန်လင်းအောင်ပိုင် SCHOLL ဖိနပ်အရောင်းဆိုင်မှ စတင်၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကို ဆိုင်ကယ်တက္ကစီမောင်းနှင်နေသူတစ်ဦးက တွေ့မြင်ရ၍ မီးသတ်ဦးစီးဌာနအား လာရောက်အကြောင်းကြားရာ မီးလောင်မှုဖြစ်ပွားရာနေရာသို့ မြိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရွှေညာမောင်၊ ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဇော်ဝင်းဦးစီးလျက် မီးငြိမ်းသတ်ယာဉ် ၁၁ စီး၊ ရေသယ်ယာဉ်လေးစီး စုစုပေါင်း ၁၅ စီးဖြင့် သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ပြည်သူများက အဆောက်အအုံ အမိုးအထိတက်၍ ငြိမ်းသတ်ခဲ့ကြရာ ညနေ ၄ နာရီ မိနစ် ၄၀ တွင် မီးညွန့်ကျိုးပြီး ညနေ ၅ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် သွပ်မိုးကွန်ကရစ်ကာ၊ ကွန်ကရစ်ခင်းတစ်ထပ်၊ ဈေးအရောင်းဆိုင်ခန်းနှစ်ခန်း၊ ဆိုင်ခန်းအတွင်းရှိ အရောင်းပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်မှုအကြောင်းရင်းအား စုံစမ်းဆဲဖြစ်ကြောင်း သိရသည်။

ခိုင်ထူး(ခရိုင်ပြန်/ဆက်)

နှစ်လုံးထီလောင်းကစားသူ ဖမ်းဆီးရမိ

အလုံ မတ် ၂၈။ ။အလုံမြို့နယ် လွတ်လပ်ရေးရပ်ကွက် ကမ်းနားလမ်းနှင့် မြောင်းကြီးထိပ်ကားမှတ်တိုင်အနီး ကွမ်းယာဆိုင်တွင် မတ် ၂၇ ရက် နံနက် ၁၁ နာရီခွဲက မင်းအောင်(၂၉)နှစ် မိုးကောင်းအောက်ဝင်း စောရန်ပိုင်အနောက်ရပ်ကွက် အလုံမြို့နယ်နေသူ လွယ်ထားသော လွယ်အိတ်အတွင်းမှ နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသော စာရွက်စာတမ်းပစ္စည်းများနှင့်အတူ ငွေစက္ကူရောရာ ၂၃၂၀၀ ကျပ်အား တွေ့ရှိသဖြင့် အလုံမြို့မရဲစခန်းက (ပ)၇၃/၂၀၁၄၊ လောင်းကစားပုဒ်မ ၁၅(က)/၁၆(က)အရ အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

တင်မောင်ဦး(အလုံ)

မြို့ပတ်ရထားပေါ် ဆွဲကြိုးဖြတ်သူအား ဖမ်းဆီးအရေးယူ

ရန်ကုန် မတ် ၂၈

ရန်ကုန်ဘူတာမှ တိုးကြောင်ကလေးဘူတာသို့ ထွက်ခွာလာသည့် ဘ-၇ မြို့ပတ်ရထားသည် မတ် ၂၆ ရက် ညနေ ၆ နာရီ ၁၅ မိနစ်ခန့်က တိုးကြောင်ကလေးဘူတာအဝင် မိုင်တိုင်အမှတ် (၇/၅-၆) ကြားအရောက် ယင်းရထားတွဲ-၂ပေါ်၌ စီးနင်းလိုက်ပါလာသူ မသူဇာမြင့်(၃၀)နှစ် အားကစားကမ်းကွင်းနောက် ကျေးရွာ ကျောက်တံခါးမြို့နယ် ပဲခူးတိုင်းဒေသကြီးနေသူ၏ လည်ပင်းတွင် ဆွဲထားသော သံကြိုးဆောက်ဖြတ်ပုံ၊ ကျောက်ဆူးလော့ကတ်သီးပါ (အလေးချိန် ၁ ကျပ် ၅ မူးသားခန့်) ကာလတန်ဖိုးငွေကျပ် ၉၉၀၀၀၀ ခန့်ရှိ ရွှေဆွဲကြိုးအား ၎င်းရထားဖြင့် စီးနင်းလိုက်ပါလာသူ မင်းထိုက်(၂၁)နှစ် ရန်ကြီးအောင်လမ်း (၁၂၄) ရပ်ကွက် ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နေသူက ဖြတ်ယူပြီးရထားပေါ်မှ ခုန်ဆင်းသွားရာ ရထားလိုက်လုံခြုံရေးရဲတပ်ကြပ်ကြီး ဇော်နိုင်ဦး၊ ရဲဒုတပ်ကြပ်အောင်မြင့်၊ ရထားရဲတပ်ဖွဲ့ခွဲ (၁၂)စု(၃) တိုးကြောင်ကလေးအဖွဲ့မှ သက်သေခံပစ္စည်း ရွှေဆွဲကြိုးနှင့်အတူ ဖမ်းဆီးနိုင်ခဲ့ကြောင်းနှင့်၎င်းအား အရေးယူထားကြောင်း သိရသည်။

(ရထားရဲ)

မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်မှု အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

(ခ) အစုရှယ်ယာများ ရောင်းချခြင်း

မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်မှု အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ကုမ္ပဏီ၏ (ခ)အစုရှယ်ယာများကို တစ်စုလျှင် ၁၀၀၀၀/- (တစ်သောင်းကျပ်) ဖြင့် အစုရှယ်ယာပေါင်း တစ်သိန်းငါးသောင်း(၁၅၀၀၀၀)စုတိတိအား ရောင်းချသွားမည်ဖြစ်ပါသည်။

၂-၃-၂၀၁၄ရက်မှစ၍ အနုပညာလောကသားများအား ဦးစားပေးအစီအစဉ်ဖြင့် ရောင်းချပေးခဲ့ပြီး ကျန်ရှိသော အစုရှယ်ယာများကို တစ်ဦးလျှင် အစုရှယ်ယာ(၁)စုမှ အစု(၅၀၀၀)အထိ (တန်ဖိုးအားဖြင့် ကျပ် ၁၀၀၀၀/-မှ ကျပ်သိန်း ၅၀၀ အထိ) မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ရင်းနှီးမြှုပ်နှံလိုသူ မြန်မာနိုင်ငံသားတိုင်း (ရုပ်ရှင်ချစ်သူတိုင်း) ၁-၄-၂၀၁၄ရက်မှစ၍ မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်မှု အများနှင့်သက်ဆိုင်သော ကုမ္ပဏီ တည်ရှိရာ အမှတ် (၃၈၇/ဘီ)၊ ပ-ထပ်(ညာ)၊ ဗိုလ်အောင်ကျော်လမ်း(အထက်)၊ ဖုန်း-၀၉-၂၅၄၂၀၂၀၃၀၊ ၀၁-၃၉၈ ၀၈၁တွင် နံနက် ၁၀နာရီမှ ညနေ ၄နာရီတွင်း လွတ်လပ်စွာဝယ်ယူရင်းနှီးမြှုပ်နှံနိုင်ကြောင်း သတင်းကောင်း ပါးအပ်ပါသည်။





အပူပိုင်းဒေသများတွင် ရေအရင်းအမြစ် ဖော်ထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်

စစ်ကိုင်း၊ မတ် ၂၈

အပူပိုင်းဒေသတွင် ရေထိန်းထားနိုင်သော သစ်ပင်၊ သစ်တော ရှားပါးမှုကြောင့် ရွာသွန်းသည့် မိုးရေအများစုမှာ မြေအောက်သို့ စိမ့်ဝင်နိုင်ခြင်းမရှိဘဲ အတားအဆီးမရှိ စီးဆင်းပျောက်ကွယ်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ရေအရင်းအမြစ်များ ဖော်ထုတ်ရေးကို ဆောင်ရွက်နေကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် အမှန်တကယ်ရေလိုအပ်နေသော ကျေးရွာများအတွက် ဒေသခံများနှင့် ပူးပေါင်း၍ ရေကန်ငယ်တည်ဆောက်ခြင်း၊ နုန်းတားဆည်များတည်ဆောက်ခြင်းနှင့် မြေအောက်ရေ အဝီစိတွင်းတူးဖော်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အပူပိုင်းဒေသတွင် ရေကန်ငယ်များ တည်ဆောက်ထားသောကြောင့် သစ်တောပျိုးခင်းများနှင့် သစ်တောစိုက်ခင်း အခြေခံစခန်းများအတွက် ရေလုံလောက်မှုရှိစေရန်နှင့် သစ်တောစိုက်ခင်းများသို့ အကန့်အသတ်ဖြင့် ရေပေးဝေဖြန့်ဖြူးနိုင်ကာ သိုး၊ ဆိတ်၊ နွားအပါအဝင် တိရစ္ဆာန်တို့၏ သောက်သုံးရေအဖြစ်လည်း ဖူလုံစေမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကျေးလက်နေဒေသခံများ၏ ရေလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းရန်နှင့် ရေအရင်းအမြစ်ဖော်ထုတ်ရာတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်လုပ်ဆောင်မှုကို မြှင့်တင်ဖော်ထုတ်ရယူ

> ရေလုံလောက်စေရန်နှင့် သစ်တော စိုက်ခင်းများသို့ အကန့်အသတ် ဖြင့် ရေပေးဝေဖြန့်ဖြူး . . .

စေနိုင်ကာ ရေအရင်းအမြစ်များကို တစ်ဖက်ရပ်ဆည်များဖြင့် ဖော်ထုတ်ရာတွင် အနီးဝန်းကျင်မြေသား မြေထုတွင် မြေအစိုဓာတ်ကို ပိုမိုရှိစေခြင်းဖြင့် သဘာဝအပင်များ၊ စိုက်ပျိုးပင်များ၊ ရှင်သန်ပေါက်ရောက်မှုကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန အနေဖြင့် စိမ်းလန်းစိုပြည်ရေးနှင့် ဒေသထောက်ပံ့ရေးအတွက် စိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောကျန်များကို ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစားထိုးလောင်စာ အသုံးချရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းနှင့် ရေရရှိရေး အကောင်ထည်ဖော်ဆောင်ရွက်ခြင်းများကို အဓိကထားဆောင်ရွက်လျက်ရှိရာ ရေရရှိရေးကို အကောင်အထည်ဖော်ရာတွင် ၁၉၉၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ရွှေဘို၊ မုံရွာနှင့် စစ်ကိုင်းတို့တွင် တူးဖော်ထားသည့်ရေကန် ၄၆၈ ကန်၊ တည်ဆောက်ထားသည့် နုန်းတားဆည် ၄၇၆ ခုနှင့် တူးဖော်ထားသည့် မြေအောက်ရေတွင်း ၄၀ ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ရှိ အာဟာရသုခဈေးတွင် ဈေးမှတစ်ဆင့် မီးလောင်မှုမဖြစ်ပွားစေရန် ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုကို မတ် ၂၆ ရက် နံနက် ၁၀ နာရီက ပျဉ်းမနားမြို့နယ် မီးသတ်ဦးစီးဌာနမှူး၊ ဦးစီးအရာရှိ ဦးအောင်သူ၊ ပျဉ်းမနား မီးသတ်စခန်းမှူး ဦးမျိုးမင်းသိန်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ခံဦးစီးအရာရှိ ဦးမောင်မောင်နှင့် ဈေးဝန်ထမ်းများပါဝင်သောအဖွဲ့သည် ဈေးအတွင်းရှိ အဝင်အထွက်လမ်းများ၊ ဆိုင်ခန်းများပစ္စည်းထားသိုမှု၊ လျှပ်စစ်မီးသုံးစွဲရေးအခြေအနေ၊ မီးသတ်ဆေးဗူးထားရှိမှု၊ ဖယောင်းတိုင်နှင့် အမွှေးတိုင်များ အသုံးမပြုရေး၊ မီးသတ်ရေကန်များ ရေရရှိမှုအခြေအနေတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။ သတင်းနှင့် ဓာတ်ပုံ - ကိုရှုပ(နေပြည်တော်)

တရားမဝင်ကျွန်းတံခါးချပ်များနှင့် ခွဲသားများ သိမ်းဆည်းရမိ

ကျောက်တံတား မတ် ၂၈

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာ အုပ်စုတွင် မတ် ၂၄ ရက်က ပဲခူးတိုင်းသစ်တောဦးစီးအရာရှိဦးသက်ဝေနှင့်အဖွဲ့သည် ဒညင်းကုန်းကွက်သစ်နေ ဦးစိုးနိုင်၊ ဒေါ်မြင့်မြင့်နေအိမ်နှင့် ဦးမြင့်ရွှေတို့၏ ခြံဝင်းနှင့်နေအိမ်အတွင်းသို့ ဝင်ရောက်ရှာဖွေရာ ကိုစိုးနိုင်နေအိမ်မှ ကျွန်းခွဲသားဆိုဒ်စုံ ၁၉၂ ချောင်း၊ တံခါးချပ်ဆိုက်စုံ ခြောက်ချပ်၊ ဒေါ်မြင့်မြင့်နေအိမ်မှ တံခါးချပ်ဆိုက်စုံ ၁၆ ချပ်နှင့် ဦးမြင့်ဆွေနေအိမ်မှ ကျွန်းခွဲသားဆိုဒ်စုံ ၂၂ ချောင်း၊ တံခါးတစ်ချပ်တို့ကို သိမ်းဆည်းရမိသဖြင့် သစ်တောရုံးသို့ ၎င်းပစ္စည်းများအား သယ်ဆောင်ပြီး တောအုပ် ဦးကြည်စိုးက သစ်တောဥပဒေပုဒ်မဖြင့် တရားစွဲဆိုနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၅၆၈)**

သတင်းတို

ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသစ်ဖွင့်ပွဲကျင်းပ

ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ အတွင်းရေကျော်ကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသစ်နှင့် သန်းခေါင်စာရင်းကောက်ယူရေးကော်မတီကွပ်ကဲရေးရုံးဖွင့်ပွဲကို မတ် ၂၇ ရက် နံနက် ၈နာရီက အဆိုပါရုံးရှေ့၌ ကျင်းပခဲ့သည်။ ရုံးသစ်မှာ သွပ်မိုး၊ သံဇကာ အလျား ၁၅ ပေ၊ အနံ ၂၀ ပေ၊ အမြင့် ၁၀ ပေဖြစ်ပြီး အလှူရှင်များမှ ငွေကျပ် ၃၅ သိန်း အကုန်ကျခံ တည်ဆောက်ခဲ့ကြောင်းသိရသည်။ ရုံးသစ်ဖွင့်ပွဲတွင် တွံတေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းဇော်ဟန်၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာအထောက်အကူပြုကော်မတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။ **မျိုးလှိုင်(တွံတေး)**

ကျေးရွာချင်းဆက်လမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်

သပိတ်ကျင်း၊ မတ် ၂၈

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် အတွင်းရှိ ဝါးဖြူတောင်ကျေးရွာနှင့် လမ်းလယ်ကျစ်ကျေးရွာတို့ကို ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ခွင့်ပြုရန်ပုံငွေဖြင့်ကျောက်ချောလမ်းအဖြစ်အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းကျေးရွာနှစ်ရွာသည် နှစ်မိုင်ခန့်ကွာဝေးပြီး မြေသားလမ်းသာရှိခြင်းကြောင့် မိုးတွင်းကာလတွင် သွားလာမှုခက်ခဲပြီး ကျေးလက်နေပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ အဆင်မပြေမှုနှင့် ကြုံတွေ့နေရသည့်အတွက် ကျေးရွာချင်းဆက် ကျောက်ချောလမ်းအဖြစ် ၀၅ ဒသမ ၂၈ မိုင်ကို အဆင့်မြှင့်တင်ပြီး ကျန်ရှိနေသည့်လမ်းအပိုင်းကိုလည်း လာမည့်ဘဏ္ဍာရေးနှစ်များတွင် ကျောက်ချောလမ်းအဖြစ် အပြီးသတ် ဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်ချောလမ်းအဆင့်မြှင့်ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဆန်းမင်း၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသန့်ဇင်ထွန်းနှင့်အဖွဲ့သည် လုပ်ငန်းခွင်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လမ်းခင်းကျောက်များ စုဆောင်းထားရှိမှု၊ လုပ်ငန်းများသတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေး၊ အန္တရာယ်ကင်းရှင်းစေရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးတို့ကို ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

အဆိုပါကျောက်ချောလမ်းကြီးပြီးစီးသွားပါက ဒေသအတွင်းရှိ ဇရပ်ကွင်း၊ အောင်ချမ်းသာ၊ ၆ မိုင်၊ ၄ မိုင် ကျေးရွာများမှ ပြည်သူများရာသီမရွေး အသုံးပြုနိုင်တော့မည်ဖြစ်သည့်အတွက် သွားလမ်းသာ၍ လာလမ်းပါဖြောင့်ဖြူးတော့မည့် ကျောက်ချောလမ်းကြီး အမြန်ပြီးစီးနိုင်ရေး မျှော်လင့်လျက်ရှိကြောင်း သိရသည်။ **စိုးနိုင်ဝင်း(သပိတ်ကျင်း)**

ဝယ်/ငှားလိုပါသည်
09-5113863 /09-73179994 /09-73210493
အိမ်အမြန်ရောင်းမည်
Capital Hypermarketအနီး
09-5113863 /09-73179994 /09-73210493

သတင်းတို

ရထားပေါ်တွင် စာပေ ရေချမ်းစင်များထားရှိ

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများစာပေကို လွယ်လင့်တကူ လေ့လာဖတ်ရှုနိုင်ရန် နံရံကပ်စာပေရေချမ်းစင်များကို လူစည်ကားသောနေရာများတွင် ဖွင့်လှစ်ပေးထားရာ ဂန့်ဂေါ-ကလေးရထားပေါ်မှ စာပေရေချမ်းစင်များသည်လည်း အပါအဝင်ဖြစ်သည်။ အဆိုပါရထားမှာ ဂန့်ဂေါမှ ကလေးထိ လူစီးတွဲလေးတွဲပါရှိရာ အဆိုပါ လေးတွဲတွင် စာပေရေချမ်းစင်များ ဖွင့်လှစ်ချိတ်ဆွဲထားသဖြင့် ခရီးသွားပြည်သူများ ရထားစီးရင်း စာပေလေ့လာဖတ်ရှုနိုင်ကြကြောင်းနှင့် စာပေရေချမ်းစင်စာစဉ် အတွဲ(၂) အမှတ် (၃) စာစဉ်များကိုလည်း ဖြည့်ဆည်းထားပြီးဖြစ်ကြောင်းသိရသည်။

ကျော်သန်းဆွေ

မန္တလေးတိုင်းဒေသကြီးအတွက် လာမည့်ဘဏ္ဍာရေးနှစ်တွင် မီးသတ်ယာဉ် အစီးရေ ၇၈ စီး ဖြည့်တင်းနိုင်ရေး တင်ပြထား

မန္တလေး၊ မတ် ၂၈

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အားလုံးသို့ မီးသတ်ယာဉ်များ ထပ်မံဖြည့်တင်းနိုင်ရေးအတွက် ၂၀၁၄-၁၅ ဘဏ္ဍာနှစ်အတွင်း မီးငြိမ်းသတ်ယာဉ်နှင့် မီးသတ်ရေသယ်ယာဉ် စုစုပေါင်း ၇၈ စီးဝယ်ယူဖြည့်တင်းနိုင်ရေး တင်ပြတောင်းခံထားကြောင်း ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့မှ သိရသည်။

မဟာအောင်မြေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ လွှတ်တော်ကိုယ်စားလှယ် ဦးပြေဝင်း တင်သွင်းခဲ့သော မကြာမီ ဆောင်းရာသီကုန်ဆုံးပြီး နွေဦးရာသီ ရောက်ရှိတော့မည်ဖြစ်ပါ၍ မီးဘေးအန္တရာယ် ကာကွယ်နိုင်ရန် ဥပဒေနှင့်အညီ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအစီအမံများ ကြိုတင်နှိုးဆော်မှုများ၊ မီးသတ်ကားများ ဖြည့်ဆည်းရေး အစီအစဉ်များကို တိုင်းဒေသကြီးအစိုးရက ကြီးကြပ်ဆောင်ရွက်ပေးရေးအဆိုကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်ကျော်မိုးက ရှင်းလင်းပြောကြားခြင်း ဖြစ်သည်။

လာမည့်ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး အစိုးရဘတ်ဂျက်တွင် မီးငြိမ်းသတ်ယာဉ် ၃၁ စီးနှင့်မီးသတ်ရေသယ်ယာဉ် ၄၇ စီးထည့်သွင်းတင်ပြတောင်းခံထားရှိပြီး၊ မြို့နယ်မီးသတ်စခန်းများအလိုက် လိုအပ်သော မီးငြိမ်းသတ်ရေးဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ မီးငြိမ်းသတ်ရေး အကာအကွယ်ပစ္စည်းများကိုလည်း တင်ပြတောင်းခံပေးသွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

"မီးသတ်ရေကန်များ၊ မီးငြိမ်းသတ်ယာဉ်နဲ့ မီးသတ်ရေသယ်ယာဉ်များကိုလည်း ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်မယ့် အစီအမံများကို ဦးစားပေးအစီအစဉ်အလိုက် ထည့်သွင်းတင်ပြတောင်းခံဆောင်ရွက်ပေးသွားမှာပါ" ဟု လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးအောင်ကျော်မိုးက ပြောသည်။

> **မီးဘေးအန္တရာယ်ကို ဥပဒေနှင့်အညီ ကြိုတင်ကာကွယ်. . .**

ထို့ပြင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ခွင့်ပြုရန်ပုံငွေဖြင့်ဝယ်ယူခဲ့သည့် တရုတ်နိုင်ငံထုတ် ဒေါင်ဖန်းမီးငြိမ်းသတ်ယာဉ်(အသစ်)၂၅ စီးအား မတ် ၇ ရက်တွင် နေပြည်တော်မီးသတ်ဦးစီးဌာနသို့ သွားရောက်ထုတ်ယူ၍ မတ် ၈ ရက်တွင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၅ မြို့နယ်သို့ ထပ်မံဖြည့်တင်းထုတ်ပေးပြီးဖြစ်ကြောင်း ဗိုလ်မှူးကြီးအောင်ကျော်မိုးက ပြောသည်။

"၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလများမှာလည်း မီးငြိမ်းသတ်ယာဉ် သုံးစီးထုတ်ယူရရှိခဲ့ပြီး မဟာအောင်မြေ၊ တံတားဦး၊ ငါန်းဇွန်မြို့နယ်တို့မှာ ဖြန့်ခွဲထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်" ဟု ပြောသည်။

မန္တလေးတိုင်းဒေကြီးအစိုးရအဖွဲ့အနေဖြင့် မီးသတ်ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြင့်မားရေးတို့အတွက် မွမ်းမံသင်တန်းများပေးခြင်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကို ဥပဒေနှင့်အညီ ကြိုတင်ကာကွယ်တားဆီးရေးအတွက် မြို့နယ်အလိုက်၊ စခန်းအလိုက် မီးဘေးလုံခြုံရေးစီမံချက်များ ရေးဆွဲဆောင်ရွက်ခြင်း၊ ပြည်သူလူထုသိရှိလိုက်နာဆောင်ရွက်နိုင်စေရန်အတွက် သတင်းစာ၊ ရေဒီယိုများတွင် ထုတ်ပြန်ကြေညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အောင်ရဲသွင်

ခေါက်ရိုးကျိုးသတင်းရေးသားနည်းမှ နိုင်ငံတကာစံချိန်စံညွှန်းမီ သတင်းရေးသားနည်းသင်တန်းဆင်းပွဲ မုံရွာမြို့တွင် ကျင်းပ

စစ်ကိုင်း၊ မတ် ၂၈

ခေါက်ရိုးကျိုးနေပြီဖြစ်သော (ဘ)ခြောက်လုံး သတင်းရေးသားနည်းမှသည် နိုင်ငံတကာစံနှင့်ကိုက်ညီသည့် သတင်းရေးသားနည်းများကို သိရှိ၍ လက်တွေ့အသုံးချနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ပြန်/ဆက်ဦးစီးဌာနမှ ကြီးမှူး၍ မတ် ၁၇ ရက်မှ ၂၄ ရက်အထိ ပြည်သူ့ဗဟိုပြု အများပြည်သူ့ဝန်ဆောင်မှု မီဒီယာသင်တန်းကို ပြုလုပ်ခဲ့သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံသားတိုင်း လွတ်လပ်စွာရေးသား၊ ထုတ်ဝေ၊ ဖြန့်ချိခွင့်ရှိသည့် မီဒီယာလုပ်ငန်းများ ဖြစ်ပေါ်စေရန်နှင့် စတုတ္ထမဏ္ဍိုင်ဖြစ်သော သတင်းမီဒီယာလုပ်ငန်းဖြင့် နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုကို အပြုသဘော ဆောင်ရွက်ကာ ပြည်သူ့ဗဟိုပြု မီဒီယာဖြင့် ပြည်သူကိုဝန်ဆောင်မှုပြုနိုင်ရန်အတွက် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်စန်းကပြောသည်။

ယင်းသင်တန်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးများ၊ ဓာတ်ပုံ-၂ ဝန်ထမ်း၊ စာထောက်-၃ ဝန်ထမ်းများ၊ ရုပ်သံ-၃ ဝန်ထမ်း စုစုပေါင်း ၆၁ ဦး တက်ရောက်ခဲ့ပြီး မီဒီယာသင်တန်းဆင်းပွဲကို မတ် ၂၄ ရက်က မုံရွာမြို့ရှိ ပြန်/ဆက်ဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် သင်တန်းတက်ရောက်သူများ ကိုယ်စား သင်တန်းသားတစ်ဦးက "ကျွန်တော်တို့အနေနဲ့ ဌာနလုပ်ငန်းနဲ့ပတ်သက်တဲ့ သင်တန်းတွေကို တက်ရောက်ခဲ့ဖူးပေမယ့် အခုလို ပြည်သူ့ဗဟိုပြုမီဒီယာသင်တန်းကိုတော့ ပထမဦးဆုံး တက်ရောက်ခဲ့ဖူးတာပါ။ ဒီသင်တန်းမတက်ရောက်ခင်အထိ သတင်းရေးသားရာမှာ ခေါက်ရိုးကျိုးနေပြီဖြစ်တဲ့ (ဘ)ခြောက်လုံးရေးသားနည်းနဲ့ပဲ ရေးသားခဲ့ပါတယ်။ အခုသင်တန်းပြီးချိန်မှာတော့ သင်ကြားခဲ့ရတဲ့ အတွေ့အကြုံပေါင်းများစွာကို လက်တွေ့နယ်ပယ်မှာ နိုင်ငံတကာစံနဲ့ သတင်းတွေကို ချိန်ထိုးပြီးရေးသားနိုင်တော့မှာဖြစ်ပါတယ်"ဟု ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တိုင်းဒေသကြီး ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်စန်းတို့က အဆိုပါသင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားပြီး ထူးချွန်သင်တန်းသား၊ သင်တန်းသူများကို လူမှုရေးဝန်ကြီးနှင့် ဇေယျာပဒေသာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာမောင်ထူးတို့က ဆုများအသီးသီးချီးမြှင့်သည်။ သင်တန်းဆင်းလက်မှတ်များကို တိုင်းဒေသကြီးပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်စန်းက သင်တန်းခေါင်းဆောင်သို့ ပေးအပ်ခဲ့ပြီး သင်တန်းသားများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

မျိုးဝင်းထွန်း(မုံရွာ)

ဆိပ်ဖြူ – ဆော – ကန်ပက်လက်လမ်း ဆောမြို့အဝင် ဆောချောင်းကူးတံတား ဆောက်လုပ်

ဆော၊ မတ် ၂၈

ဆိပ်ဖြူ-ဆော-ကန်ပက်လက်လမ်း ဆောမြို့အဝင် ဆောချောင်းကူးတံတားကို သံကူကွန်ကရစ် တံတားအဖြစ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၇) က အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အဆိုပါချောင်းကူး ယခင်တံတားမှာ တစ်လမ်းသွား ဘေလီတံတားဖြစ်ပြီး ယခုဆောက်လုပ်သော တံတားမှာ နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်ကာ တံတား အမြန်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၇) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခင်ဆောက်လုပ်ခဲ့သော ဆောချောင်းကူးတံတားမှာတစ်လမ်းသွား ဘေလီတံတားဖြစ်သည့်အတွက် တံတားကို အသွားအပြန် တစ်လှည့်စီဖြတ်သန်းခဲ့ကြရပြီး ယခုတံတားမှာ နှစ်လမ်းသွားအဖြစ် ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆိပ်ဖြူ-ဆော-ကန်ပက်လက်လမ်း ဆောမြို့အဝင် ဆောချောင်းကူးတံတားကို သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပြီးစီးသွားပါက ဒေသခံပြည်သူများ၊ မော်တော်ယာဉ်များ လွယ်ကူစွာဖြတ်သန်းနိုင်မည့်အပြင် ဒေသတစ်ခုမှတစ်ခုသို့ ကုန်စည်ပို့ဆောင်ရေး အတွက်လည်း ပိုမိုအဆင်ပြေလွယ်ကူသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်သန်းဆွေ

ENGLISH
Conversation Practice
Great Wall
09 49 285182
CNG Taxi
Fielder CNG
CAMP
V.K Land Myanmar Co.Ltd
21 AD @ BILLBOARD ADVERTISING
01 377093 373036 09 73043672 09 73200189

အိန္ဒိယနိုင်ငံမှ ထိပ်တန်းပညာရေးပြပွဲကြီး Asia Plaza တွင်ပြုလုပ်မည်

ရန်ကုန်၊ မတ် ၂၈

အိန္ဒိယနိုင်ငံ၏ ထိပ်တန်းပညာရေးဌာနပေါင်း ၄၀ ကျော်ပါဝင်သည့် အိန္ဒိယပညာရေးပြပွဲကြီးကို ရန်ကုန်မြို့ရှိ Asia Plaza တွင် မတ် ၂၉ ရက်မှ ၃၀ ရက်ထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း မတ် ၂၆ ရက်က အဆိုပါ ပညာရေးပြပွဲအကြောင်းနှင့် ပတ်သက်၍ အဆိုပါမီဒီယာတွေ့ဆုံပွဲမှ သိရသည်။

အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံသို့ ပညာရေးနှင့်ပတ်သက်သည့်ပွဲကို အိန္ဒိယ စီးပွားရေးပညာရှင်များဖြင့် နှစ်ကြိမ်ပြုလုပ်ခဲ့ပြီး ယခုတစ်ကြိမ်တွင် အိန္ဒိယနိုင်ငံသံရုံးနှင့် ချိတ်ဆက်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"အိန္ဒိယနိုင်ငံနဲ့ မြန်မာနိုင်ငံဆိုတာက နယ်နိမိတ်အရရော၊ ဘာသာရေးပိုင်းအရရော နီးစပ်မှုတွေရှိတယ်။ ဒါ့အပြင် တခြားနိုင်ငံ တွေထက်စာရင် အဲဒီမှာ ပညာသင်ကြားစရိတ်က ၅၀ ရာခိုင်နှုန်းလောက် သက်သာနိုင်တယ်။ ဒီနှစ်ပြီးရင် နောက်နှစ်ဆို မန္တလေးမှာ လုပ်မှာ။ သူတို့စီမှာက နိုင်ငံတော်ကပိုင်တဲ့ တက္ကသိုလ်တွေ

> **အိန္ဒိယနိုင်ငံနဲ့ မြန်မာနိုင်ငံ ဆိုတာက. . .**

ရှိသလို ပြည်နယ်၊ ပုဂ္ဂလိက၊ အခြားအဖွဲ့အစည်းတွေကပိုင်တဲ့ တက္ကသိုလ်တွေ အများကြီးရှိတယ်။ အဲဒီမှာ ကိုယ်ကြိုက်တဲ့ဘာသာကို ရွေးချယ်သင်ယူနိုင်တယ်"ဟု ကူညီဆောင်ရွက်ပေးနေသူ ဟသ်ာတတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(အငြိမ်းစား) ဆရာဦးခင်မောင်ချိုက ပြောကြားသည်။

အသက်မွေး ဝမ်းကြောင်းဆိုင်ရာ ပညာရပ်များ၊ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်သည့် ဘာသာရပ်များကို သင်တန်းတိုအဖြစ် စိတ်ကြိုက်ရွေးချယ် တက်ရောက်နိုင်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ဘွဲ့ယူလိုသူများ၊ မဟာဘွဲ့ရယူလိုသူများ၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ ပညာရပ်များ သင်ကြားလိုသူများအနေဖြင့်ပညာသင်စရိတ်များနှင့် ပတ်သက်၍ ကြိုတင်အချက်အလက်များ ရယူနိုင်မည်ဖြစ်သည်။

ပညာရေးပြပွဲ၌ အသက်မွေးဝမ်းကြောင်း ပညာများ၊ ကြော်ငြာရိုက်ကူးရေး၊ ကာတွန်းရုပ်ရှင်၊ ဖူးခက်လေ့လာရေး၊ ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း အစရှိသည်များကို လေ့လာခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်ဦး

သန့်ရှင်းသော သောက်သုံးရေရရှိနိုင်ရေးအတွက် စက်ရေတွင်းတူးဖော်မှုအား တွေ့ရစဉ်။

ဗန်းမော်မြို့နယ် မံခွန်ကျေးရွာ သောက်သုံးရေအတွက် စက်ရေတွင်းတူးဖော်

မြစ်ကြီးနား၊ မတ် ၂၈

ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေများရရှိနိုင်ရန်အတွက် မတ် ၂၅ ရက် မွန်းလွဲ ၃ နာရီအချိန်တွင် ကျေးလတ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၇ ဒသမ ၅၀ သန်းဖြင့် ဗန်းမော်မြို့နယ် မံခွန်ကျေးရွာတွင် မဥ္ဇူသာကုမ္ပဏီမှ တင်ဒါစနစ်ဖြင့်တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေအား ခရိုင်ဦးစီးမှူး ဦးအေးမင်းနှင့် မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်သိန်းတို့က ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

သတင်းတိုများ

လှိုင်သီရိလမ်း ပျက်စီးယိုယွင်းနေမှုကို ပြုပြင်ဖွင့်လှစ်

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညဏ်ဝင်းဦးဆောင်၍ အမှတ် ၉ ရပ်ကွက်၊ လှိုင်သီရိလမ်းအားမတ် ၂၇ ရက်ကဖွင့်လှစ်ခဲ့သည်။ လမ်းမှာ ပေအရှည် ၄၂၅ ပေ၊ အကျယ် ၁၂ ပေ၊ ထုခြောက်လက်မရှိပြီး ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေမှ အချိုးကျမတည်သုံးစွဲ၍ လမ်းပျက်စီးယိုယွင်းနေမှုကိုလမ်းမိသားစုများနှင့်စုပေါင်း၍ ငွေကျပ် ၇၅ သိန်းဖြင့်ဆောက်လုပ်ခဲ့သည်။ **မင်းထက်ပိုင်**

အင်ပင်လှကျေးရွာ မြေနီကျောက်ချောလမ်းဖွင့်

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ အင်ပင်လှကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောင်ရွက်သော အင်ပင်လှကျေးရွာနှင့် ကိုးပင်-သာဂရလမ်းသို့ ဆက်သွယ်သည့် မြေနီကျောက်ချောလမ်း ၁ မိုင်၊ ၂ ဖာလုံ ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကျေးရွာသားများ စုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ **ကျော်ဇေယျ(မကွေး)**

သပိတ်ကျင်းမြို့နယ် အုံးဖုံးကျေးရွာအုပ်စု ဇရပ်ကွင်းကျေးရွာတွင် စက်ရုံနှင့်ရေကန်အပါအဝင် စက်ရေတွင်း တူးဖော်ဆောင်ရွက်

သပိတ်ကျင်း၊ မတ် ၂၈

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများအားသန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်ခြင်း၊ စိမ့်စမ်းရေသွယ်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ မြေသား ရေလှောင်ကန်များ တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့်လည်း ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း ဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာများသန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ရာတွင် (Silver Mark) ကုမ္ပဏီမှ တာဝန်ယူတည်ဆောက် တူးဖော်ဆောင်ရွက်နေသော အုံးဖုံးကျေးရွာအုပ်စု၊ ဇရပ်ကွင်းကျေးရွာတွင် စက်ရုံနှင့်ရေကန်အပါအဝင် စက်ရေတွင်းတူးဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါကုမ္ပဏီမှ တူးဖော်ဆောင်ရွက်နေသော လုပ်ငန်းခွင်သို့ ယခုနှစ် မတ် ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုလှိုင်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဆန်းမင်းနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးသန့်ဇင်ထွန်းတို့သည် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အတူ အဆိုပါတူးဖော်ဆောင်ရွက်နေသော စက်ရေတွင်းတူးဖော်ဆောင်ရွက်ခြင်းလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူးက လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းစွာဆောင်ရွက်စေရေး၊ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများ မရှိစေရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးတို့နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါစက်ရေတွင်း တူးဖော်ဆောင်ရွက်ပြီးစီးပါက ဇရပ်ကွင်းကျေးရွာရှိ အိမ်ခြေ ၁၄၂၆ အိမ်နှင့် လူဦးရေ ၇၁၇၇ ဦးတို့အတွက် သောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ဇရပ်ကွင်းကျေးရွာတွင် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျေးလက် ကျန်းမာရေးဌာနအတွင်းရှိ ဆရာမနေအိမ် တစ်ထပ်အိမ် အချောသတ်တည်ဆောက်နေခြင်းအား ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

စိုးနိုင်ဝင်း(သပိတ်ကျင်း)











အရှေ့တောင်အာရှနိုင်ငံများ လူကုန်ကူးမှုနှင့်ပတ်သက်၍ လူ့အခွင့်အရေး ဆွေးနွေးပွဲ ပြုလုပ်သွားရန်ရှိ

ရန်ကုန်၊ မတ် ၂၈

ရှေ့တောင်အာရှ နိုင်ငံများတွင် လူကုန်ကူးမှုများနှင့် ပတ်သက်၍ လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲများကို နေပြည်တော်တွင် ယခုနှစ်ကုန်ပိုင်း၌ ကျင်းပပြုလုပ်သွားရန်ရှိကြောင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ထံမှ သိရသည်။

အဆိုပါ လူကုန်ကူးမှုနှင့်ပတ်သက်၍ လူ့အခွင့်အရေးဆိုင်ရာဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအပါအဝင်လူ့အခွင့်အရေးအဖွဲ့အစည်းများရှိကြသော ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ အရှေ့တီမောစသည့် နိုင်ငံများ ပါဝင်ဆွေးနွေးသွားမည်ဖြစ်သည်။

"ဟိုတလောတုန်းက အစိုးရ အချင်းချင်း ဆွေးနွေးပွဲတွေလုပ်ပြီးပြီ။ ဒီတစ်ခါတော့ ကျွန်တော်တို့လူ့အခွင့်အရေးအဖွဲ့တွေအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ဆွေးနွေးသွားမှာပါ" ဟု အဆိုပါကော်မရှင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ်အတွင်း အရှေ့တောင်အာရှနိုင်ငံများ ဆွေးနွေးပွဲများအပြင် အာရှပစိဖိတ်ဒေသတွင်း နိုင်ငံများ ဆွေးနွေးပွဲများလည်း ပြုလုပ်သွားမည်ဖြစ်ပြီး မတ်လ တတိယအပတ်တွင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဆွီဒင်နိုင်ငံနှင့် ပူးပေါင်း၍ နေပြည်တော်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူ ၃၀ ခန့်ပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို မတ် ၁၈မှမတ် ၂၀ ရက်အထိပြုလုပ်ခဲ့ကြောင်း သိရသည်။

"အဲဒီဆွေးနွေးပွဲမှာ အကျဉ်းသားညှဉ်းပန်းနှိပ်စက်မှုမရှိရေးနဲ့ ကုလသမဂ္ဂပဋိညာဉ်ပါ အချက်တွေဖြစ်တဲ့ လူသားမဆန်တဲ့ အပြုအမူမျိုးတွေ မရှိစေဖို့ အားလုံးပါဝင်ဆွေးနွေးကြတာပါ"ဟု လူ့အခွင့်အရေးကော်မရှင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ထပ်မံပြောကြားသည်။

အဆိုပါအစိုးရအဖွဲ့တာဝန်ရှိသူများပါဝင်သည့် လူ့အခွင့်အရေးနှင့်ပတ်သက်သည့် အကြောင်းအရာများ ဆွေးနွေးပွဲများကို ဇန်နဝါရီတွင် ရန်ကုန်မြို့၌ ကျင်းပနိုင်ခဲ့ပြီး နေပြည်တော်တွင် ယခုလအတွင်း ထပ်မံဖွင့်ကျင်းပခြင်းဖြစ်ကြောင်း အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံမှ သိရသည်။ **တင်မောင်ဦး**

ပခုက္ကူမြို့တွင် (၁၀) ကြိမ်မြောက် ကလေးအထူး တရားစခန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

ပခုက္ကူ၊ မတ် ၂၈

ပခုက္ကူမြို့၊ အမှတ်(၄)ရပ်ကွက်ရှိ စနစ်သစ်ပုထိုးတိုက်တွင် မတ် ၂၆ ရက် နံနက် ၈ နာရီခွဲချိန်က အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသည့် ၁၀ ကြိမ်မြောက် ယဉ်ကျေးလိမ္မာမြတ်ပညာသင်တန်းနှင့် ကလေးအထူးတရားစခန်း ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ အမျိုးဘာသာစောင့်ရှောက်ရေးအဖွဲ့မှ ရေစကြိုမြို့နယ် ရှင်မတောင်ကျောင်းဆရာတော် ဦးကဝိန္ဒာဘိဝံသ၊ တိလောကာရာမကျောင်းဆရာတော် ဦးပညာဝံသနှင့် ပင့်သံဃာတော်များ၊ သင်တန်းနည်းပြဒေါ်အေးအေးသန်း(အပြည်ပြည်ဆိုင်ရာထေရဝါဒသာသနာပြုတက္ကသိုလ်၊ ရန်ကုန်မြို့)၊ ဒေါ်ငြိမ်းငြိမ်းအိ (ဓမ္မဒူတမယ်၊အင်းတော်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး)၊ ပဥ္စမတန်းမှ အဋ္ဌမတန်း သင်တန်းသား ၄၀၀ ခန့်တက်ရောက်ခဲ့သည်။

၎င်းသင်တန်းတွင် မတ် ၂၆ ရက်တွင် ပဥ္စမတန်းမှ သတ္တမတန်း သင်တန်းသား၊ သင်တန်းသူ ၄၀၀ ကိုလည်းကောင်း၊ မတ် ၂၇ ရက်တွင် အဋ္ဌမတန်းမှ ဒသမတန်း ကျောင်းသား၊ ကျောင်းသူ ၂၀၀ ကိုလည်းကောင်း၊မတ် ၂၈ ရက်တွင် ပခုက္ကူတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ ၁၀၀ ကိုလည်းကောင်း နေ့စဉ်နံနက် ၇ နာရီမှ ညနေ ၅ နာရီချိန်ထိ သင်တန်းဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

ရေစကြိုမြို့နယ်တွင် ယခုနှစ် ပဲဇီးကွက်ဈေးများ ယခင်နှစ်ထက် ဈေးကောင်းရလျက်ရှိ

ရေစကြို၊ မတ် ၂၈

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်သည် ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုး၊ ပြောင်း၊ နေကြာ၊ ဝါတို့ကို စိုက်ပျိုးထုတ်လုပ်မှု အားကောင်းသော မြို့နယ်ဖြစ်ပြီး ယခုနှစ်တွင် ပဲဇီးကွက်ဈေးများ ယခင်နှစ်ထက် ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

ယခုရာသီတွင် ပဲဇီးကွက်များ လှိုင်လှိုင်ပေါ်လျက်ရှိပြီး သီးနှံပွဲရုံများသို့ လာရောက်ရောင်းချလျက်ရှိကြရာ သီးနှံဝယ်ရောင်းပွဲရုံများအနက် ဝေဖြိုးပွဲရုံမှ ပဲဇီးကွက်တစ်တင်းကို ကျပ် ၁၈၂၀၀ ဈေးပေး၍ ဝယ်ယူနေကြောင်း၊ ယမန်နှစ်ကာလတုန်းက ပဲဇီးကွက်တစ်တင်း ကျပ် ၁၅၅၀၀ ဈေးသာရှိသဖြင့် ယခုနှစ်တွင် တောင်သူများ ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် ပဲဇီးကွက်ကို အမြင့်ဈေးပေးဝယ်ယူခြင်းသည် တရုတ်ဝယ်လက်ရှိ၍ဖြစ်ကြောင်း ဝယ်ယူရသမျှ ပဲများကို နေ့စဉ် မန္တလေးဈေးကွက်သို့ တင်ပို့ကြောင်း ဝေဖြိုးပွဲရုံမှ ဒေါ်ဖြိုးဖြိုးက ပြောသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

ဓာတ်အားခတိုးမြှင့်ကောက်ခံခြင်းအပေါ်ရှင်းလင်း

ကော့မှူး၊ မတ် ၂၈

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ကော့မှူးမြို့နယ်(လျှပ်စစ်) အုပ်ချုပ်ရေးမှူး ဦးမြလှိုင်က ဓာတ်အားတိုးကောက်ခံရခြင်း၏ ရည်ရွယ်ချက်၊ ပြင်ဆင်ကောက်ခံမည့် နှုန်းထားများ၊ ရရှိလာမည့် အကျိုးကျေးဇူးများကို မတ် ၂၆ ရက်က ကော့မှူးမြို့နယ် နတ်စင်ကုန်းကျေးရွာ၊ အဖျောက်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတို့၌ မိဘပြည်သူများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ရေရှားပါးသော ဒလမြို့နယ်တွင် ချောင်းရေ၊ ကန်ရေများကို ရေသန့်အဖြစ် ပြောင်းလဲဖြန့်ဝေ

ရန်ကုန်၊ မတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ သောက်သုံးရေ ရှားပါးသော ရပ်ကွက်နေပြည်သူများအတွက် ချောင်းရေ၊ ကန်ရေများမှ Mobile Water Purifieation System ဖြင့် Terndy Myanmar Co.,Ltd နှင့် ဂျပန်နိုင်ငံတိုကျိုမြို့ရှိ Metawater Co.,Ltd တို့ မတ်လကုန်ပိုင်းတွင် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

Terndy Myanmar Co.,Ltd **နှင့် ဂျပန်ကုမ္ပဏီတို့မှ သောက်သုံးရေဖြန့်ဝေပေးစဉ်။**

အဆိုပါ အစီအစဉ်အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ သန့်ရှင်းသောသောက်ရေသန့်အဖြစ် ပြောင်းလဲ၍ ဖြန့်ဝေမှုအစီအစဉ်ကို မတ် ၂၆ ရက် နံနက်က ဆောင်ရွက်ခဲ့သည်။

"ကျွန်မတို့ဒလမြို့နယ်မှာက မြေစိုက်ကန်တွေရယ်၊ အုတ်ကန်တွေရယ်ကိုပဲ အားကိုးနေရတာ မိုးတွင်းဆိုကန်ရေတွေပြည့်ပြီး ရေသိုလှောင်ထားနိုင်တယ်။ ယခုလိုရေရှားတဲ့နွေရာသီမှာ စနစ်တကျ ခတ်ယူသုံးစွဲရတယ်။ ဒါပေမဲ့ ရေကနောက်တော့ သုံးလို့ဘဲရတယ် သောက်လို့ကမရဘူး"ဟု ရာဇသင်္ကြန် ရပ်ကွက်မှ ဒေါ်သန်းသန်းဝင်းက ပြောသည်။

၎င်းက "သောက်ရေအတွက် ရေကန်ကသပ်သပ်ရှိတယ်။နောက်ကျိ နေတဲ့ရေကိုရေသန့်ဗူးထဲ ကရေအတိုင်းဖြစ် အောင်လုပ်ပြီး ပြည်သူတွေကို ဝေငှပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟုပြောသည်။

၎င်းရပ်ကွက်တွင် လူဦးရေ ခုနစ်ထောင်ကျော်နှင့် အိမ်ထောင်စုပေါင်း ၁၅၀၀ ခန့်ရှိပြီး အဆိုပါ ရပ်ကွက်တိုင်းတွင် ၂၅×၁၀×၈ ပေရှိရေလှောင်အုတ်ကန်များမှာအိမ်ထောင်စု ၁၀ စုလျှင် ကန်တစ်ကန်ရှိပြီး မိုးအခါသိုလှောင်၍ နွေအခါရေခက်ခဲသည့်အချိန်များ၌ သောက်ရေကို စနစ်တကျဝေငှပေး နေရကြောင်း သိရသည်။ **(၅၉၇)**

သတင်းတို

ဓာတ်အားခနှုန်းထားများ တိုးမြှင့်ကောက်ခံခြင်းနှင့် ပတ်သက်၍ရှင်းလင်း

လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများအား အသိပေး ရှင်းလင်းဆွေးနွေးပွဲကို မတ်လ ၂၆ ရက် နံနက် ၁၀နာရီက ဘီးလင်းမြို့နယ် ယွန်းလင်းကုန်း ကျေးရွာအုပ်စု ကကတဲဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် တောင်စွန်းမြို့နယ် လျှပ်စစ်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က လျှပ်စစ်ဓာတ်အားခနှုန်းထားပြောင်းလဲခြင်းကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာပြည်သူအချို့က သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်လျှပ်စစ်အုပ်ချုပ်ရေးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်းသိရသည်။

ထူးနောင်(iprd)

Safe & Smart ... PVC Card
Yellow Earth

မြင်းခြံမြို့နယ်တွင် မိုးရေးဖလာစိုက်ပျိုးသည့် ကျွန်းဆေး (ဘာလီအေး) ပင်များ စိုက်ပျိုးမှုနည်းလာ

မြင်းခြံမြို့ ဓားကျွန်းကျေးရွာရှိ မိုးရေးဖလာစိုက်ပျိုးထားရှိသည့် ကျွန်းဆေး(ဘာလီအေး) ပင်များအား တောင်သူများ ရိတ်သိမ်းရူးဆွတ်နေစဉ်။

မြင်းခြံ၊ မတ် ၂၈

မြင်းခြံမြို့နယ် ဓားကျွန်းကျေးရွာတွင် မိုးရေးဖလာစိုက်ပျိုးထားရှိသည့် ကျွန်းဆေး(ဘာလီအေး) အပင်များကို ရိတ်သိမ်း ခူးဆွတ်လျက်ရှိကြောင်း ဒေသခံတောင်သူများက ပြောသည်။

အဆိုပါ ကျွန်းဆေး(ဘာလီအေး) အပင်များ ယင်းဒေသတွင်စိုက် ပျိုးမှုနည်းလာပြီး ၎င်းနေရာတွင် ငွေပေါ်မြန်သည့် စီပီပြောင်းပင်များကို စိုက်ပျိုးလာကြကြောင်း အဆိုပါ ကျွန်းဆေး (ဘာလီအေး) စိုက်ပျိုးသူ တစ်ဦးက ပြောသည်။

"စိုက်ပျိုးထားရှိတဲ့ ကျွန်းဆေး (ဘာလီအေး) အပင်များကိုမတ်လဆန်း ပိုင်းကတည်းက စတင်ရိတ်သိမ်း ခူးဆွတ်နေကြတာပါ။ ဓားကျွန်း ကျေးရွာနဲ့ အနီးတစ်ဝိုက် အောင်ပြည်စိုး၊ တန်ဆောင်း၊ လှိုင်းတက်၊ လေးအိမ်တန်း စတဲ့ကျေးရွာတွေမှာလည်း ကျွန်းဆေး(ဘာလီအေး)ကို စိုက်ပျိုးကြပါတယ်။ မြစ်ရေနဲ့ စိုက်ပျိုးတာမို့ ကျွန်းဆေးလို့ခေါ်တာပါ။ ကုန်းဘက်မှာစိုက်ရင်တော့ ကုန်းဆေးပေ့ါ။ အရင်တုန်းကတော့ ကျွန်းဆေးကို ဒီဒေသက စိုက်ပျိုးခဲ့ကြပေမယ့် စီပီပြောင်းကို အများအပြား စိုက်ပျိုးလာကြပြီး စိုက်ရက်ရှည်သလိုငွေပေါ်ဖို့ကျတော့လည်း စီပီပြောင်းထက် အချိန်ပိုစောင့်ရတယ်။ ဒါကြောင့် ကျွန်းဆေးကို မိုးရေးဖလာ အစဉ်လာ မပျက်သဘောပဲ စိုက်ပျိုးကြတာ များပါတယ်"ဟု ၎င်းက ပြောသည်။

ကျွန်းဆေး(ဘာလီအေး) တစ်ဖိုလျှင် အချိန် ၁၀၀ ပိဿာခန့်ရှိပြီး ယခုအချိန်တွင် ကျွန်းဆေးတစ်ဖိုလျှင် တစ်သိန်းကျပ်ခန့်ရရှိကာ တစ်ဧကစိုက်ကွက်တစ်ခုတွင် ကျွန်းဆေးငါးဖိုစာခန့်ထွက်ရှိကြောင်း သိရှိရသည်။

ချမ်းသာ(မိတ္ထီလာ)

သတင်းတို

စာရင်းစစ်၊ စာရင်းကောက် ခန့်အပ်လွှာပေး

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့် စာရင်းကောက်၊ စာရင်းစစ်သင်တန်းဆင်းပွဲအခမ်းအနားကိုလှည်းကူး၊ အထက အောင်ဆန်းခန်းမ၌ မတ် ၂၅ ရက် ညနေ ၄ နာရီက ကျင်းပရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုက အမှာစကား ပြောကြားကာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်ခိုင်က လုပ်ငန်း ဆိုင်ရာများ ရှင်းလင်းဆွေးနွေးပြီး သင်တန်းသား၊သင်တန်းသူ ၅၉၃ ဦးအား စာရင်းကောက်၊ စာရင်းစစ် ခန့်အပ်လွှာများပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သတင်းမီဒီယာသင်တန်း မူဆယ်၌ ရက်သတ္တတစ်ပတ်ကြာ ပို့ချမည်

မူဆယ်၊ မတ် ၂၈

ပြည်သူကိုဗဟိုပြု အကျိုးပြုလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်ရေးနှင့် သတင်းမီဒီယာလုပ်ငန်းများ ကျွမ်းကျင်စွာဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့ဝန်ဆောင်မှုနှင့် အခြေခံသတင်း မီဒီယာသင်တန်း အမှတ်စဉ် (၁/၂၀၁၄) ကို မတ် ၂၂ ရက်၊ နံနက် ၉ နာရီက မူဆယ်မြို့၊ ခရိုင်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

မူဆယ်ခရိုင်အတွင်းရှိမြို့နယ်များနှင့် မြို့နယ်ခွဲများမှ ဝန်ထမ်းများက တက်ရောက်ပြီးသင်တန်းသား၊သင်တန်းသူ ၂၇ ဦးတက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်း၌ Social Media အသုံးပြုမှုများအား စာတွေ့ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ပြီး အဆိုပါ မီဒီယာသင်တန်းကိုသင်တန်းကာလ ရက်သတ္တတစ်ပတ် ကြာသင်ကြားသွားမည် ဖြစ်သည်။

အဆိုပါသင်တန်းတွင်ရှမ်းပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်မှူး ဦးစိုင်းဆမ်တစ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် အမျိုးသားအကျိုးစီးပွားအတွက် မီဒီယာလုပ်ငန်းဖြင့်အလုပ် အကျွေးပြုရေးသင်တန်းဖွင့် အမှာစကား ပြောကြားခဲ့သည်။

ခရိုင်ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးက သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ပို့ချမည့်ဘာသာရပ်အလိုက် လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

အယ်လ်စိုး

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ စာစောင်များ လှူဒါန်း

ရန်ကုန် မတ် ၂၇

စာကြည့်တိုက်များ စည်းကမ်းသတ်မှတ်ချက် (စံ) ငါးရပ်နှင့် ညီညွတ်၍ပထမဆုရရှိခဲ့သော အင်းစိန်မြို့နယ် မြို့သစ် (ဂ) ရပ်ကွက် အမြင်သစ်စာကြည့်တိုက်သို့ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ စာစောင်များ၊ ဂျာနယ်များနှင့် မဂ္ဂဇင်းများပေးအပ်လှူဒါန်းပွဲများကို မတ် ၂၃ ရက်က အမြင်သစ်စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

စာစောင်များလှူဒါန်းပွဲသို့ အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်တင့်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အမြင်သစ်စာကြည့်တိုက်နာယကများနှင့် ကြီးကြပ်မှုကော်မတီဝင်များ၊ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက်မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းကိုယ်စား အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက် ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းကြည်က အမြင်သစ်စာကြည့်တိုက်သို့ စာစောင်များ၊ မဂ္ဂဇင်းများ၊ ဂျာနယ်များပေးအပ်လှူဒါန်းရာအမြင်သစ်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်သိန်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။

(ဖြေ၄)

F.M.A
English & Japanese

လွတ်လပ်ခြင်းနှင့် စည်းကမ်း

aeZmZmxG

လူတစ်ဦးချင်းမှသည် လူမှုအဖွဲ့အစည်းတစ်ခုလုံးကို တည့်မတ်ပေးသောအရာသည် စည်းကမ်းပင်ဖြစ်သည်။ယင်းနှင့်ဆက်စပ်လျက်ရှိသည့် လူမှုအဖွဲ့အစည်းတစ်ရပ်လုံးက လိုလားနှစ်သက်တောင့်တနေသည့်အရာမှာ လွတ်လပ်ခြင်းပင်ဖြစ်သည်။ လွတ်လပ်ခြင်းနှင့်စည်းကမ်းသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေသော အရာများမဟုတ်ဘဲ အပြန်အလှန် ဆက်စပ်ယှက်နွယ်နေသော အရာများပင်ဖြစ်သည်။ လွတ်လပ်၍ စည်းကမ်းကောင်းသောနိုင်ငံသည် လျင်မြန်စွာ တိုးတက်လွယ်၏။ သို့သော် လွတ်လပ်သော်ငြားလည်း စည်းကမ်းဥပဒေကို ကျော်လွန်၍ လွတ်လပ်ပါက ပြဿနာပေါင်းစုံနှင့် ရင်ဆိုင်ဖြေရှင်းကြရလိမ့်မည်ဖြစ်သည်။

ယနေ့မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံကြီး တည်ထောင်နေချိန်တွင် အဖက်ဖက်မှ ပွင့်လင်းမြင်သာလာမှုနှင့်အတူ လွတ်လပ်ခြင်း၏ အသီးအပွင့်များကို စတင်ခံစားနိုင်ကြပြီဖြစ်သည်။ ယခုကဲ့သို့ အချိန် အခါတွင် လွတ်လပ်ခြင်းနှင့်စည်းကမ်းကို ကောင်းစွာနားလည်သဘောပေါက်ထားရန် အထူးလိုအပ်လှပေသည်။ လွတ်လပ်ခြင်းဟူသည် စည်းကမ်းဘောင်နှင့်လွတ်လပ်ခြင်းဖြစ်မှသာ စစ်မှန်သောလွတ်လပ်ခြင်းဟု ဆိုထိုက်ပေသည်။စည်းကမ်းကို ပိုမိုလေးနက်စေရန် ယှဉ်တွဲဖော်ပြသော စကားလုံးမှာ စည်းမျဉ်းဥပဒေဖြစ်သည်။

လွတ်လပ်ခြင်းကို အငမ်းမရဖက်တွယ်တတ်ကြသည်။ စည်းကမ်းဟုဆိုလိုက်သည်နှင့် တီကောင်ဆားနှင့်တို့သလို ဖြစ်သွားတတ်ကြသည်။ စည်းကမ်း၏ အဓိပ္ပာယ်ကို လွတ်လပ်မှုမရှိခြင်း၊ ချုပ်ချယ်ခြင်းဟူ၍ တလွဲအဓိပ္ပာယ်ကောက်ယူကာ မလိုလားမနှစ်သက်ကြပေ။ လွတ်လပ်ခြင်းကို အခွင့်ကောင်းယူ၍ စည်းကမ်းဘောင်အပြင်မှ ကြီးစိုးမင်းမူလာကြသည်။ လွတ်လပ်ခြင်းကို အရောင်အမျိုးမျိုးဆိုးကာ စီးပွားရှာထင်တိုင်းကြဲချင်လာကြသည်။

လွတ်လပ်စွာကုန်ကူးခြင်းသည် လွတ်လပ်ခြင်းမည်၏။ သို့သော် လူကိုကုန်လိုသဘောထားကာ ကုန်ကူးခြင်းအား လွတ်လပ်ခြင်းမဟုတ်၊ လူလူချင်းကုပ်သွေးစုပ်ကာ ယုတ်မာခြင်းပင်ဖြစ်သည်။ စာပေဖြင့်အသက်မွေးခြင်းသည် လွတ်လပ်ခြင်းမည်၏။ သို့သော်ပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေမည့် အဆိပ်သင့်စာပေများ တင်ပြဖြန့်ဝေခြင်းမှာ လွတ်လပ်ခြင်းမဟုတ်ဘဲ မိမိ၏ အတ္တတစ်ခုတည်းကိုသာ ကြည့်ခြင်းဖြစ်သည်။

လူသားအားလုံးက မိမိတို့၏ လူမှုဝန်းကျင်မှ လှုပ်ရှားသက်ဝင်နေသော အဖွဲ့အစည်းများ၏ ချမှတ်ထားသော စည်းကမ်းဘောင်အတွင်းမှ လွတ်လပ်စွာ နေထိုင်လုပ်ကိုင်ခြင်းပြုမှသာ စစ်မှန်သော လွတ်လပ်ခြင်း၏ အမှန်တရားကို ရှာဖွေတွေ့ရှိကြရပေမည်။ လူတစ်ဦးချင်းစီက စစ်မှန်သော လွတ်လပ်ခြင်းများဖြင့် လုပ်ကိုင်ပြုမူကြမည်ဆိုပါက ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် အရှိန်အဟုန်ပြင်းပြင်းဖြင့် ချီတက်နိုင်မည်ဖြစ်သည်။ စည်းကမ်းရှိသော နိုင်ငံသားများ များပြားလာလေ နိုင်ငံ၏ တိုးတက်ခြင်းလမ်းစပေါ်သို့ ရောက်ရှိလေဖြစ်သည်။

> အဖွဲ့အစည်းများ၏ ချမှတ်ထားသော စည်းကမ်းဘောင်အတွင်းမှ လွတ်လပ်စွာ နေထိုင်လုပ်ကိုင်ခြင်း ပြုမှသာ

ယနေ့အချိန်အခါသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် တည်ဆောက်နေချိန်၊ တစ်နည်းဆိုရသော် တဲပေါ်မှ တိုက်ပေါ်သို့ တက်လှမ်းနိုင်အောင် မြှင့်တင်နေချိန်တွင် မိမိတို့ဘက်ကလည်း တဲပေါ်နေခဲ့စဉ်က စိတ်ဓာတ်များကို ဖျောက်ဖျက်ပြီး တိုက်ပေါ်တွင် အဆင့်မြင့်မြင့်နေနိုင်ရန်မြင့်မြတ်သည့် စိတ်ဓာတ်များကို မွေးမြူကြရပေမည်။ ရုပ်ဝတ္ထုဖွံ့ဖြိုးတိုးတက်မှုနှင့် စိတ်ဓာတ်ရေးရာမြင့်မားမှုတို့သည် အချိုးညီတိုးတက်နေကြရမည်ဖြစ်သည်။

တချို့နိုင်ငံကြီးများတွင် ရုပ်ဝတ္ထုပစ္စည်း ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ စိတ်ဓာတ်ရေးရာမြင့်မားမှုက အမီမလိုက်နိုင်သဖြင့် တိုးတက်သင့်သလောက် မတိုးတက်ဘဲ ပျက်စီးဆုံးရှုံးမှုများနှင့်သာ ရင်ဆိုင်ကြုံတွေ့ကြရသည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်မှာ ရုပ်ဝတ္ထုပစ္စည်းများသာ ကမ္ဘာ့နိုင်ငံများနှင့် အမီ လိုက်ရုံမျှမကဘဲ နိုင်ငံသားတစ်ဦးချင်းစီက စိတ်ကောင်းစေတနာကောင်းများ၊ ကိုယ်ကျင့်တရားများ၊ စည်းကမ်းစနစ်များပါ တိုးတက်ကောင်းမွန်ရန်လိုအပ်လှပေသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ တစည်းတလုံးတည်းကြိုးပမ်းအားထုတ်မှုကြောင့် လွတ်လပ်ခြင်း၏အရသာကို ခံစားနေကြရပြီဖြစ်သည်။ လူအများလိုလားတောင့်တနေသည့် လွတ်လပ်ခြင်း၏အသီးအပွင့်များကို ဆက်လက်ဆွတ်ခူးနိုင်ရန်မှာ စည်းကမ်းပြည့်ဝသည့် လူမှုဝန်းကျင်အဖွဲ့အစည်းကြီးဖြစ်ရန်လိုအပ်သဖြင့် ထိုလွတ်လပ်ခြင်းကို ဆက်လက်ထိန်းသိမ်းရန်မှာ နိုင်ငံသားတိုင်းတွင် တာဝန်ရှိပေသည်။ သို့ပါ၍ စည်းကမ်းနှင့်ယှဉ်၍ စစ်မှန်သော လွတ်လပ်ခြင်းကို ရယူကာ သမာအာဇီဝကျသော အသက်မွေးခြင်းဖြင့် ရပ်တည်ရှင်သန်နိုင်ကြပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

ကတ္တရာလမ်းသစ်များဖွင့်

ချောင်းဆုံ မတ် ၂၈

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် (၆၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ရွှေကျွန်းဂုဏ်ရည်ကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်သော မုရစ်ကလေး-ခရိုက်ဒူး-ဆယ်ပလာကျေးရွာချင်းဆက်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ ရက် နံနက် ၈ နာရီတွင် မုရစ်ကလေးကျေးရွာ မုခ်ဦး၌ကျင်းပရာ မွန်ပြည်နယ် အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့်မွေးမြူရေး ဝန်ကြီး ဦးမျိုးညွန့်၊ ချောင်းဆုံမြို့နယ်မှ ဦးဝင်းကြည်နှင့် မော်လမြိုင် ခရိုင်ဦးစီးဌာနမှူး ဦးဝင်းနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ အဆိုပါ ကတ္တရာလမ်းသစ်သည် အရှည်တစ်မိုင်၊ အကျယ် ၁၂ ပေရှိကြောင်း သိရသည်။

အလားတူ ရေးမြို့နယ်တွင် (၆၉) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် မြတ်သူရကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော ဒူးယား-အံဒင်ကျေးလက် လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ ရက် နံနက် ၈ နာရီတွင်ကျင်းပရာ ရေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်၊ မော်လမြိုင်ခရိုင် ဦးစီးဌာနမှူး ဦးဝင်းနိုင်နှင့် အံဒင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်ရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကတ္တရာလမ်းသစ်သည် အရှည် ၃ မိုင် ၆ ဖာလုံ၊ အကျယ် ၁၂ ပေရှိကြောင်း သိရသည်။

(မြို့နယ် ကျေးလက်ဦးစီး)

ပဲခူးမြို့ ကျွန်းသာယာအဝေးပြေးယာဉ်ရပ်နားဝင်းအတွင်း အနယ်နယ်အရပ်ရပ်နှင့် လိုင်းကား၊ EXPRESS ယာဉ်ကြီးများ၊ ဟိုင်းလတ်ယာဉ်များရပ်နားရန်နှင့် ဂိတ်များအသီးသီးဖွင့်လှစ်ထားရှိခဲ့ရာ ယင်းဂိတ်အတွင်း EXPRESS ယာဉ်ကြီးများနှင့် ဟိုင်းလတ်ယာဉ်များဂိတ်ထိုးခြင်းမရှိကြဘဲ လက်မှတ်ဝင်ထိုးပြီး မဟာမြိုင်မီးပွိုင့်အနီး ပဲခူး-ရန်ကုန် ကားလမ်းမဘေး၌သာ နေ့စဉ်ဂိတ်ထိုးကာ ပြေးဆွဲနေသဖြင့် လမ်းမကြီး၌ ယာဉ်ကြောရှုပ်ထွေး၍ ယာဉ်အန္တရာယ်မကြာခဏဖြစ်ပေါ်စေသည့်အတွက် သက်ဆိုင်ရာတို့မှ စည်းကမ်းတကျရှိစေရေးနှင့် ခရီးသွားများကလည်း "အဝေးပြေးဝင်းထဲ ဘာဖြစ်လို့ လိုင်းကားတွေဂိတ်မထိုးတာလဲ"ဆိုတဲ့ အမေးသံတွေကြောင့် ပြုပြင်ပေးနိုင်ရန် ရေးသားလိုက်ရပေသည်။ ၅၈၇

သတင်းတို

မြန်အောင်၌ မီးသတ်မီးဘေး ကြိုတင်ကာကွယ်ရေးဆောင်ရွက်

နေပြည်တော် မတ် ၂၈

ဧရာဝတီတိုင်းဒေသကြီးမြန်အောင်မြို့နယ် အမှတ်(၄)ရပ်ကွက်အတွင်းရှိ ပရဟိတမြို့ရွှေကျောင်းတိုက်အတွင်းရှိ ဗုဒ္ဓမြတ်စွယ်တော်တိုက်ဖွင့်ပွဲနှင့် ပထမအကြိမ်လှည့်လည်ပူဇော်ပွဲ နီးလာသည်နှင့်အမျှပွဲတော်ရက်အတွင်း မီးဘေးအန္တရာယ်မကျရောက်စေရန်နှင့်ရာသီဥတုပူပြင်းလာသောကြောင့် မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် အရန်တပ်ဖွဲ့ဝင်များသည် မြန်အောင်မြို့ရပ်ကွက်များအတွင်းရှိအိမ်များ တွင် မီးသုံးစွဲမှုများစနစ်တကျရှိစေရေးအတွက်မတ်လ ၂၇ရက်က အမှတ် (၄) ရပ်ကွက်အတွင်း တစ်အိမ်ချင်းလိုက်လံစစ်ဆေးမှုများကိုပြုလုပ်ခဲ့ကြပါသည်။

နေဝင်းဇော်(မြန်အောင်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ



မြန်မာစန်းသီအောင်စက်မှုထုတ်လုပ်မှုကုမ္ပဏီလီမိတက်၏
အောက်ဖော်ပြပါ အုပ်ချုပ်မှုဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များသို့ သတိပေးအကြောင်းကြားခြင်း

ဦးစိုင်းအိုက်ခမ်း	အုပ်ချုပ်မှုဒါရိုက်တာ	[၁၃/လရန(နိုင်)၀၃၁၈၆၆]	အမှတ်(၄၀/၂၀၀)၊ ရွှေသောင်းပင်လမ်း၊ (၇)ရပ်ကွက်၊ နယ်မြေ(၆)၊ လားရှိုးမြို့။
ဒေါ်ဥမ္မာခင်	ဒါရိုက်တာ	[၁၂/မရက(နိုင်)၀၂၃၆၄၃]	အမှတ်(၉၂)၊ ဒုတိယထပ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်ရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။
ဦးအေးမင်း	ဒါရိုက်တာ	(BTHG-000925)	အမှတ်(၉၂)၊ ဒုတိယထပ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်ရှေ့ရပ်ကွက် မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။
ဦးဝင်းမင်း	ဒါရိုက်တာ	[၁၂/မရက(နိုင်)၁၀၂၅၁၄]	အမှတ်(၉၂)၊ ဒုတိယထပ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်ရှေ့ရပ်ကွက် မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။

သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် မြန်မာစန်းသီအောင်စက်မှုထုတ်လုပ်မှုကုမ္ပဏီတို့သည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်အရှေ့ခြမ်း၊ သပြေပင်ဒေသရှိ ရွှေသတ္တုအကြီးစားလုပ်ကွက်(C)အား ၈-၅-၂၀၁၂မှ ၇-၅-၂၀၁၇ရက်အထိ ခွင့်ပြုသက်တမ်း (၅)နှစ်အတွင်း မိမိတို့ဆန္ဒအရ ပုတ်ပြတ်စနစ်ဖြင့် နိုင်ငံတော်သို့ ရွှေစင်(၃)မက်ထရစ်တန် ပေးသွင်းလုပ်ကိုင်လိုကြောင်း တင်ပြလျှောက်ထားမှုအရ နှစ်ဖက်သဘောတူ စာချုပ်ချုပ်ဆိုလုပ်ကိုင်ခဲ့ပါသည်။

သို့ရာတွင် ကုမ္ပဏီအနေဖြင့် နိုင်ငံတော်သို့ ပေးသွင်းရမည့်ကာလအလိုက် ရွှေစင်များ ထုတ်လုပ်ပေးသွင်းနိုင်မှုမရှိခြင်း၊ အကြီးစားထုတ်လုပ်မှု လုပ်ငန်းများနှင့် လျော်ညီစွာဆောင်ရွက်ထားမှုမရှိခြင်း စသည့်စည်းကမ်းသတ်မှတ်ချက်တို့ကိုလိုက်နာမှုမရှိဘဲ ပျက်ကွက်ဖောက်ဖျက်ခဲ့ခြင်းတို့ကြောင့် စာချုပ်ပါစည်းကမ်းများအရ ၃၁-၈-၂၀၁၃ရက်တွင် လုပ်ကွက်ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ရက်ပေါင်း (၉၀)ကြိုတင်သတိပေးခဲ့ပြီးနောက် သတ်မှတ်ရက်ပြည့်သည့်နေ့တွင် စာချုပ်ပါစည်းကမ်းအရ နှစ်ဖက်သဘောတူစာချုပ်အား ရပ်စဲ၍ လုပ်ကွက်ပိတ်သိမ်းခဲ့ပြီးဖြစ်ပါသည်။

သို့ပါ၍ ကုမ္ပဏီသို့ထုတ်ပေးထားသောထုတ်လုပ်မှုနှင့် အကျုံးဝင်မှုမရှိတော့သည့် ခွင့်ပြုမိန့် (Permit)မူရင်းနှင့် စာချုပ်မူရင်းများအား ကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အမှတ်(၂)သတ္တုတွင်းလုပ်ငန်းသို့ အမြန်ဆုံးမပျက်မကွက် ပြန်လည်အပ်နှံသွားရန်နှင့် ဆက်လက်ကိုင်ဆောင်ထားခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်းနှင့် အလွဲသုံးစားပြုလုပ်ခြင်းတို့ကို တွေ့ရှိပါက တရားဥပဒေအရ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးအကြောင်းကြားအပ်ပါသည်။

အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၇/၂၀၁၄)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	မှတ်ချက်
(၁)	IFB-207(13-14)	5KW Diesel Engine Driven Generating Set	US$
(၂)	IFB-208(13-14)	Maintenance Requirement for Pipeline Centre(PLC-Daw Nyein)	US$
(၃)	IFB-209(13-14)	Universal Fuel Pump Test Stand	US$
(၄)	IFB-210(13-14)	Spares for CAT D 3512 Dita & CAT D 3406 C Engine	US$
(၅)	DMP/L-068(13-14)	Spares for Komatsu Dozer	KS
(၆)	DMP/L-069(13-14)	315/80 R 22.5 Tubeless Tyres	KS
(၇)	DMP/L-070(13-14)	Cylinderical Roller Bearings for FA-1600 Mud Pump	KS
(၈)	DMP/L-071(13-14)	1 1/4" Pitch Quardruble Chain & Offset Link	KS
(၉)	DMP/L-072(13-14)	Fuel Bowser(3200 Gals Capacity)	KS
(၁၀)	DMP/L-073(13-14)	Electronic Private Branch Exchange and Telephones	KS

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၈-၄-၂၀၁၄ရက် ၁၆:၃၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆



တွေ့ဆုံညှိနှိုင်းဆွေးနွေးလိုပါသဖြင့် အမြန်ဆုံးဆက်သွယ်ပါရန်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ၃၉(အေ) အမှတ်-၂၁၈ မြေကွက်(အိမ်ပါ)နှင့် စပ်လျဉ်း၍ ယခုသက်ဆိုင်မှုရှိသောသူသည် မြေကွက်အမည်ပေါက်ဖြစ်သူ ဦးကင်းလုံ၏ဇနီးဖြစ်သူ ဒေါ်စန်းနွဲ့နှင့် အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ပါရန် အကြောင်းကြားပါသည်။ (၁၀)ရက်အတွင်း ဆက်သွယ်ခြင်းမရှိပါက ယင်းမြေကွက်နှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းများအတိုင်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ

၀၉-၇၃၁၅၃၁၁၃၊ ၀၉-၇၃၀၄၃၅၄၉၊ ၀၉-၄၄၉၂၄၉၆၅၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၇/အရှေ့၊ မြေကွက်အမှတ်-၁၄၀/ခ၊ မြေကွက်တည်နေရာအမှတ်-၁၄၀/ခ၊ ယုဇနလမ်း၊ (၇/အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးတင်ပိုင်)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးတင်ပိုင် (ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူဒေါ်မြရင်[၁၂/သကတ(နိုင်)၀၈၂၀၃၉]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ စံပယ်လမ်း၊ တိုက်အမှတ်(၈)၊ (၇)လွှာ၊ (ခေါင်းရင်းခန်း)အား ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်လေးရီ [၁၂/အလန(နိုင်)၀၁၈၆၆၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုလျှင် (၅)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စန်းမြင့်၊ B.A(Law),LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၆၉)
အခန်းအမှတ်(၁+၂)၊ Shop House၊
မြကန်သာလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၂၇၃၁၄၊ ၀၉-၄၃၀၈၄၃၂၃

[illegible]

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်သန်းနွဲ့
အသက်(၈၀)
(ဓနုဖြူမြို့နယ်အသင်းဝင်)

လှားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးမှ အရိုးအထူးကုဆရာဝန် ဒေါက်တာ တင်ကိုကို(ဓနုဖြူမြို့နယ် အသင်းဝင်)၏မိခင် ဒေါ်သန်းနွဲ့သည် ၂၃-၃-၂၀၁၄ ရက်(တနင်္ဂနွေနေ့)တွင် ဓနုဖြူမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်)

(၁၂)နှစ်မြောက်လွမ်းဆွတ်သတိရခြင်း
ဒေါ်သီ
အသက်(၆၉)နှစ်
ရွှေမန်းမုန့်တိုက်၊ စကုမြို့၊ ဆင်ဖြူကျွန်းမြို့၊ မကွေးတိုင်းဒေသကြီး
ရွှေမန်းစားသောက်ဆိုင်၊ (ရွှေစက်တော်ဘုရား)

အချစ်ဆုံး ကျေးဇူးရှင်မေမေ ခင်ပွန်း၊ သားသမီးမြေးများကို ခွဲခွာသွားသည်မှာ ၂၉-၃-၂၀၁၄ ရက်တွင် (၁၂)နှစ်ပြည့်မြောက်ပြီ ဖြစ်သော်လည်း တစ်နေ့မှ မေ့မရနိုင်ပါ။ မေမေ့အတွက် ရည်စူး၍ အားလုံးပြုသမျှ ကုသိုလ်ကောင်းမှုများကြောင့် မြင့်မြတ်အေးချမ်းတဲ့ ဘုံဘဝကနေ အေးချမ်းစွာ သာဓု အနု မောဒနာခေါ် ဆိုနိုင်ပါစေ။

ချစ်မေမေရေ အမျှ- အမျှ- အမျှ---

ချစ်ခင်ပွန်း - **ဦးအိတင်**
ချစ်သားကြီး - **ဦးကြည်မြင့်-ဒေါ်ကြူကြူ**
ချစ်သမီးကြီး - **ဦးတင်ဝင်း-ဒေါ်အေးအေးမြင့်**
ချစ်သားလတ် - **ဦးတင်မြင့်-ဒေါ်ဖြူဖြူ**
ချစ်သားငယ် - **ဦးစိန်မြင့်-ဒေါ်စန္ဒာမြိုင်**
ချစ်သမီးထွေး - **ဦးကျော်မြင့်ဦး- ဒေါ်လဲ့လဲ့ခိုင်**

မြေကြီးသြဇာလှရူပါ
နိစ္စဒဏ်ရ ဥမ္မာအလှ
ကောင်းရာသုဂတိ
လားစေရန် တောင်းဆုခြွေလျက်--

ကိုကြည်ဦး
၂၉-၃-၂၀၁၄

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မိုရင်း(ခ)ဒေါ်ခင်သန္တာ
အသက်(၆၁)နှစ်

ဦးကိုကိုလေး(အထွေထွေမန်နေဂျာ၊ ဒိုင်းမွန်းမာကျူရီ ကုမ္ပဏီလီမိတက်)၏ ချစ်လှစွာသောဇနီး ဒေါ်မိုရင်း(ခ)ဒေါ်ခင်သန္တာသည် ၂၆-၃-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅း၅၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Diamond Mercury Group of Companies

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ (၁၀/တောင်)ရပ်ကွက်မှ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆၈/၁)၊ မြေကွက်အမှတ်-၁၄၉/ခ ရရှိသူ ဦးမောင်မောင်တင်[၁၂/သကတ(နိုင်)၀၆၂၁၁၆]၏ မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါ၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅) ရက်အတွင်း ဤဦးစီးဌာနသို့ စာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၇)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်(၅/ ကြည်စု) မြေကွက်အမှတ်(၃၉၆)၊ မြေကွက်တည်နေရာအမှတ်(၃၉၆)၊ သမ္မစိတ္တ(၁)လမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်ငွေရိန် အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ငွေရိန်(မိခင်)နှင့် ဦးမောင်သိုက်(ဖခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးရဲထွဋ်[၁၂/ဒပန(နိုင်)၀၀၆၂၈၂]၊ ဦးမြတ်ကို[၁၂/ဒပန(နိုင်)၀၀၅၉၇၃]၊ ဦးဇော်ဝင်းစိုး[၁၂/ဒပန(နိုင်)၀၀၅၉၇၄]တို့မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျေးဇူးတင်ရှိခြင်း

ဦးလှဖေ အသက်(၈၆)နှစ်သည် ၂၂-၃-၂၀၁၄ (စနေနေ့) တွင် ကွယ်လွန်၍ ၂၄-၃-၂၀၁၄ (တနင်္လာနေ့) မီးသင်္ဂြိုဟ် ပို့ဆောင်စဉ် လိုက်ပါပို့ဆောင်သူအားလုံးအား လည်းကောင်း၊ ၂၈-၃-၂၀၁၄ (သောကြာနေ့) ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်လာကြသော မိတ်သင်္ဂဟအပေါင်းနှင့် အဘိုးနာမကျန်းဖြစ်စဉ် အထူးဂရုပြုကုသပေးခဲ့ကြသည့် ဝိတိုရိယ ဆေးရုံနှင့် အမှတ်(၁) တပ်မတော်စစ်ဆေးရုံ ခုတင်(၁၀၀၀)တို့မှ ကျေးဇူးတင်ထိုက်သူအားလုံးအား အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

အမည်ပြောင်း ဒေါ်ကျင်ဆန်း၏သမီး မမြတ်ဖြူဖြူစံအား ယနေ့မှစ၍ မဆုစုစံဟု ပြောင်းလဲခေါ်ဆိုပါရန်။

သွေးသည်အသက်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၁၇၇)၊ မြေကွက်တည်နေရာအမှတ်(၁၇၇)၊ တကောင်း(၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ခင်လေး အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်လေးနှင့်ခင်ပွန်း ဦးမောင် ကွယ်လွန်သဖြင့် ဒေါ်မြင့်မြင့်[၁၂/ဥကတ(နိုင်)၀၉၇၉၅၀]မှ သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁-ရွှေပေါက်ကံ)၊ မြေကွက်အမှတ်(၁၇၁)၊ မြေကွက်တည်နေရာအမှတ်(၁၇၁)၊ (၁၁-ရွှေပေါက်ကံ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒေါ်ခင်ပြုံးရီ[၁၂/မဂဒ(နိုင်)၀၁၀၅၀၀]အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ခင်ပြုံးရီထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်တင်တင်ဝေ[၁၂/မဂဒ(နိုင်)၀၅၀၁၃၇]မှ ပါမစ်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်/ရဲစခန်းထောက်ခံချက် ကျမ်းကျိန်လွှာတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် (ဂရန်သစ်)လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၁၈၀၅/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၈၀၅/ခ) စည်ပင်လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊ ဦးပန်းစိန်(S/OKA-၀၇၀၄၃၇) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးပန်းစိန်ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ယုယုနိုင်[၁၂/သကတ(နိုင်)၀၆၂၆၆၃]မှ ပါမစ်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ ဌာနဝန်ခံချက်နှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်ဂရန်သစ် လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)ထူပါရုံ၊ မြေကွက်အမှတ်(၁၅၁၉/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၅၁၉/ခ)၊ ထူပါရုံ(၁၆)လမ်းအရှေ့၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးစံရင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဦးစံရင်(ဖခင်)၊ ဒေါ်ရင်မေ(မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ဦးမောင်မြင့်[၁၂/သကတ(နိုင်)၀၉၃၃၈၃]၊ ၂။ဦးမောင်ချစ်[၁၂/သကတ(နိုင်)၀၉၄၈၁၂]၊ ၃။ဦးချစ်လွင်[၁၂/သကတ(နိုင်)၀၅၀၉၉၈]မှ သေစာရင်း၊ ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

[illegible]

စဉ်	အမည်	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]

[illegible]

အရွယ်မရောက်သေးသူ သူငယ်ကို အုပ်ထိန်းသူ လူကြီးအဖြစ် ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ
အုပ်ထိန်းသူ လူကြီးနှင့် အုပ်ထိန်းခံရသူ လူငယ်တို့ အက်ဥပဒေပုဒ်မ-၁၁
ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး
၂၀၁၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ် -၅၅

ဒေါ်ငွေးငွေးနိုင် **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်၊ (၁၀)လမ်း၊ (C)ဘလောက်၊ တိုက်(၃)၊ အမှတ်(၃၀၄)နေ အရွယ်မရောက်သေးသောသူငယ် မောင်မျိုးသီဟဝင်း ၎င်းပိုင်သောပစ္စည်းအကြောင်း အထက်အမည်ပါ လျှောက်ထားသူ ဆိုခဲ့သော အရွယ်မရောက်သေးသူ၏ ကိုယ်နှင့် ပစ္စည်းအတွက် အုပ်ထိန်းသူ လူကြီးအဖြစ် ၎င်းအား ခန့်ထားပေးပါမည်အကြောင်းနှင့် လျှောက်ထားလာရာ ၎င်းလျှောက်လွှာကို ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၃ရက် (၁၃၇၆ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်) နံနက် ၁၀နာရီတွင် ကြားနာစစ်ဆေးရန် ချိန်းဆိုထားသောကြောင့် ဆိုခဲ့သော အရွယ်မရောက်သေးသူ၏ အခြားဆွေမျိုးများ၊ နီးစပ်သူများ၊ သို့မဟုတ် ကောင်းကျိုးကိုလိုလားသူ မည်သူတစ်ဦးတစ်ယောက်မဆို ဆိုခဲ့သော အရွယ်မရောက်သေးသူနှင့် ၎င်းပစ္စည်းအတွက် အုပ်ထိန်းသူ လူကြီးအဖြစ်ခန့်ထား သို့မဟုတ် ကြော်ငြာစေခြင်း အဆိုရှိလျှင် ၎င်းသူလည်း ဆိုခဲ့သော နေ့ရက်တွင် ဤအနောက်ပိုင်းခရိုင် တရားသူကြီးမှ ခန့်ထား သို့မဟုတ် ကြော်ငြာစေခြင်းငှာ ၎င်း၏ တောင်ဆိုချက်ကို ထောက်ခံရန်အတွက် ၎င်းက တင်သွင်းလိုသည့် စာချုပ်စာတမ်း သက်သေခံနှင့် နှုတ်သက်သေခံမည့် မည်သူမဆို ထိုနေ့တွင် တင်သွင်းရန် အသင့်ရှိရမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၁၄ခုနှစ်၊ မတ်လ ၂၄ရက်တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လဲ့လဲ့အေး)
ဒုတိယခရိုင်တရားသူကြီး(၂)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ
(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ပုသိမ်ခရိုင်တရားမရုံး၌
၁/၉ ၂၀၁၄ ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ်-၅
ကွယ်လွန်သူ ဒေါ်မြင့်မြင့်သန်း၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း

ဦးလှမြင့် **လျှောက်သူ**

အမှတ်-၁၆/က၊ ဗိုလ်ဘငွေးဖြတ်လမ်း၊ အမှတ်(၄)ရပ်ကွက်၊ ပုသိမ်မြို့နေ ဦးလှမြင့်က ကွယ်လွန်သူ ဒေါ်မြင့်မြင့်သန်း၏ ခင်ပွန်းဖြစ်သည်ဟူ၍ အမှတ်-၁၆/က၊ ဗိုလ်ဘငွေးဖြတ်လမ်း၊ အမှတ်(၄)ရပ်ကွက်၊ ပုသိမ်မြို့နေ ၎င်းကွယ်လွန်သူ ဒေါ်မြင့်မြင့်သန်းမှာကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်မြင့်မြင့်သန်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၁/၉ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၄ရက်(၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၅ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဦးလှမြင့်၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့်မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၁/၉ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၁ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သန်းသန်းရီ
ဒုတိယခရိုင်တရားသူကြီး(၂)
ပုသိမ်ခရိုင်တရားရုံး

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

ဦးဟုတ်ကြိုင်(အလင်းရောင်) (၉၆)နှစ်

(မြောင်းမြ)

မြောင်းမြမြို့၊ အောင်ဆန်းလမ်း၊ (၄)ရပ်ကွက်၊ အမှတ်(၁၉၈)နေ (ဦးအေးရ-ဒေါ်ကျင်လှိုင်)တို့၏ သား၊ (ဦးမြကြွယ်-ဒေါ်ဝဲပု)တို့၏ သားသမက်၊ ဒေါ်ဝင်းကြည်၏ခင်ပွန်း၊ ဦးစိုးလင်း- Dr. ဒေါ်ခင်ခင်အေး၊ မမျိုးမျိုး၊ ကိုဉာဏ်ထွန်း၊ ကိုခင်မောင်တိုး၊ ကိုညီညီလင်း၊ မမိုးမိုးကြိုင်တို့၏ ချစ်လှစွာသောဖခင်ကြီး ဦးဟုတ်ကြိုင် (အလင်းရောင်ပွဲရုံ၊ မြောင်းမြ)သည် ၂၈-၃-၂၀၁၄(သောကြာနေ့) နံနက် ၃း၃၀ နာရီတွင် ပန်းလှိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

ဦးဟုတ်ကြိုင်(အလင်းရောင်) (၉၆)နှစ်

(မြောင်းမြ)

ဦးညီညီလင်း၏ ချစ်လှစွာသောဖခင် ဦးဟုတ်ကြိုင်(အလင်းရောင်)သည် ၂၈-၃-၂၀၁၄ရက် နံနက် ၃း၃၀ နာရီတွင် ပန်းလှိုင်အထူးကုဆေးရုံ၌ ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတိယဗိုလ်မှူးကြီးအောင်နိုင်(ငြိမ်း)
ညွှန်ကြားရေးမှူး(နိုင်ငံတော်သမ္မတရုံး)
ရဲမှူးကြီးဇော်မိုးသန်း
ဦးအောင်ဦးကျော်(ပြည့်တိုးဟိုတယ်)
ဗိုလ်မှူးခင်အောင်(ငြိမ်း)
ဗိုလ်မှူးဟိန်းမြတ်ကျော်(ငြိမ်း)
ဦးဆေးနိုင်(ဘုရင့်နောင်)၊ ဦးထွန်းထွန်း
ဦးဇော်ဝင်း၊ ဦးဇော်လင်း(မန္တလေး)

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးအောင်လှိုင် အသက်(၇၀)

(ကုန်သွယ်လယ်ယာ/ငြိမ်း)

ရန်ကုန်မြို့၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ခဝဲခြံ(၁)လမ်း၊ အမှတ်(၅၈၁)နေ (ဦးမောင်စိန်-ဒေါ်ကောက်ပို့)တို့၏သား၊ (ဦးမန်းတင်ညွှန့်-ဒေါ်စောစီ)တို့၏သားသမက်၊ ဦးမောင်မြ-ဒေါ်သန်းခင် (မေဟွား-စတိုး)၊ ဦးအေးသောင်း-ဒေါ် သိန်းသိန်းအေး၊ ဦးအောင်နိုင်-ဒေါ်မင်နီစိန်တို့၏အစ်ကို၊ ကိုစသိမ်ထီ(ခ)ကိုဒဲလေး(ခေတ္တ-စင်ကာပူ)-မပွင့်မှုံဦး (ခေတ္တ-စင်ကာပူ)၊ မနန့်စုစုလှိုင်(ခ)မမိစု (Carnival Dream)၊ မနန့်နေဇာလှိုင်(ခ)ငယ်ငယ် (Carnival Dream)တို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသဖခင်၊ ဒေါ်နန့်ဂျူးမေ(ခ)နန့်မူဖလုံ(ကုန်သွယ်/လယ်ယာ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း ဦးအောင်လှိုင်သည် ၂၇-၃-၂၀၁၄ (ကြာသပတေးနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားပါကြောင်း။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်မြင့်မြင့်ကြည် အသက်(၆၀)

(MITS -ငြိမ်း)

